www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

## ပန်းသီးမက်ဆေ့ချ်

စိစဉ်သူ - ဦးအောင်စိုး (မှဲ့)


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၀၇၀၅၁၁

အဖုံးခွင့်ပြုချက်အမှတ် -

ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ညြဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးပန်းချီ - စောမင်းဝေ

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အတွင်းဖလင် - ကိုပေါက်

မျက်နှာဖုံးဖလင်နှင့်ကာလာခွဲ - စိန်နဂါး

စာအုပ်ချုပ် - ကိုစိုးနိုင်နှင့်အဖွဲ့

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၁၊ ဇွန်လ။

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၀၀ ကျပ်

ဖြန့်ချိရေး — **ခုနစ်စဉ်ကြယ်စာပေ**

အမှတ် ၁၇၅(B)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၀၉ ၈၃၀၅၁၆၆၄



၈၉၅.၈၃

မိုးစက်ပိုင်

ပန်းသီးမက်ဆေ့ချ် / မိုးစက်ပိုင် ။ - ရန်ကုန်၊
သိန်းမင်းစာပေ ၊ ၂၀၁၁ ။
၁၇၅ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ပန်းသီးမက်ဆေ့ချ်


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# ဦးဓါဂိုင်

## ပန်းသီးမက်ဆေ့ချ်

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ပြီးလုံးချင်းဝတ္ထုများ


၁။ ချစ်သူရေးတဲ့ ရည်းစားစာ (ဗွီဒီယို)

၂။ ချစ်သူဝှက်တဲ့ ခေတ်သစ်ဒေင်

၃။ ချစ်သူပြောတဲ့ ရည်းစားစကား (ဗွီဒီယို)

၄။ အပျိုစင် (ဗွီဒီယို)

၅။ ချစ်လို့ (ဗွီဒီယို)

၆။ အိပ်မက်အက်ဆေး

၇။ ဟန်းနီးမွန်း (ဗွီဒီယို)

၈။ ရှုပ်ပါဆန်းဒေး (ဗွီဒီယို)

၉။ ဖူးစာကွန်ရက်

၁၀။ ချစ်သူဒိုင်ယာရီ


### ယခုလ


၁၁။ ပန်းသီးမက်ဆေ့ချ်


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

တကယ်တော့
ဒီအဖြစ်အပျက်တွေဟာ
ပန်းသီးလေးတစ်လုံးကနေ စခဲ့တာပါ...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ဒီနေ့သည် ဆောင်းသစ်အတွက် အားလပ်ရပ်ဖြစ်သည်။ ဒီနေ့အား
သည်ဟုဆို၍ အရင့်အရင်နေ့တွေက အလုပ်ရှုပ်နေသည်လည်းမဟုတ်။ ပြော
ရလျှင် ကျောင်းပြီးကတည်းက ဆောင်းသစ်အားနေခြင်းဖြစ်သည်။

သို့သော်လည်း ...

မိဘကျွေးသောထမင်းကိုစားပြီး အိမ်မှာ အေးအေးဆေးဆေး မနေ
ချင်သည့် ဆောင်းသစ်က ခေတ်သစ်အဌာရသပညာတွေ တတ်ထားရမည်ဟု
အမြင်ကျယ်ကျယ်တွေးကာ ဝါသနာတူ သူငယ်ချင်းများနှင့် စပ်မိစပ်ရာ
သင်တန်းများကို လိုက်တက်နေပါသည်။

ဒီနေ့ ... ဘယ်သင်တန်းမှမရှိသော အားလပ်ရက်။ ထို့ကြောင့်
ဘယ်သွားပြီး ဘာလုပ်လျှင် ကောင်းမလဲဟု စဉ်းစားနေမိ၏။ အဖြေ
မရသေး။ အိမ်မှာလည်း ငြိမ်ကုပ်ကာ မနေချင်ချေ။ ဒီအချိန် ရည်းစားလေး
တစ်ယောက်လောက် လက်ဝယ်ပိုင်ပိုင်ရှိပါက ဒိတ်လုပ်ပြီး သွားလန်းနေလို့



www.burmeseclassic.com

www.burmeseclassic.com



ည်ပဲဟူ၍ အားမလို အားမရ ထပ်တွေးမိသည်။ ပိုပြီးမချင့်မရဲဖြစ်မိသည် သူ့တွင် ရည်းစားဆိုလို့ မူးလျှင် ရစ်စရာပင်မရှိ၊ အားပင်ငယ်မိသေးသည်။

အိမ်ထဲပြေးဝင်ကာ "ရည်းစားလေးတစ်ယောက်တော့ လိုချင်တာ ငါ့မှာလည်း အသည်းနဲ့ ချစ်တတ်ပါတယ်" ဆိုသည့်သီချင်းကိုသာ ရာအိုကေစက်ဖွင့်ပြီး အော်ဆိုနေဖို့သာ ကောင်းတော့သည်။ သို့သော် ည်း ပေါ်တောတောဖြစ်နေမှာစိုး၍ မလုပ်ဖြစ်တော့။

ထိုသို့ ဟိုတွေးဒီတွေးတွေးရင်းကပင် မနေ့ညက မက်သောအိပ် မက်ကို ပြန်သတိရကာ ပြုံးမိသွား၏။ ငါ ဒီအရွယ်အထိ ရည်းစားမထားခဲ့ ဒီအိပ်မက်မျိုးမက်တာလားဟု ကိုယ့်ထူကိုယ်ထစဉ်းစားနေစဉ်မှာပဲ . . .

"သေစ်ရေ . . . သေစ်"

"ဟော့ကောင် . . . အိမ်ထဲမှာလား"

အော်ခေါ်သံတွေက နားထဲသို့ တိုးဝင်လာကြသည်။ ဘယ်သူတွေ ဲဟု အထူးစဉ်းစားစရာမလိုချေ။ ကိုယ့်လိုပင် အားယားနေသော တိုးတိုး နှင့် ဖြိုးလေးတို့ဆိုတာ သိပြီးသား။

ထင်သည့်အတိုင်း အိမ်ထဲသို့ ဝင်လာကြသည်။ ဝင်လာကတည်းက ကောင်းဝင်လာခြင်းမဟုတ်။ လေးဖက်ထောက်ပြီး ခွေးလို (တစ်နည်း) က်နှစ်ဖက်ထောက်ကာ ကင်းမီးကောက်လို ပြောင်းပြန်ကြီး (တစ်နည်း) နီးကောင်တွေလို ဘေးတိုက် (တစ်နည်း) ဝင်လာခြင်းမျိုးလည်း မဟုတ် ကုလားသိုက် ကျားဝင်ကိုက်သလို ဆူညံပွက်လောရိုက်ပြီး ဝင်လာကြ ခြင်းဖြစ်သည်။

ဆောင်းသစ်က ထိုနှစ်ကောင်ကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး "ဘယ်လိုဖြစ်လာကြတာလဲကွာ၊ ဆူညံဆူညံနဲ့ ဒါ သာလေယံဇရပ် ဟုတ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်ပီပီ ဆီးဟောက်ပစ်လိုက်သည်။ ထိုအခါမှ ဒင်းတို့က လခမှန်မှန်မပေးနိုင်သည့် အိမ်ငှားတွေလို ကိုယ်ရှိန်သတ်လိုက်ကြရင်း ...

"မင်းကလည်းကွာ ... ငါတို့က အကြောင်းအရာတစ်ခုကို ဆွေးနွေးလာကြတာ သေစ်ရ"

အရေးထဲ တိုးတိုးက ကြီးကျယ်နေသေးသည်။ ဖြိုးလေးကလည်း

"သေစ် ... မင်းရော ပါဝင်ဆွေးနွေးဦးမလား"

"ပြောစမ်းပါဦး ... မင်းတို့က ဘာအကြောင်းအရာကိုများ အကျယ်တဝင့် ဆွေးနွေးငြင်းခုံလာကြတာလဲ"

ဆောင်းသစ်စကားအဆုံးမှာ တိုးတိုးက မျက်နှာထားကို တည်လိုက်ပြီး ...

"ဒီလို သေစ်ရ ... ငါတို့နှစ်ယောက် မင်းဆီကို လာရင်းနဲ့ လမ်းမှာ ခရုတစ်ကောင်တွေ့တယ်"

"ဘယ်လို ... ခရု ဟုတ်လား"

ဆောင်းသစ်အမေးကို တိုးတိုးကပဲ ...

"အေးလေ ... ဟိုကွာ ခနောက်ပိုင်း ငါတို့ဆီမှာ မျိုးပွားလာတဲ့ ခရုကျားကြီးတွေလေ၊ စားလို့လည်း မရဘူး၊ လူကို အန္တရာယ်ဖြစ်စေနိုင်တယ်ဆိုတာ"

"သိပါပြီ၊ ဘာလဲ ... ခု ငါတို့နိုင်ငံမှာ ခရုတုတ်ကွေးဖြစ်နေကြလို့လား"

"ဟာကွာ ... ဘယ်က ခရုတုတ်ကွေးဖြစ်ရမှာလဲ၊ ပြောတာကို ဆုံးအောင်နားထောင်ပါဦး"

ဆောင်းသစ် ငြိမ်နေလိုက်သည်။ ခရုတုတ်ကွေးမဟုတ်လည်း ကိစ္စမရှိချေ။ ခုတစ်လော ကြက်ငှက်တုတ်ကွေးတွေက နေရာအနှံ့မှာ ဖြစ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



မို့ မေးလိုက်ရခြင်းဖြစ်သည်။

တိုးတိုးက စကားဆက်လာသည်။

"အဲဒါကွာ ... ငါက လမ်းပေါ်မှာတွေ့တော့ သတ္တဝါဆိုတာ လူ ချွတ်မှ ကျွတ်တယ်ဆိုပြီး တက်နင်းပစ်လိုက်တယ်၊ အဲဒါကို ဒီကောင်ဖြိုးလေး က မင်းချွတ်လို့ မဟုတ်ဘူးတဲ့၊ သူဟာသူ သေနေ့စေ့လို့ သေတာလို့ ပြောတယ်"

ထိုအချိန်မှာပဲ ဖြိုးလေးက စကားဖြတ်၍ ...

"ဟုတ်တယ်လေ၊ သေနေ့စေ့တဲ့ ခရုက မင်းမနင်းလည်း တခြား တစ်ယောက်နင်းမိမှာပဲ၊ ဒါမှမဟုတ် ကားကြိတ်ခံရပြီး သေမှာပဲ၊ သူ့မှာ ဒီ လောက်ပဲ နေဖို့ကံပါလာတာလေ"

ထိုသို့ဆိုပြန်တော့လည်း တိုးတိုးက မခံနိုင်ပြန်ချေ။ ချက်ချင်းပင်

"မဆိုင်တာကွာ၊ ဉပမာ ... ငါ မနင်းလိုက်ဘူးဆိုရင် အဲဒီခရုက သွားရင်းနဲ့ လမ်းတစ်ဖက်ကိုရောက်ပြီး အသက်ဆက်ရှင်နိုင်တာပဲ"

စိတ်ရှုပ်ရသည်။ ဘာမှမဟုတ်သောကိစ္စကို အသည်းအသန်ငြင်းနေ ကြခြင်းဖြစ်၏။ ပြဿနာအတိမ်အနက်က ကုလသမဂ္ဂမဟာမင်းကြီးရုံးထိပင် သွားပြီး အဆုံးအဖြတ်ခံယူရမည့်အလား။

မနေနိုင်သော ဆောင်းသစ်ကပဲ ကြားဝင်ရတော့သည်။

"ကဲပါကွာ ... မင်းတို့ပြဿနာကို ငါ ရှင်းပေးမယ်၊ အမှန်တော့ တိုးတိုး ချွတ်လိုက်လို့ ဒီခရု ကျွတ်သွားတာလည်း မဟုတ်ဘူး၊ မင်းပြောသလို သေနေ့စေ့လို့လည်း မဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့ သေတာလဲ"

"ရှင်းနေတာပဲလေ၊ အနေအထိုင်မတတ်လို့ပေါ့၊ သူ့နေရာမှာ သူ မနေဘဲ လမ်းပေါ်တက်လာတာကိုး ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်သား ဘာပြန်ပြောရမည်မှန်းမသိဘဲ ပြူးပြူးပြဲပြဲ ပြန်ကြည့်လာသည်။ မဟုတ်ဟူ၍လည်း ငြင်းလို့မရသည်ကိုး။

ဆောင်းသစ်ကပဲ ဆက်လက်သွန်သင်ဆုံးမလိုသောပုံစံမျိုးနှင့် ချောင်းတစ်ချက်ဟန့်ကာ ...

"ဒီနေရာမှာ ကြုံလို့ မင်းတို့ကို ပြောပြဦးမယ်"

နှစ်ကောင်စလုံး မျက်မှောင်ကြုတ်သွားကြ၏။ ဆောင်းသစ်ဆိုသော လဒသည် သူ့အပြော သူ့ဆင်ခြေနှင့်သူ ဟုတ်နေသည့်ကောင်မို့ အသာနား ထောင်နေလိုက်သည်။

ဆောင်းသစ်က ...

"အဟဲ ... ကလေးမွေးတဲ့ကိစ္စဆိုပါစို့၊ မွေးနေ့ဆိုတာ အရေးကြီး တယ်မဟုတ်လား၊ နာမည်ပေးတာတို့, ဗေဒင်တွက်တာတို့ဆိုရင် မွေးနေ့ကို အခြေခံပြီး လုပ်ရတာလေ"

"နေစမ်းပါဦး ... မင်းက ဘာကိုပြောချင်တာလဲ"

"လာမယ်လေ ... ပိုက်ဆံရှိတဲ့လူတွေက သူတို့သားသမီးတွေကို ဘယ်နေ့ဘယ်ရက်သားမှ လိုချင်တယ်ဆိုပြီး ဗိုက်ခွဲမွေးကြတယ်၊ အဲဒါဆိုရင် ကလေးရဲ့တကယ့်မွေးရမယ့်ရက်အမှန် ဖြစ်ပါ့မလား၊ ဒါပေမဲ့ ခုနက ဖြိုးလေး ပြောသလိုဆိုရင် သူမွေးနေ့ဖြစ်လို့ မွေးကို မွေးသွားတယ်လို့ ပြောရမလို ဖြစ်နေပြီ"

စကားအဆုံးမှာပဲ တိုးတိုးက ...

"ကဲ ... ဒါဆိုရင် အဲဒီကိစ္စကိုတော့ မင်း ဘယ်လိုမြင်လဲ၊ ကလေး အပြင်ရောက်လာတာကိုလေ"

ခေါင်းတဆတ်ဆတ်ညိတ်ပြီးမှ ဆောင်းသစ် တိတိကျကျ ပြောချ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းနေတာပဲလေ၊ အနေအထိုင်မတတ်လို့ပေါ့"

"ဘာ"

"ဟုတ်တယ်လေ၊ လူကြီးတွေ အနေအထိုင်မတတ်လို့ ဒီကလေးက ဒီလိုဖြစ်လာတာပဲ မဟုတ်လား"

"ဟာကွာ"

အနီးအနားမှာ တိုင်မရှိပါဘဲ နှစ်ကောင်စလုံး တိုင်ပတ်သွားကြသည်။ ဆောင်းသစ်ဆိုသောကောင်သည် သူ့စကား သူ့ဆင်ခြေနှင့်သူ ဟုတ်နေသည့် တေ်ဟူ၍လည်း အထက်က ဆိုခဲ့ပြီးပြီ။

ထို့ကြောင့် ဆက်ရှင်းမနေတော့ဘဲ လျှော့ပေးလိုက်ရ၏။

"တော်ပါတော့ သေစ်ရာ ... မင်းရှင်းမှပဲ ပိုရှုပ်ကုန်ပြီ"

"အောင်မာ ... မင်းတို့ဘာသာ ရှုပ်လာတဲ့ကိစ္စကို ငါကလည်း ရှင်းပေးရသေး"

"ဟုတ်ပါပြီ ... မဟာသုခမိန်ရယ်၊ ကဲ ... ခုလိုအားတဲ့ရက်ကလေးမှာ တစ်နေရာကို လျှောက်လိမ့်ရအောင်ကွ"

ဖြိုးလေးစကားအဆုံးမှာ ဆောင်းသစ်က စဉ်းစားထားပြီးသားပုံစံနှင့် ...

"ငါ့မှာ သွားစရာရှိတယ်ကွ"

"ဟေ ... ဘယ်ကိုလဲ"

"ပန်းခြံကို"

"ပန်းခြံ ဟုတ်လား၊ ဘာလုပ်မလို့လဲ"

"အတွဲချောင်းမလို့"

"ဟာကွာ ... မကြီးမငယ်နဲ့ အတွဲချောင်းစရာလား၊ ရှက်စရာကြီး"

တိုးတိုးက ရှုပွပွပြောလာသည်။ ဆောင်းသစ်က တိုးတိုးအား ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



နလပိန်းတုံးကောင်ကြီးဟု ယူဆရသောအကြည့်ဖြင့် ...

"ဟော့ကောင် ... အတွဲချောင်းတယ်ဆိုတာ သူများတကာ အတွဲတွေကို ချောင်းဖို့ မဟုတ်ဘူးကွ"

"ဒါဆို ... ဘာကိုပြောတာလဲ"

"အဲဒါပဲ တိုးတို့၊ မင်းတို့ကို ဉာဏ်တုံးတယ်ပြောရင်လည်း မကြိုက်ဘူး။ အတွဲချောင်းမယ်ဆိုတာက ငါ့အတွက် လက်တွဲဖော်လေးများ ရှိမလားလို့ သွားချောင်းကြည့်မှာကိုပြောတာ၊ ရှင်းပြီလား"

တိုးတိုး ခံလိုက်ရပြန်သည်။ သူ့စကားနှင့် ဟုတ်နေသော ဒင်းကို ဘယ်လိုချေပရမည်မှန်းပင် မသိတော့။

ထို့ကြောင့် ဒင်းစကားကိုပဲ ပြန်ကောက်ကာ အင်း ... ထိုသို့ပြောလျှင်လည်း မဟုတ်သေး။ စကားက လွတ်ကျသွားသည်မှ မဟုတ်ဘဲ။ စကားစဉ်အတိုင်း ပြောရလျှင် ဒင်းစကားအတိုင်း ဆက်စပ်ကာ ...

"ဩော် ... ဒါဆို မင်းက ရည်းစားထားချင်နေပြီပေါ့ ... ဒီလိုလား"

"မဟုတ်ဘူး၊ ချစ်သူရှာမှာ"

ခေါင်းကုတ်ရပြန်သည်။ တစ်ဆက်တည်းပဲ ဖြိုးလေးက ...

"ဟုတ်ပါပြီ သေစ်ရယ်၊ စကားကို ကောင်းကောင်းပြောစမ်းပါ၊ အာရုံမစားစမ်းပါနဲ့"

"ငါက ဘာလို့ အာရုံစားရမှာလဲ၊ အာရုံစားတယ်ဆိုတာ ဘုန်းကြီးတွေပဲရှိတယ်"

ဖြိုးလေး 'ဖု' သွားရ၏။ ခပ်တင်းတင်းပဲ ပြန်ပြောလိုက်မိသည်။

"တော်တော့ကွာ၊ ခု ... မင်း ပန်းခြံသွားမယ် မဟုတ်လား၊ အေး ... ငါတို့လည်း လိုက်မယ် ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... ဒါတော့ မောင်မင်းတို့သဘောပဲလေ၊ ကိုယ့်ခြေ
ထောက်နဲ့ကိုယ် လိုက်ပြီး ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝင်ကြေးပေးနိုင်ရင် လိုက်ခဲ့
ပေါ့"

"ရတယ်လေ၊ ဒါဆိုလည်း ကိုယ်တော်လေးက ရှေ့က ကြွချီတော်
မူပါ"

ရွှဲပြောလာသောစကားအဆုံးမှာပဲ ကိုယ်တော်မြတ် ဆောင်းသစ်က
တဟဲဟဲရယ်ကာ ...

"အိမ်း ... ဒါဆိုလည်း ကိုယ်တော့်နောက်က ခြေသုတ်ပုဆိုး
မြွေစွယ်ကျိုးတဲ့ပုံစံနဲ့ လိုက်ခဲ့ကြပေတော့ ငယ်ကျွန်ကြီးတို့"

"ခွေးကောင်"

နှစ်ကောင်သား ရေရွတ်ဆူပွက်ရင်း ဆောင်းသစ်နောက်ကနေ
လိုက်ရတော့သည်။ ထိုနေ့က ပန်းခြံထဲရောက်တော့ ...

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အာဒံနဲ့ဧဝတောင်
တားမြစ်ထားတဲ့ သစ်သီးကြောင့်
အချစ်ကြီး ချစ်ခဲ့ကြတာပဲ။
ကိုယ်လိုကောင်အတွက်တော့
အချစ်ဆိုတာ
လွတ်ကျသွားတဲ့ ပန်းသီးလေးတစ်လုံးလို . . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကရဝိတ်ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း) ထဲသို့ လျှောက်ဝင်လာကြရင်း ဆောင်းသစ်က သူ့အိပ်မက်ကို တဖွဲ့တနွဲ့ ပြောပြရန် ကြံစည်လိုက်သည်။

ထိုအတွေးနှင့်အတူ ကိုယ်ဒုက္ခပေးရမည့် သကောင့်သားနှစ်ကောင်ကိုလည်း မျက်နှာချိုလေး သပ်ပြီး ...

"ဒီလိုကွ ... ငါချစ်သူ ရှာချင်နေတယ်ဆိုတာကလည်း ညကမက်တဲ့အိပ်မက်နဲ့ ဆက်စပ်နေလို့ပါ"

တိုးတိုးက ချက်ချင်းပင် စောင်းငန်းငန်းကြည့်လာရင်း ...

"ဟော့ကောင် ... မင်းကို ဘယ်သူမှရိုက်မစစ်ဘူးနော်၊ ကိုယ့်ဟာကိုယ် ဝင်ကြေးသုံးရာပေးပြီး လွတ်လွတ်လပ်လပ် ဝင်လာတာ၊ နားဒုက္ခလာမပေးနဲ့"

"မင်းကလည်းကွာ ... နားထောင်ပေးစမ်းပါ၊ သူငယ်ချင်းအချင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်းပဲဟာကို''

ပြောပြချင်နေသော ဆောင်းသစ်က ညောင်နာနာအသံလေးနှင့် မျက်နှာကိုပါ အိုစာပြလိုက်သည်။

အမှတ်သည်းခြေမရှိသော ဖြိုးလေးက ဝင်ပြီး ...

''ကဲပါကွာ ... ဒီလောက်ပြောချင်နေရင်လည်း ပြောပါစေ၊ လွှတ်ထားလိုက်စမ်းပါ''

ခွင့်ပြုမိန့်ကျသွားသည်နှင့် ဆောင်းသစ်က သူ့အိပ်မက်ထုပ်ကို ကြိုးဖြေလေတော့၏။

''အိပ်မက်တော့ ညက မက်တာကွ၊ အိပ်မက်ထဲမှာ ကျူးပစ်ဆိုတဲ့ နတ်ရုပ်ကလေး ငါ့ဆီ ရောက်လာတယ်၊ ပြီးတော့ မေးတော့တာပဲ''

''ဘာလဲ ... မင်း ဘောလုံးပွဲတွေ ဒီလောက်ရှုံးနေတာ မမှတ်သေးဘူးလားလို့ မေးတာလား''

တိုးတိုးအပြောကို ဆောင်းသစ်က နှာခေါင်းရှုံ့ရင်း ...

''ထပ်တရီး ... ဘယ်ကလာ ဟုတ်ရမှာလဲ၊ အဲဒါက မင်းတို့ရပ်ကွက်ထဲက ဦးဝင်းတင်တို့၊ ဦးအောင်မြင့်တို့လို ဘီးကျဲတွေကို သွားပြောမှာ၊ နေစမ်းပါဦးကွာ ... ညက ငါ့ကို ကျူးပစ်က ပြောတယ် ... ဆောင်းသစ် မင်း ကျောင်းလည်းပြီးပြီ၊ အရွယ်လည်းရောက်နေပြီ ဘာဖြစ်လို့ ခုချိန်ထိ ချစ်သူတစ်ယောက်မှ မရှိသေးတာလဲတဲ့၊ ငါကလည်း ငါ့အကျင့်အတိုင်း အရွယ်ရောက်ပေမယ့် အမြီးမပေါက်သေးလို့ပေါ့ဗျာလို့ ပြောင်စပ်စပ် ပြန်ပြောလိုက်တယ်၊ အဲဒါကို သူက တင်းသွားလားမသိပါဘူး၊ ငါ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး မင်းကိုငါက ကူညီမလို့လာခဲ့တာ၊ ခု မင်းက မလေးစားဘူး၊ မင်းကို ဒဏ်ခတ်ရမယ်ဆိုပြီး ငါ့ရဲ့ဘယ်ဘက်နံရိုးတစ်ချောင်းကို ဆွဲခနဲ နှုတ်ယူလိုက်တာကွ''



www.burmeseclassic.com

www.burmeseclassic.com



စကားကို ခဏဖြတ်ထားပြီးမှ ဖီးလ်အပြည့်နှင့် ဆက်ပြောလိုက်သည်။

"ပြီးတော့ . . . သူက ဆက်ပြောသေးတယ်၊ မင်းနံ့ရှိုးကို မင်းဟာမင်း လိုက်ရှာတော့တဲ့၊ ဒီတော့ကွာ ချစ်သူထားချင်နေတဲ့ ငါက ငါ့ရဲ့ဘယ်ဘက်နံရိုးနဲ့ သွန်းဆစ်ထားတဲ့ လူသားမလေးကို လိုက်ရှာရတော့မှာပေါ့၊ ထပ်ပြောရရင် ဒီပန်းခြံကြီးသာ ဒေဝဉယျာဉ်သာဆိုရင်တော့ ငါ့ရဲ့ဧဝကလေးကို တွေ့ရမှာပေါ့ကွာ၊ ဟော့ကောင်တွေ ငါ စိတ်ကူးများယဉ်နေမိပြီလား . . . လား လား ဟင်"

ပြောရင်း ဘေးဘီကြည့်လိုက်ရာ တစ်ကောင်မှမရှိတော့ချေ။ ဘယ်အချိန်ကပဲ လစ်ထွက်သွားသည်မသိ။ တစ်ယောက်တည်း စကားတွေ ပြောသာမိသည့်အဖြစ်ကို တွေးကာ ရှက်လိုက်သည်ဖြစ်ခြင်း။

မှန်ထူသွားပြီး ဟိုခွေးကောင်နှစ်ကောင်ကို ပြန်ရှာရန်လှည့်အထွက်

'ဘုန်း'

'အင့်!'

ဝင်တိုက်မိခြင်းဖြစ်သည်။ တက္ကသိုလ်နောက်ခံဝတ္ထုတွေထဲကလို ကော်ရစ်တာထောင့်ချိုးမှာ မထင်မှတ်ဘဲ ဝင်တိုက်မိတာမျိုး မဟုတ်ချေ။ ကိုယ်က လမ်းမအလယ်မှာ ဘလိုင်းကြီး လှည့်ဝင်တိုက်သလိုဖြစ်သွား၏။

ကိုယ်ဝင်တိုက်လိုက်မိသူကို အထီးလား၊ အမလား၊ အပျိုလား အအိုလား၊ ကိုရီးယားလား၊ မြန်မာလား ဘာဆိုဘာမှ မသိရသေးခင်မှာပဲ အသံစွာစွာလေး အရင်ကြားလိုက်ရ၏။ (ဇာတ်လမ်းက စပြီ)

"ဒီမှာ . . . နွေခင်းကြောင်တောင်ကြီး လူတစ်ယောက်လုံးတောင် ရှင် မမြင်ဘူးလား"

ကိုယ့်အမှားလိုဖြစ်နေ၍ တောင်းပန်ရန် မော့ကြည့်မိသည်။ (မင်း

www.burmeseclassic.com

www.burmeseclassic.com


သမီးပဲဖြစ်မှာပေါ့ဆိုပြီး ပရိသတ်ကြီး မျှော်လင့်ထားသည့်အတိုင်း) လှပရှင်း သန့်သူလေးကို မဟာပထဝီမြေကြီးပေါ် ခြေနှစ်ချောင်းဒေါက်ထောက်ရပ် လျက် အရှင်လတ်လတ်အနေအထားဖြင့် တွေ့လိုက်ရခြင်းဖြစ်သည်။

ခဏမှင်တက်ပြီး ငေးကြည့်နေစဥ်မှာပဲ . . .

"ဒီမှာ . . . ပြောနေတာ ကြားရဲ့လား"

အသံထပ်ကြားလိုက်ရမှ ဆောင်းသစ် သတိပြန်ဝင်လာသည်။ ချက်ချင်းပဲ ပျာယာခတ်သွားပြီး . . .

"ဟာ ဆောရီးပါဗျာ . . . ကျွန်တော်လည်း ကိုယ့်အတွေးနဲ့ ကိုယ် မြှုန်းစားကြီး နောက်ဘက်လှည့်ထွက်လိုက်တော့ တိုက်မိသွားတာပါ။ တောင်း ပန်ပါတယ်"

"တောင်းပန်တယ် ဟုတ်လား၊ တောင်းပန်တာထက် ဟိုကိစ္စကို ရှင် ဘယ်လိုရှင်းပေးမလဲ"

ပြောရင်း ကောင်းမလေးက တစ်နေရာသို့ လက်ညှိုးထိုးပြသည်။ ဆောင်းသစ်က လှမ်းကြည့်ကာ . . .

"ဟင် . . . ဒါက ပန်းသီးကြီးပဲ"

"ဟုတ်တယ် . . . ဟုတ်တယ်၊ အဲဒီပန်းသီးကို ကျွန်မ အင်းယား လမ်းသစ်သီးဆိုင်က သွားဝယ်လာတာ၊ ခု . . . ဒီပန်းခြံထဲရောက်မှစားတာ၊ တစ်ကိုက်ပဲ ကိုက်ရသေးတယ်၊ ရှင်ဝင်တိုက်လို့ ပြုတ်ကျသွားပြီ၊ အဲဒါကို ရှင်းပေး"

"အင်း . . . အဲ . . . အဲဒါက"

ရုတ်တရက် ဆောင်းသစ် ဘာပြန်ပြောရမည်မှန်းမသိ။ ပြီးမှ စဥ်းစားရင်း . . .

"ရပါတယ်ဗျာ . . . လုပ်ပေးပါ့မယ်၊ ခဏလေး . . . ခဏလေး"


www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းပင် လမ်းပေါ်မှာကျနေသော ပန်းသီးကို ပြေးကောက်လိုက်သည်။ ပြီး ကိုက်လက်စပန်းသီးကို လက်ကိုင်ပဝါနှင့်သုတ်ကာ လှမ်းပေးလိုက်၏။

ကောင်မလေးက လှမ်းမယူဘဲ မျက်ခုံးအတွန့်ချိုးလျက် ...

"အောင်မာ ... ဒါကို ကျွန်မက ဘာလုပ်ရမှာလဲ"

ဆောင်းသစ်က ...

"ဟင် ... ခင်ဗျားပဲ ပန်းသီးကိုစွ ရှင်းပေးဆို၊ ခုပဲ ကောက်ပြီးပေးနေတာတွေကို သုတ်ပေးပြီးပြီလေ ... ယူပါ၊ ပန်းသီးက အတော်ချိုမယ့်ပုံပဲ"

"မယူပါဘူး၊ အောက်ပြုတ်ကျပြီးသားကြီးကို ဘာဖြစ်လို့ ယူရမှာလဲ"

"ရော် ... ဒါဆို ဘယ်လိုလုပ်ပေးရမှာလဲ"

ဆောင်းသစ်၏ရေရွတ်သံကြောင့် ကောင်မလေးကပဲ ...

"ဘယ်လိုလုပ်ပေးရမှာလဲ ... ဟုတ်လား၊ လျော်ရမှာ ... ပန်းသီးအသစ်တစ်လုံး ပြန်ဝယ်ပေးရမှာ"

စိတ်ညစ်သွားရ၏။ ဒီပန်းခြံထဲမှာ ပန်းသီးရောင်းသည့်ဆိုင် ရှိ မရှိ သူ မသိချေ။ ဒီမှာက ပန်းသီးတစ်လုံး ပြန်တောင်းနေပြီ။

ထို့ကြောင့် လေပူကြီးကို မချိမဆံ့ မှုတ်ထုတ်လိုက်ရင်း ...

"ကဲ ... ဒါဆိုလည်း ခဏစောင့်ဗျာ၊ ဒီအနားက ဆိုင်တွေမှာ သွားကြည့်ပေးမယ်"

"အိုး ... ဒီလိုတော့ ဘယ်ရမလဲ၊ ကျွန်မက အင်းယားလမ်းဆိုင်က စားချင်လို့ တကူးတက သွားဝယ်ထားတာ၊ အဲဒီဆိုင်က ပန်းသီးပဲ ပြန်လိုချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒင်းကလေးက အတည်ပေါက်ပြောနေခြင်းဖြစ်သည်။ ဆောင်းသစ်လူစင်စစ်က ကျွဲမြီးတိုချင်လာရ၏။ ဘယ်နှယ့် ပန်းသီးဆို ပြီးရောပေါ့။ ဒီပန်းခြံနဲ့အင်းယားလမ်းက နည်းတဲ့ခရီးမှ မဟုတ်တာ။

ထိုအတွေးနှင့် ဆောင်းသစ်က ပြန်ပြောလိုက်၏။

"ဟာဗျာ ... ဒါတော့ ခင်ဗျားရစ်တာပဲဗျ"

"အောင်မာ ... လာလာချည်သေး၊ ကျွန်မက ရစ်ရအောင် မူးနေတဲ့လူ မဟုတ်ဘူးရှင့်"

"ကျွတ် (စ်) ဒုက္ခပါပဲဗျာ"

"ဒုက္ခ ... ဟုတ်လား၊ ကျွန်မဒုက္ခကမှ စားလက်စ ပန်းသီး ပုတ်ချခံလိုက်ရတဲ့အဖြစ်ရှင့် ... နားလည်လား"

ဆောင်းသစ် ထွက်ပြေးချင်စိတ်ပေါက်လာရတော့သည်။ သို့သော်ရုပ်ချည်လေးကိုကြည့်ကာ သွားလည်းမသွားချင်သေး။ ကိုယ့်ရှေ့က ဒီလုတ,ပတလေးသည် ကိုယ့်နံရိုးလေး ဖြစ်မလာနိုင်ဘူးဟု ဘယ်သူပြောနိုင်မည်လဲ။

တွေးနေချိန်မှာပဲ ကောင်မလေးက စူပွပွထပ်ပြောလာပြန်သည်။

"ဘာလဲ ... ကိုယ့်ကြောင့်ဖြစ်တဲ့ကိစ္စကို ရှင်က တာဝန်မယူချင်တဲ့သဘောလား"

"အာ ... အဲလိုမဟုတ်ပါဘူး၊ ဒါပေမဲ့ ... အင်းယားလမ်းဆိုတာက"

"အို ... ဘယ်လောက်မှ မဝေးဘူး၊ ကျွန်မတောင် သွားဝယ်စားနိုင်သေးတာပဲ"

ထိုသို့ အချေအတင်ဖြစ်နေကြစဉ်မှာပဲ ...

"ဟာ ... သေစ်"

"ဟဲ့ ... မိချွေ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံနှစ်ခုက တစ်ပြိုင်နက်တည်း ထွက်လာသည်။ ကြည့်လိုက်တော့ တိုးတိုးနှင့်ဖြိုးလေးတို့အပြင် နောက်ကောင်မလေးနှစ်ယောက်ကိုပါ တွေ့လိုက်ရ၏။

အားလုံးကြောင်အမ်းနေစဉ်မှာပဲ ကောင်မလေးတွေဆီမှ အသံစ ထွက်လာသည်။

"မိန္ဒေ ... နင်က ငါတို့ဆီက လစ်ထွက်ပြီး ဒီမှာ ဘဲနဲ့ ချိန်းတွေ့နေတာလား"

"အာ ... တောက်တီးတောက်တဲ့ ဘယ်က ငှဲ့ဘဲ ဟုတ်ရမှာလဲ"

မျက်နှာတစ်ခုလုံးရဲရဲနီကာ ကောင်မလေး ပြန်ပြောလိုက်စဉ်မှာပဲ ဆောင်းသစ်က ဝင်၍ ...

"ဟုတ်ပါတယ်ဗျာ၊ သူကလည်း ကျွန်တော့် 'ဘဲမ' မဟုတ်ပါဘူး"

"ရှင်နော် ... ဘာတွေဝင်ပြောနေတာလဲ"

"ဟောဗျာ ... ဝင်ကူပြီး ရှင်းပြနေတာပဲဟာကို"

ကောင်မလေးက မျက်စောင်းကို သေနတ်ပစ်သလို ဒိုင်းခနဲ ထိုးပြီးမှ သူ့သူငယ်ချင်းတွေဘက်လှည့်ကာ ...

"ဟဲ့ကောင်မတွေ ... နင်တို့စိတ်ထင်တာ လျှောက်ပြောမနေကြနဲ့ ငါတို့က ဒီမှာ ရန်ဖြစ်နေကြတာ"

"ဟေ ... ရန်ဖြစ်တာ ဟုတ်လား"

"အေး ... ဟုတ်တယ်"

ကောင်မလေးက သူ့သူငယ်ချင်းတွေကို ဘောက်ဆတ်ဆတ် ရှင်းပြနေချိန်မှာ ကိုယ့်ဘက်ကိုလည်း ဆောင်းသစ်ခမျာ ရှင်းလင်းနေရသေးသည်။

စကားဆုံးသည်နှင့် တိုးတိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . . ဒါဆိုရင် ပန်းသီးလေးတစ်လုံးကို မင်းက အင်းယားလမ်းထိ သွားဝယ်ပေးရမှာပေါ့ . . . ဟုတ်လား"

"အေးလေ . . . အဲဒီလို ဖြစ်နေတာပေါ့"

ဖြိုးလေးကလည်း . . .

"ဒါတော့ ဘလိုင်းကြီးကွာ၊ မတော်တဆဖြစ်တာပဲဟာကို"

"တတ်နိုင်ဘူးလေ၊ ဖြစ်ပြီးမှကိုး"

ဆောင်းသစ်မှာ အလိုက်သင့်ထောက်ခံနေရသည်။ ထိုအချိန်မှာပဲ တိုးတိုးက ထပ်ပြောလာသေး၏။

"ဒီလိုကြီးပြောရအောင် စိတ်မှန့်သေးရဲ့လားကွာ"

"အင်း . . . နေနည်းနည်းပြင်းနေလို့ ဖြစ်ပါလိမ့်မယ်"

"ဒီမှာ . . . ဒီမှာ ရှင် ဘာစကားပြောတာလဲ"

ကောင်မလေးက ဆွေ့ဆွေ့ခုန်မတတ် လှမ်းအော်တော့သည်။ တစ်ဆက်တည်း ဆောင်းသစ်ကို စူးစူးဝါးဝါးကြည့်လျက် –

"ရှင် . . . ရှင်က လူကို ရူးနေတယ်လို့ပြောတာ မဟုတ်လား"

ဆောင်းသစ်က အပြစ်ကင်းစင်ဟန်လေးနှင့်ပင် . . .

"မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားက အင်းယားလမ်းက ပန်းသီးကို သွားဝယ်ခိုင်းတာ မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါ . . . ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ ခင်ဗျားကသာ ဟိုပန်းသီးနဲ့ ဒီပန်းသီးနဲ့ မတူဘူးလို့ ထင်နေတာ၊ တကယ်တော့ ပန်းသီးဆိုတာက ဘယ်ပန်းသီးမဆို နံပါတ်တစ်ခုပဲ ရှိတာဗျ"

"ရှင် . . . ပေါက်တတ်ကရတွေ လာမပြောနဲ့နော်"

မယုံကြည်ဟန်ဖြင့် ကောင်မလေးက မေးလာသည်။ ဆောင်းသစ်



www.burmeseclassic.com

www.burmeseclassic.com



က ခပ်တည်တည်ပဲ ...

"ကဲ ... ဗဟုသုတအနေနဲ့ မှတ်ထားကြပေါ့ဗျာ၊ ပန်းသီးရဲ့နံပါတ်က 21593 တဲ့"

"ဘာမှလည်း မဆိုင်ဘူး"

"ဆိုင်တာပေါ့ဗျ၊ ခင်ဗျား ကမ္ဘာဦးကျမ်းထဲက အာဒံနဲ့ဧဝကိုတော့ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးတာပေါ့၊ နေစမ်းပါဦး ... ရှင်က ပန်းသီး ပြန်မလျော်ပေးချင်လို့ စကားတွေ လမ်းလွှဲနေတာလား"

"ဩော် ... ခက်ပါပြီ၊ ကျွန်တော်ပြောတာလေးပြီးရင် သွားဝယ်ပေးပါ့မယ်၊ ဒီလိုဗျ ... အာဒံနဲ့ဧဝဟာ ဥယျာဉ်ထဲက တားမြစ်ထားတဲ့ သစ်သီးကို စားမိလို့ အချစ်စိတ်တွေ နိုးကြားလာပြီး ဒီလူသားမျိုးဆက်ကြီး ပေါ်ပေါက်လာတယ်မဟုတ်လား။ အဲဒီအသီးကို ဒီခေတ်မှာ ပန်းသီးလို့ တင်စားကြတယ်လေ"

"အဲဒါနဲ့ပဲ ပန်းသီးနံပါတ်က 21593 ဖြစ်ရောလား"

"ဖြစ်တာပေါ့၊ 21593 ဆိုတာက အဲဒီပန်းသီးကို စားပြီး လူနှစ်ယောက်ဟာ ကိစ္စတစ်ခုကို ငါးရက်လောက် အာရုံရောက်နေလို့ရှိရင် ကိုးလအကြာမှာ လူသုံးယောက် ဖြစ်လာနိုင်တယ်တဲ့၊ ကဲ ... ပန်းသီးနံပါတ်ဆိုတာ ရှင်းပြီလား"

"အယ်"

ဘေးမှ ကောင်မလေးတွေ တခွိခွိရယ်ကုန်ကြတော့သည်။ မျက်နှာကလေးရဲပြီး ဘာမှပြန်မပြောနိုင်ဖြစ်နေသည့် ကာယကံရှင် ဒင်းကလေးကို ကြည့်ကာ ဆောင်းသစ်က ...

"ကဲ ... ကျွန်တော်ပြောချင်တာ ပြီးပြီ၊ ခင်ဗျားကို ပန်းသီး သွား



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးမယ် ... ခဏစောင့်''

ပြောပြောဆိုဆိုပင် တိုးတိုးနှင့်ဖြိုးလေးတို့ကိုခေါ်ကာ လှည့်ထွက်လာခဲ့သည်။ ကားတစ်စီးငှားပြီး အင်းယားလမ်းကို တန်းသွားလိုက်၏။ ဒင်းကလေး လိုချင်နေသော အင်းယားလမ်းက ပန်းသီးကိုလည်း တွေ့ပါသည်။ ဈေးမဆစ်ဘဲ တစ်လုံးတိတိ ဝယ်လာခဲ့လိုက်၏။

သို့သော် ပန်းခြံထဲပြန်ရောက်လာချိန်မှာ မိန္ဒွေဆိုသော ဒင်းကလေးကို မတွေ့ရတော့ချေ။ ဆောင်းသစ်က ပန်းသီးကိုကြည့်ကာ မချင့်မရဲဖြစ်ဟန်နှင့် ...

''ဟာကွာ ... ငါ့မှာတော့ ပန်းသီးတစ်လုံးနဲ့ အင်းယားလမ်းထိသွားလိုက်ရတယ်၊ ပြန်လာတော့ သူက မရှိတော့ဘူး''

စကားအဆုံးမှာပဲ တိုးတိုးက မျက်ထောင့်နီနီနှင့် ကြည့်ပြီး ...

''မင်းဟာမင်း အရူးထပြီး သွားဝယ်တာပဲလေ၊ ဘယ်သူက ပန်းသီးတစ်လုံးနဲ့ စောင့်နေမှာလဲ၊ ဒီခေတ်ကောင်မလေးတွေဆိုတာ ခုမြင်,ခုပျောက်ကွ၊ မင်းမို့လို့ သွားယုံတယ်''

ဆောင်းသစ် တင်းသွားသည်။ ဘာလုပ်ရမှန်းမသိသဖြင့် လက်ထဲက ပန်းသီးကို ဂွပ်ခနဲ တစ်ကိုက်ကိုက်လိုက်ကာ ...

''တော်ပြီကွာ ... ငါ့ကို လာဝေဖန်မနေနဲ့၊ ကံမကုန်ရင်တော့ ဒင်းကလေးနဲ့ ပြန်ဆုံရမှာပဲ၊ ခုလောလောဆယ်တော့ ငါ့အတွက် အကျိုးရှိမယ့်နေရာကို သွားတော့မယ်''

''ဟေ ... ဘယ်ကိုတုံးဟ''

''ဟိုဘက်နားက တော်ဝင်ဥယျာဉ်ကို''

''ဟင် ... ဘာသွားလုပ်မလို့လဲ''

ဖြိုးလေး၏ တအံ့တသြမေးသံအဆုံးမှာတော့ ဆောင်းသစ်က ရင်



www.burmeseclassic.com

www.burmeseclassic.com



ကောက်လိုက်ရင်း . . .

"ဘာလုပ်ရမှာလဲ၊ တော်ဝင်ဥယျာဉ်ထဲမှာ မိုလ်ချုပ်အောင်ဆန်း ကြေးရုပ် ရှိတယ်လေ"

"ဟုတ်ပါပြီ . . . အဲဒါ ဘာဖြစ်လို့လဲ"

"ငါ သွားပြီးအလေးပြုမလို့"

"ဟာ"

နှစ်ကောင်သား ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ ဆောင်းသစ်က ပန်းသီးကို တဂွပ်ဂွပ်ကိုက်စားရင်း ဗိုလ်ချုပ်အား အလေးပြုရန် ရုပ်တည်ဖြင့် ထွက်ခွာသွားလေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အပြန်လမ်းမှာ မိန္တေခါ် နွေကဗျာကို ဝိုင်းစနေကြသည်။ ပန်းသီးကို အလျော်တောင်းပြီးမှ မယူခဲ့ရသည့်အဖြစ်အား ပြောဆိုနေကြခြင်းဖြစ်၏။

မိန္တေခါ် နွေကဗျာ ဆိုသည့် သူမကလည်း ဆတ်ဆတ်ထိမခံချေ။

"နင်တို့ပဲ စဉ်းစားကြည့်ပါဦး၊ သူပြောပုံနဲ့ သူပြန်သွားဝယ်ပေးမယ့် ပန်းသီးကို ငါက ဘယ်မျက်နှာနဲ့ ယူရမှာလဲ"

"ဘာလဲ ... ယူလိုက်ရင် အဲဒီတစ်ယောက်ပြောသလို အချစ်စိတ်တွေ နိုးကြားလာမှစိုးလို့လား"

"တော်စမ်းပါ မြတ်နိုးရယ် ...ဟိုက ပလီစိချောက်ချက်တွေ ပြောသွားတာကို"

နွေကဗျာ၏ ချေပသံအဆုံးမှာ ...

"ထားပါတော့လေ ... ဒါပေမဲ့ အဲဒီပလီစိချောက်ချက်ကြောင့်ပဲ နင် လှည့်ပြန်လာခဲ့ရတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်က ထပ်ပြောလာပြန်သည်။ ကိုယ့်သူငယ်ချင်းဖြစ်ပြီး တခြားလူဘက်က လိုက်ပြောနေသည့် မြတ်နိုးနှင့်ရွှေရည်တို့ကို မိနွေ ကြည့်မရတော့ချေ

ထို့ကြောင့် မျက်နှာထိ မျက်နှာထားနှင့် ရွဲ့ပြောလိုက်သည်။

"ထားပါတော့ . . . ထားပါတော့၊ ငါကပဲ ဆတ်ဆော့မိတယ်လို့ပဲ ထားလိုက်ပါအေ"

"အေးပါ . . . နင့်ကိုတော့ နားလည်ပေးနိုင်ပါတယ် မိနွေရယ်၊ ငါ စဉ်းစားနေတာက ဟိုတစ်ယောက်အကြောင်းကိုပါ၊ ဒီနေ့များ နင်စောင့်နေလိုက်ရင် ဇာတ်လမ်းဖြစ်သွားနိုင်တယ်ဟ၊ အဲဒီတစ်ယောက်က စကားပြောလည်း ကောင်းတယ်နော်၊ ပန်းသီးနံ့ပါတ်ဆိုပြီး ပြောသွားတာ ရယ်စရာလည်း ကောင်းတယ်"

တဖြည်းဖြည်းနှင့် နွေကဗျာ ဒေါကန်လာရတော့သည်။

"ဟဲ့ . . . နင်တို့ ဘယ်လိုဖြစ်နေကြတာလဲ၊ ယောက်ျားတစ်ယောက်အကြောင်းများ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောနေလိုက်ကြတာ အရှက်မရှိကြဘူးလား၊ အေး . . . ဇာတ်လမ်းဆိုရင်လည်း ထပ်ဆက်စရာမရှိဘူး၊ ပြီးပြီ . . . တော်တော့"

ပိတ်ကောပစ်လိုက်မှ မယ်မင်းကြီးမနှစ်ယောက်စလုံး ငြိမ်သွားကြသည်။ ထိုတစ်ယောက်အကြောင်းလည်း ထပ်မဟတော့ချေ။ ပန်းခြံမှအပြန် မြတ်နိုးတို့အိမ်မှာ လေပန်းရင်း ထိုအကြောင်းကိုလည်း အားလုံးမေ့မေ့ပျောက်ပျောက်ဖြစ်သွားကြသည်။

သို့သော်လည်း နွေကဗျာ ပြောခဲ့သလို ထပ်ဆက်စရာမရှိဘူးဟုဆိုခဲ့သောဇာတ်လမ်းသည် နောက်နေ့သင်တန်းမှာပဲ ပြန်စလေတော့၏။

အဲဒီနေ့က နွေကဗျာတို့သုံးယောက်စလုံး သင်တန်းနောက်ကျကြသည်။ အကြောင်းက ထွေထွေထူးထူးတော့မဟုတ်။ တစ်ယောက်အလှပြင်



www.burmeseclassic.com

www.burmeseclassic.com



တာကို တစ်ယောက်က စောင့်ရင်းဖြင့် တက်ညီလက်ညီ နောက်ကျရခြင်း ဖြစ်၏။

သင်တန်းရောက်တော့လည်း သင်နေသည့်ဆရာကို အားမနာရာ ကျမည်ဟု စိတ်တူကိုယ်တူအကြောင်းပြပြီး စာသင်ခန်းထဲမဝင်ဘဲ သင်တန်း ဝင်းထဲမှ ကင်တင်းတစ်ခုမှာ ထိုင်နေလိုက်ကြသည်။

ဝင်ထိုင်ထိုင်ချင်းမှာပဲ မြတ်နိုးက ပတ်ဝန်းကျင်ဝိုင်းတွေမှာ ထိုင်နေ သည့် အတွဲတွေကိုကြည့်ကာ . . .

"ဟဲ့ မိန္ဒွေ . . . နင် ဒီတစ်သက် ရည်းစားလေး,ဘာလေးထားဖို့ အစီအစဉ်မရှိတော့ဘူးလား"

ကောက်ခါင်ခါမေးလိုက်သောစကားကြောင့် နွေကဗျာ ကြောင် သွားရ၏။ မျက်ခုံးအတွန့်ချိုးကာ ပြန်ကြည့်ရင်း . . .

"မြတ်နိုး . . . နင် ဘာစိတ်ကူးပေါက်ပြီး ငါ့ကို လာမေးတာလဲ"

မြတ်နိုးက . . .

"ဩော် . . . နင်က ငါတို့နဲ့တွဲလာတဲ့တစ်လျှောက်မှာ ရည်းစားတစ် ခါမှ မထားခဲ့လို့ပါ"

"အဲဒါဘာဖြစ်လဲ၊ ငါမှမထားချင်တဲ့ဟာကို၊ ရည်းစားထားတယ်ဆို တာဟာ အပျော်လုပ်ရမယ့်ကိစ္စမှမဟုတ်တာ"

"အောင်မာ . . . နင်ပြောပုံက ငါတို့ကျတော့ အပျော်တမ်းရည်းစား ထားတာကျနေတာပဲ"

ရွှေရည်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ လက်ရှိမှာ သူနှင့်မြတ်နိုး တို့နှစ်ယောက်စလုံးက အတွဲကိုယ်စီပိုင်ဆိုင်ထား၍ဖြစ်၏။ ဒီနေရာမှာ အတွဲ ဟုဆိုသဖြင့် ဘာမှပြေးမမြင်လိုက်ကြပါနှင့်။ ဆိုလိုချင်တာက အတွဲ-ချစ်သူ ရည်းစားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်စကားအဆုံးမှာပဲ မြတ်နိုးက ...

"ဟုတ်တယ်၊ ငါတို့ထားတယ်ဆိုတာကလည်း တကယ်လက်ထပ်ဖို့အထိ ရည်ရွယ်ပြီးထားတာဟ၊ ဒီလိုဟာ ... နင် ရည်းစားမထားတာက ဒီဒီယိုတွေထဲကလို အိမ်ကပေးစားမယ့်လူကို တန်းယူမလို့လား မနွေ"

ထိုသို့ဆိုပြန်တော့လည်း နွေကဗျာက ခေါင်းခါလေသည်။

"ဟော့အေး ... အဲဒီလိုလည်း မယူချင်ပါဘူး"

"ဒါဆို ... ၂ အပျိုကြီးလုပ်မလို့လား"

အင်တာဗျူးခံရသလို ဖြစ်နေ၍ နွေကဗျာ စိတ်ရှုပ်လာရတော့သည်။ ဒီနေ့မှ ဒီဟာမတွေ သူ့ကိစ္စကို ဘာဖြစ်လို့ ဒီလောက်သိချင်နေကြသည်မသိ။ တကယ်တမ်းမှာ သူမအနေဖြင့် အပျိုကြီးလုပ်ဖို့ စိတ်ကူးမရှိသလို အိမ်ကပေးစားမည့်သူကိုလည်း လင်မလုပ်နိုင်ပါ။

ထို့ကြောင့် ရှင်းရှင်းပဲ ပြန်ပြောလိုက်သည်။

"ဘာမှမဟုတ်ဘူးဟေ့၊ ငါ ရည်းစားမထားတာက တကယ်ရင်ခုန်ရမယ့်သူကို မတွေ့သေးလို့၊ အပျိုကြီးလုပ်ဖို့တော့ လုံးလုံးစိတ်ကူးမရှိဘူး၊ အချိန်တန်ရင်တော့ ရည်းစားထားပြီး လင်ယူပစ်မှာ"

"ဒါဆို ... နင့်အတွက် ခုချိန်ထိ အချိန်မတန်သေးဘူးလား"

"အင်း ... အချိန်တန်နေပြီ၊ မတန်ဘူးဆိုတာထက် ဒီကိစ္စမျိုးက အတင်းဖန်တီးယူလို့မှမရတာလေ၊ အချိန်တန်အရွယ်ရောက်ပြီဆိုလို့ ငါ မိန်းမတွေနဲ့ ပတ်သက်တဲ့ ဟာသတစ်ခု ဖတ်ထားတာကို ပြောပြရဦးမယ်"

ဟာသဟုဆိုသဖြင့် နှစ်ယောက်စလုံး ရယ်ကြရန် နားရွက်ထောင်ပြီး ပါးစပ်တွေကိုပါ အသင့်ပြင်ထားလိုက်သည်။

"ဟာသက ဒီလိုဟ၊ မိန်းမတွေဟာ အသက်နှစ်ဆယ်ရောက် အရွယ်မှာ ဘောလုံးလိုပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာဖြစ်လို့လဲ"

"ဩော် ... အရွယ်ကောင်းလေ၊ အဲဒါကြောင့် တစ်ကွင်းလုံးက ကစားသမားတွေ ဝိုင်းလုကြတာတဲ့"

"အပ်ိး ... ဟုတ်သားဟ၊ ပြီးတော့ရော ..."

"အင်း ... သုံးဆယ်လောက်ကျတော့ အရွယ်လေး မသိမသာ လွန်လာပြီလေ၊ အဲဒီအရွယ်ကျတော့ ဘောလီဘော ဘောလုံးနဲ့ တူသွားပြီ၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်က ပုတ်ထုတ်လိုက်တာကို နောက်တစ်ယောက်က ဖမ်းတဲ့အရွယ်မျိုးပေါ့"

"အေး ... ဒါလည်းဟုတ်တာပဲ မိန္ဒေ၊ နင်လည်း ဘောလီဘော ဘောလုံးမဖြစ်ခင် ရည်းစားထားဖို့ စဉ်းစားထား"

မြားဦးက ကိုယ့်ဘက်ပင်ပြန်လှည့်လာ၏။ နွေကဗျာက မျက်စောင်းထိုးလိုက်ရင်း ...

"ငါ့ကိစ္စကို ငါသိပါတယ်ဟာ၊ ဆက်ပြောဦးမယ်၊ လေးဆယ်လောက်ကိုကျတော့ တင်းနစ်ဘောလုံးနဲ့ နှိုင်းယှဉ်ထားတယ်"

"ဆိုလိုချင်တာက"

"ဒီလိုလေ ... အဲဒီအရွယ်ကျတော့ ယောကျ်ားတွေက သူ့ဘက် ကိုယ့်ဘက်မကျအောင် ရိုက်ထုတ်ကြလို့ပေါ့"

"ဒိ ... ဟုတ်တယ်ဟေ့၊ အဲဒါကြောင့် ငါတို့လည်း အပျိုကြီး မလုပ်ချင်တာ"

"အေးပါ ... နင်တို့ပုံစံနဲ့ လင်တစ်ယောက်တော့ ရမှာပါ၊ ခဏလေး ... ငါပြောတာ မဆုံးသေးဘူး"

"အသက်ငါးဆယ်လောက်မိန်းမကျတော့ ဂေါက်သီးနဲ့တူသွားပြီ တဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ . . . အဲဒါကျတော့ ဘာဖြစ်လို့လဲ"

"ရှင်းနေတာပဲလေ၊ နောက်ကလိုက်နေတဲ့သူတစ်ယောက်ပဲ ရှိတော့တယ်၊ ဒါပေမဲ့ . . . အဲဒီလူက အနားရောက်တာနဲ့ သံတုတ်ကြီးနဲ့ အဝေးဆုံးကို ပယ်ပယ်နယ်နယ် ရိုက်ထုတ်တော့တာပဲ"

"အပေါ် . . . ကျင်းစိမ်တဲ့လူတွေလည်း ရှိသေးတယ်နော်၊ ဟုတ်တယ်မဟုတ်လား"

ရယ်ရင်း ပြောလာသော မြတ်နိုးစကားကြောင့် နွေကဗျာက မျက်နှာအတွန့်ချိုးလိုက်ပြီး . . .

"ကောင်မ . . . တော်တော်အတွေးအခေါ်ကောင်းနေတယ် . . . ဟုတ်လား၊ နင့်အလှည့်ကျမှပဲ ကျင်းစိမ်ခံတော့"

"မိနွေနော် . . . မယုတ်ပတ်နဲ့"

မြတ်နိုးစကားအဆုံးမှာ ရယ်ကြပြန်သည်။

ထိုအချိန်မှာပဲ . . .

"ဒီမှာ . . . ဒီမှာခင်ဗျ"

ခေါ်သံကြောင့် အရယ်ရပ်ကာ အားလုံးလှည့်ကြည့်မိကြသည်။ တစ်ဆက်တည်း နွေကဗျာ မျက်မှောင်ကြုတ်မိသွား၏။ တွေ့လိုက်ရသူက အားလုံးမျှော်လင့်ထားသည့်အတိုင်း ဆောင်းသစ်ဆိုသော ဝတီပင်ဖြစ်လေသည်။

နွေကဗျာက ခပ်တည်တည်ဟန်ဖြင့် . . .

"ဒီမှာဆိုတာ . . . ဘယ်သူ့ကို ခေါ်တာလဲ"

"ခင်ဗျားကိုလေ မပန်းသီးရဲ့"

"ဘာပြောတယ် . . . ဘာပြောတယ်"

နွေကဗျာ ပြန်အော်လိုက်သံကြောင့် ဆောင်းသစ်က လန့်သွားဟန်


www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နောက်တစ်လှမ်းဆုတ်လိုက်ကာ . . .

"ဟာ . . . သိပ်မအော်ပါနဲ့ဗျာ၊ ခင်ဗျားနာမည်မသိလို့ မပန်းသီးလို့ ခေါ်လိုက်တာပါ၊ ဒါနဲ့ ခင်ဗျားနာမည်က"

"နွေကဗျာ . . . အာ . . . ဘာဖြစ်လို့ ပြောရမှာလဲ"

"အင် . . . ပြောပြီးပြီမဟုတ်လား"

ပါးစပ်မှ လွှတ်ခနဲထွက်သွားသဖြင့် နွေကဗျာ ကိုယ့်ကိုယ်ကိုယ် စိတ်တိုသွားရသည်။ ရှေ့က သကောင့်သားကိုလည်း စူးစူးရဲရဲကြည့်လိုက်ကာ

"နေစမ်းပါဦး . . . ရှင်က ဘာကိစ္စနဲ့ ကျွန်မကို ခေါ်တာလဲ"

"ဘောလုံးကန်ချင်လို့"

"ဘာ . . . ဘာပြောတယ်"

ပြန်ပြောရင်း နွေကဗျာ့မျက်နှာလေးက ရဲရဲနီသွားရ၏။ ဒါဆိုလျှင် ခုနက သူမတို့ပြောနေသည့်စကားတွေကို ဒင်းလည်း ကြားလိုက်သည်ပေါ့။ ထိုအတွေးနှင့် ရှက်ကာ ပြန်အော်လိုက်ခြင်းဖြစ်သည်။

ဆောင်းသစ်က ဟီးခနဲ ရယ်လိုက်ရင်းပင် . . .

"နောက်တာပါဗျာ၊ မနွေက ကျွန်တော့်ကြောင့် လွတ်ကျသွားတဲ့ ခင်ဗျားရဲ့ပန်းသီးကို အလျော်မပေးရသေးဘူးလေ၊ အဲဒါ . . . ဒီနေ့ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့တော့ ဘယ်လိုလျော်ပေးရမလဲလို့ လာမေးတာဗျ"

"ဩော် . . . ရှင်က သိပ်လျော်ပေးချင်နေတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ . . . ကျွန်တော့်ကြောင့် ဖြစ်သွားတာပဲဥစ္စာ၊ ကျေနပ်အောင် ပြန်လုပ်ပေးရမှာပေါ့၊ ပြောလေ . . . ဘယ်လိုလုပ်ပေးရမှာလဲ"

ဆောင်းသစ်ကိုကြည့်ကာ နွေကဗျာ မျက်မှောင်ကြုတ်မိသွားသည်။ တစ်ဆက်တည်းပဲ . . .

"ထားလိုက်ပါ၊ အဲဒီကိစ္စက ကျွန်မခေါင်းထဲမှာတောင် မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ရှင်လည်း ပြန်လို့ရပြီ ... ဟုတ်ပြီလား"

"ဟင် ... ဒါဆို ခင်ဗျားဘက်က ကျေနပ်တယ်ပေါ့၊ ဒီလိုလား"

အရေးထဲ အရစ်ရှည်နေသော ဆောင်းသစ်ကို နွေကဗျာ ကြည့်မရ တော့ချေ။ ထို့ကြောင့် စိတ်ရှုပ်ဟန်နှင့် ...

"ဒီမှာ ... ကျွန်မဘက်က ကျေနပ်တယ်၊ မကျေနပ်ဘူးဆိုတာ ရှင် သိစရာမလိုဘူး၊ ခု ရှင်လုပ်ရမှာက ကျွန်မတို့နဲ့ အဝေးဆုံးကို ထွက်သွား ဖို့ပဲ"

"မဟုတ်သေးဘူးလေဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့က အရင်တုန်းက ပြဿနာရှိခဲ့တာမှ မဟုတ်တာ၊ ခုလည်း ကျေနပ်အောင် ပြန်လုပ်ပေးမယ်လို့ ပြောနေပြီပဲဟာကို"

"မလိုပါဘူး၊ အရင်တုန်းက ပြဿနာမရှိပေမယ့် ခု ရှင်ဆက်လုပ် နေရင် ပြဿနာက ရှိလာတော့မယ်၊ ပြောတာကို နားလည်ပါတယ်နော်"

ဆောင်းသစ် ခေါင်းကုတ်မိတော့သည်။ ကျေနပ်အောင် ပြန်လုပ် ပေးမည်ဟုဆိုခါမှ အတင်းနှင်လွှတ်နေသော နွေကဗျာကို နားမလည်သလို ကြည့်လိုက်ရင်း ...

"အေးလေ ... ခင်ဗျားက ပြန်ဆိုလည်း ပြန်ပါ့မယ်၊ ဒါပေမဲ့ ... အကြွေးတင်နေတဲ့ ပန်းသီးတစ်လုံးကိုတော့ ခင်ဗျားဆီ ကျွန်တော်ရောက် အောင် ပို့လိုက်ပါ့မယ်"

"စိတ်မဝင်စားဘူး၊ ဒီမှာ ... ဒီအနားက ရှင်ထွက်သွားမလား မသွားဘူးလား၊ ဒီလောက်ပြောနေရင် လူစကား နားလည်မှာပေါ့"

အသံက အတော်ကျယ်သွားသဖြင့် ဘေးဝိုင်းတွေကပါ လှည့်ကြည့် ကြတော့သည်။ အပြောခံလိုက်ရသည့် ဆောင်းသစ်မှာလည်း ရှက်သွေးဖြန်း မျက်နှာတစ်ခုလုံး ရဲရဲနီသွား၏။ ဘာမှဆက်မပြောမနေတော့ဘဲ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ကာ ချာခနဲလှည့်ထွက်လာခဲ့သည်။

ဒါတောင် . . . ဘယ်လိုအလိုက်ကမ်းဆိုးမသိတဲ့လူလည်း မသိဘူး ဆိုသည့် နောက်ဆက်တွဲစကားသံကို ကြားလိုက်ရသေးသည်။ ရင်ထဲမှာ မျက်ခနဲ ခံစားလိုက်ရသည်က အမှန်ပင်။ လှည့်ထွက်သွားသော ဆောင်းသစ်ကိုကြည့်ကာ မြတ်နိုးက . . .

"နင်ကလည်း မိန္ဒေရယ် . . . ဟိုက သဘောရိုးနဲ့ ကျေနပ်အောင် ပြန်လုပ်ပေးမယ်လို့ ပြောနေတဲ့ဟာကို နင်က အသည်းအသန် ပြန်နှင်လွှတ်လိုက်တယ်"

စကားအဆုံးမှာပဲ နွေကဗျာက မျက်နှာမှုန်ကုပ်ကုပ်နှင့် ပြန်ကြည့်လာကာ . . .

"အောင်မာ . . . ဘာသဘောရိုးလဲ၊ သူ ကျေနပ်အောင် ပြန်လုပ်ပေးမယ်ဆိုတာ ပန်းသီးတစ်လုံး ပြန်ဝယ်ပေးဖို့ပဲ ရှိတာလေ၊ အဲဒီပန်းသီးတစ်လုံးနဲ့ ဇာတ်လမ်းက ရှည်လာမှာစိုးလို့ပေါ့၊ အဲဒါကြောင့် တစ်ခါတည်း နှင်လွှတ်လိုက်တာ"

"ဒါပေမဲ့ . . . နင်က လူကြားထဲမှာ အကျယ်ကြီး အော်လိုက်တာကို၊ ဟိုတစ်ယောက်ပုံစံကြည့်ရတာ အတော်ရှက်သွားတဲ့ပုံပဲ"

"အေးလေ . . . အားနာစရာကြီး"

မြတ်နိုးစကားကိုထောက်ခံရင်း ရွှေရည်ကပါ ဝင်ပြောလာသည်။ တခြားလူဘက်မှ ဝင်စာနာနေသော သူငယ်ချင်းနှစ်ယောက်ကို နွေကဗျာ အမြင်မကြည်တော့ချေ။

ထို့ကြောင့် လွယ်အိတ်ဆွဲယူကာ ဆတ်ခနဲ ထ,ရပ်လိုက်ပြီး . . .

"ဒီလောက် အားနာပြီး စာနာနေရင်လည်း နင်တို့ပဲလိုက်ပြီး ပြန်တောင်းပန်လိုက်တော့၊ ငါ သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



တပြန်ကြီး စိတ်ကောက်သွားသော နွေကဗျာကို ကြည့်ကာ နှစ်ယောက်သား ပခုံးသာ တွန့်မိကြတော့၏။

နှစ်ယောက်သား စိတ်ထဲမှာလည်း ပန်းသီးတစ်လုံးက စခဲ့သည့် ဇာတ်လမ်းသည် သူတို့ထင်ထားသလို မလှလာပါလားဟု။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟာ . . . ဒါဆို မင်း လူကြားထဲမှာ ပိုးစိုးပက်စက်နှင်ထုတ်ခံလိုက်ရတယ်ပေါ့ . . . ဟုတ်လား"

"အေး . . . ဟုတ်တယ်ကွ"

အားရပါးရ ပြန်ပြောလာသော ဆောင်းသစ်ကိုကြည့်ကာ နှစ်ကောင်သား ကြောင်သွားကြသည်။ ခွေးလိုနှင်းလို မောင်းထုတ်ခံလာရသည်ကိုပင် ဒီလဒက နာဟန်မရှိ။ ထို့ကြောင့် ပြန်မေးလိုက်မိသည်။

"နေစမ်းပါဦး ငသစ်ရ . . . မင်း အဲဒီလို အပြောခံလာရတာ စိတ်ထဲမှာ ဘာမှမဖြစ်ဘူးလား"

တိုးတိုးစကားအဆုံးမှာ ဆောင်းသစ်က ဟီးခနဲ ရယ်ရင်း . . .

"နည်းနည်းတော့ ရှက်တာပေါ့ကွာ၊ ဒါပေမဲ့ ရလဒ်ကတော့ မဆိုးပါဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးလေးက အကြောင်းကြောင်း ပြန်မေးလာသည်။

ဆောင်းသစ်က ...

"ပြောပြမယ်လေ ... သူ ငါ့ကို လူကြားထဲမှာ အတင်းနှင်လွှတ်တာကို ငါက ရှက်သလို စိတ်မကောင်းဖြစ်သွားသလို ဟန်လေးလုပ်ပြီး မျက်နှာသေလေးနဲ့ လှည့်ထွက်လာခဲ့တာကွ"

"သြော် ... အဲဒီတော့ သူ့ပုံစံက မင်းကို အားနာသွားတဲ့ပုံစံမျိုး ဖြစ်သွားရောလား"

"ဟေအေး ... သူ့ပုံစံကတော့ အဲဒီလိုမဖြစ်ဘူး၊ ဒါပေမဲ့ ... သူ့ဘေးက သူငယ်ချင်းနှစ်ယောက်ကတော့ ငါ့ကို အားနာနေတာ သိသာတယ်"

"ဒါနဲ့များကွာ ... အဲဒါ မင်းအတွက် ဘယ်လိုများ ရလဒ်ကောင်းရမှာလဲ"

တိုးတိုးစကားအဆုံးမှာ ဆောင်းသစ်က မျက်ခုံးပင့်လျက် ...

"အဟဲ ... ဖြည်းဖြည်းပေါ့ကွာ၊ ငါ့မှာ အစီအစဉ်တွေ ရှိပါသေးတယ်"

"ပြောစမ်းပါဦး ... မင်းရဲ့အစီအစဉ်က ဘယ်လိုမျိုးလဲ"

ဆောင်းသစ်က ရယ်ကျဲကျဲလုပ်ရင်း ...

"ငါ့အစီအစဉ်လား ... ပန်းသီးပရိုဂရမ်တဲ့"

"ဟုတ်ပါပြီ၊ အဲဒီပန်းသီးပရိုဂရမ်ကိုပဲ မေးနေတာပါ၊ ဘယ်လိုလဲလို့"

"မပြောဘူးကွာ၊ MRTV-4 မှာ စောင့်ကြည့်"

"ဟာကွာ ... ဒီကောင်တော့"

တိုးတိုး ခေါင်းကုတ်တော့သည်။ ဆောင်းသစ်ကတော့ ဘယ်နေရာကမှ မယားသဖြင့် ဘာကိုမှမကုတ်ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်တာပါကွာ၊ မင်းတို့နှစ်ယောက်ကိုတော့ ငါ အသိပေးမှာပါ။ ဒါမှ လိုအပ်လာရင် ငါနိုင်းလို့ရမယ် မဟုတ်လား"

"တော်ပြီ ... တော်ပြီ၊ အဲလိုဆိုရင်တော့ မပြောနဲ့တော့၊ ငါတို့ MRTV-4 ကပဲ စောင့်ကြည့်လိုက်တော့မယ်"

"အင်"

ကိုယ့်စကားနှင့်ကိုယ် ပြန်ခံလိုက်ရသည်။ ဒီအတိုင်းဆိုလျှင်တော့ မဖြစ်သေး။ ဒင်းတို့ကို နိုင်းကောင်းအောင်တော့ မျက်နှာချိုသပ်ထားရပေလိမ့်မည်။

ခေါင်းထဲမှာ အပြေးအလွှား စဉ်းစားလိုက်ပြီး ဆောင်းသစ်က ...

"ဒါက ဒီလိုရှိတယ် သူငယ်ချင်းတို့ရ၊ နိုင်းတယ်ဆိုတဲ့စကားက ငါ အသုံးအနှုန်း လွဲသွားတာပါ၊ တကယ်တော့ လိုအပ်လာမှ မင်းတို့ဆီက အကူအညီယူမယ့်သဘောမျိုးကို ဆိုလိုတာပါကွ"

"ဟေ့ကောင် ... ဘာပဲပြောပြော သဘောတရားကတော့ အတူတူပဲ၊ နေပါစေကွာ ... ငါတို့ MRTV-4 ကပဲ"

စကားမဆုံးခင်မှာပဲ ဆောင်းသစ်က ကပျာကယာ လက်ကာပြလိုက်ရင်း ...

"ဟေ့ကောင်တွေ ... ငါ့စကားနဲ့ ငါ့ကို ပြန်ကျပ်မနေနဲ့၊ မင်းတို့ကူညီမယ်ဆိုရင် ငါ့ဘက်ကလည်း မင်းတို့တောင်းဆိုတာကို ပြန်လုပ်ပေးမယ်"

ထိုအခါမှ တိုးတိုးက မေးစေ့ကို လက်နှင့် ပွတ်ကာပွတ်ကာလုပ်လျှက် ...

"အင်း ... စဉ်းစားသင့်တဲ့ ကမ်းလှမ်းချက်ပဲ"

ဖြိုးလေးကလည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . . မင်း ဒီလောက် စိတ်အားထက်သန်နေတော့လည်း မင်းရဲ့နှာဘူးပြဇာတ်မှာ ဝင်က,ပေးဖို့ ငါတို့ လက်ခံလိုက်ပြီ သူငယ်ချင်း"

"ခွေးကောင်တွေ"

"ဟော့ကောင် သေစ် . . . မင်းက အစီအစဉ်တောင် မစသေးဘူး ငါတို့ကို ဆဲနေပြီလား၊ အဲဒီလိုဆိုရင်တော့ ငါတို့ MRTV . . . V . . ."

"ဟာ . . . မလုပ်ပါနဲ့၊ နောက်ကို ဆင်ခြင်ပါ့မယ်ကွာ . . . အဟဲ"

"ဒါဆိုလည်း ပြီးရော၊ လာ . . . အခု သွားကြမယ်"

"ဟင် . . . ဘယ်ကိုလဲ"

"ဟ . . . မင်းရဲ့ပန်းသီးပရိုဂရမ်ကို အသေးစိတ် တိုင်ပင်ရမယ်လေ၊ အဲဒီတော့ ငါတို့ရဲ့ဆွေးနွေးပွဲအတွက် ဘီယာဆိုင်ကို ချီတက်မယ်၊ သေစ် . . . မင်း ပိုက်ဆံယူပြီး လိုက်ခဲ့တော့၊ ဒါပဲ"

တိုးတိုးကပြောရင်းပင် ဖြိုးလေးနှင့် လက်ဖဝါးချင်း ဖြန်းခနဲ ရိုက်လိုက်သေးသည်။ ပြီး . . . နှစ်ကောင်သား ဘယ်ညာဟု ရေရွတ်ကာ ချီတက်သလို ရှေ့က ထွက်သွားလေတော့၏။

ဆောင်းသစ် ကြောင်ကြည့်မိနေပြီးမှ အိတ်ကပ်ကလေးကို ယောင်ယမ်း စမ်းရင်း နောက်ကလိုက်ရတော့သည်။ အစီအစဉ်ကဖြင့် စလုံးရေပင် မစရသေး။ ပိုက်ဆံကုန်ပေါက်က စလာလေပြီ။

မည်သို့ပင်ဖြစ်စေ ကိုယ့်ဘက်က လိုအပ်နေတော့လည်း အချိုသပ်ရထားရသည်ပေါ့လေ။ ဟင်း . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟဲ့ မိနွေ ... အခန်းအပြင်ဘက်ကို ကြည့်လိုက်စမ်း၊ ဟိုတစ်နေ့က လူ မဟုတ်လား"

"အေး ... လက်ထဲမှာလည်း ပန်းသီးကြီးနဲ့ဟ"

မြတ်နိုးနှင့်ရွှေရည်တို့၏အပြောကြောင့် စာသင်နေရင်းက သင်တန်းခန်းမအပြင်သို့ နွေကဗျာ ဆတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

"ဟင်"

ဟုတ်ပါသည်။ ဆောင်းသစ်မှ ဆောင်းသစ်အစစ်။ ဒင်းက ပန်းသီးတစ်လုံးလက်ထဲကိုင်ပြီး ကော်ရစ်တာမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသေးသည်။ ကြည့်ရင်း နွေကဗျာ စိတ်ရှုပ်သွားရ၏။

ဒင်း ဘာလာလုပ်သည်ကို အထူးစဉ်းစားနေစရာပင် မလိုပေ။ ဟိုနေ့က ပြောခဲ့သည့်အတိုင်း ပန်းသီး လာပြန်ပေးခြင်းပဲ ဖြစ်မည်။

နွေကဗျာက အရေးမစိုက်ဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်စာကိုယ်သင်စမ်းပါဟာ၊ အရေးစိုက်ပြီး လိုက်ကြည့်မနေနဲ့"

ထိုသို့ဆိုရင်း သင်နေသော စာကိုပဲ အာရုံပြန်နှစ်ထားလိုက်သည်။

နွေကဗျာ၏အပြုအမူကို အပြင်ဘက်မှ အကဲခတ်နေသော ဆောင်းသစ်ကလည်း မြင်ပါသည်။ မြင်ဆို ကြည့်နေသည်ကိုး။

ဒါဆို ဆောင်းသစ် ဘာဆက်လုပ်လဲ။ ကိုယ့်ကို အရေးမစိုက်သဖြင့် ထိုနေရာက ထွက်သွားသလား။ မသွားပါ။ လုံးဝမသွားပါ။ နိုင်ကျည်သောစိတ်ဖြင့် ဒီနေရာကို ရောက်လာခြင်းဖြစ်သည်။

ခုလည်း ကော်ရစ်တာမှာ ကိုရီးယားမင်းသားစတိုင်ဖြင့် ပန်းသီးကိုင်ရင်း ဆက်လျှောက်နေသေးသည်။ လျှောက်ရင်း ညောင်းလာပါက အမေရိကန်မင်းသားစတိုင်နှင့် တိုင်တစ်တိုင်မှာ ခဏမှီနေဖို့အထိ စဉ်းစားထား၏။

သို့နှင့် သင်တန်းတစ်ချိန်ပြီးတော့ နွေကဗျာတို့လည်း အပြင်ထွက်လာကြသည်ပေါ့လေ။ ထိုအချိန်ထိ ဆောင်းသစ်က ဖွဲကောင်းကောင်းနှင့် ချပ်စောင့်နေတုန်း . . .။

မြတ်နိုးက လက်ကုတ်ကာ မသိမသာမျက်ရိပ်ပြသော်လည်း နွေကဗျာကတော့ မသိကျိုးကျွန်ပြုရင်း ကိုယ့်လမ်းကိုယ်ဆက်လျှောက်လိုက်သည်။

ထိုစဉ် . . .

"နွေကဗျာ . . . ခဏ ခဏ"

ခေါ်သံနှင့်အတူ အနားရောက်လာသူက ဆောင်းသစ်ဖြစ်သည်။ နွေကဗျာက ဆတ်ခနဲရပ်ကာ ရှုတင်းတင်းပြန်ကြည့်လိုက်၏။

ထိုအချိန်မှာပဲ ဆောင်းသစ်က သူ့လက်ထဲမှာ ကိုင်ထားသည့် ပန်းသီးကိုလှမ်းပေးကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ယူပါ နွေကဗျာ ... ဒါ ကျွန်တော် သေသေချာချာ ရွေးဝယ်လာတဲ့ အင်းယားလမ်းက ပန်းသီးစစ်စစ်ပါ၊ သူက ထိုင်ဝမ်သီးစစ်စစ်လေ အရသာကို အာမခံပါတယ်တဲ့၊ ကျွန်တော် ဆယ်လုံးဈေးမေးပြီး ... ပြီး"

"ဒီမှာ"

နွေကဗျာက ရုတ်တရက် ဖြတ်ပြောလိုက်သဖြင့် ပန်းသီးဒက်ဖနေးရှင်း ဖွင့်နေသော ဆောင်းသစ်ပါးစပ် ပိတ်သွားရသည်။

နွေကဗျာကပဲ ဆက်၍ ...

"ရှင် ဘာတွေလာပြောနေတာလဲ၊ ရှင့်ဟာရှင် ထိုင်ဝမ်သီးမကလို့ အင်္ဂလန်သီးဆိုလည်း စိတ်မဝင်စားဘူး"

"ဟင် ... အင်္ဂလန်က ပန်းသီးလာလို့လား၊ ကျွန်တော် သိသလောက်တော့ အင်္ဂလန်က ပန်းသီး မတင်သွင်းလောက်ပါဘူး၊ ယိုးဒယားဆိုရင်တောင်"

"တော်စမ်းပါ ... ရှင့်စကားတွေကို ကျွန်မ နားထောင်ဖို့ အချိန်မရှိဘူး"

"ဒါဆိုလည်း ဒီပန်းသီးကိုတော့ လက်ခံလိုက်ပါ နွေကဗျာရယ် ... ရော့"

မျက်နှာငယ်လေးနှင့် ဆောင်းသစ်က ထပ်ကာ ထိုးပေးလိုက်သည်။ ထိုအချိန်မှာပဲ မျက်နှာရှေ့ရောက်လာသော ပန်းသီးကိုကြည့်ကာ နွေကဗျာက ...

"သွားစမ်းပါ"

ရှေရှုတ်ကာ လက်နှင့်ပုတ်ချလိုက်ခြင်းဖြစ်သည်။ မထင်မှတ်ထား၍ ဆောင်းသစ်ပင် အံ့ဩသွားရ၏။ နွေကဗျာက မှတ်ပြီလားဆိုသည့်အကြည့်ဖြင့် တစ်ချက်စိုက်ကြည့်ကာ ဆက်လျှောက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းသစ်တစ်ယောက် ကြောင်အမ်းကာ ခဏရပ်နေမိသေးသည်။

မည်သို့ပင်ဖြစ်စေ ...

လမ်းပေါ်လွတ်ကျသွားသည့် ပန်းသီးကို နှမြောမနေအားပါ။ ပြီး နွေကဗျာဆိုသည့် ဒီဟာမလေးကိုလည်း စိတ်မနာနိုင်ရက်ပါ။ ထိုသို့သော အတွေးနှင့် ဆောင်းသစ် ထပ်လှုပ်ရှားလိုက်၏။

"နွေကဗျာ ... နေပါဦး"

"ဟင်"

ရှေ့မှာ ပိတ်ရပ်ကာ ပန်းသီး ထပ်လာပေးနေသည့် ဆောင်းသစ်ကြောင့် နွေကဗျာ ကြောင်ပြီး ခြေလှမ်းရပ်မိသွားပြန်၏။

ဆောင်းသစ်ကပဲ ...

"ယူပါ နွေကဗျာ ... ဒါ ခုနက အောက်ကျသွားတဲ့ပန်းသီး မဟုတ်ပါဘူး၊ နောက်အသစ်တစ်လုံးပါ"

"ဘာပြောတယ်"

"ဟုတ်ပါတယ် နွေကဗျာရဲ့၊ ခုနက ပန်းသီးက ဟိုမှာလေ"

ယောင်တောင်တောင်နှင့် ဆောင်းသစ် ညွှန်ပြသည့်နေရာကို လှမ်းကြည့်မိသည်။ ဟုတ်ပါ၏။ ထိုနေရာမှာတော့ သူမ ပုတ်ချခဲ့သည့် ပန်းသီးလေးက တုံးလုံးလေး။ ရုတ်တရက် ဘာပြန်ပြောရမည်မှန်းပင်မသိ ဖြစ်သွားရ၏။

ဆောင်းသစ်ကတော့ ရုပ်တည်နှင့်ပင် ...

"စိတ်သန့်သန့်နဲ့ယူပါ နွေကဗျာ"

ဒီတစ်ခါလည်း နွေကဗျာက မယူသေးဘဲ မထီတလီဟန်လေးဖြင့် ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ... ရှင်က ကျွန်မ မယူမချင်း လိုက်ပေးနေမှာလား"

"ဟုတ်ပါတယ် ... ကျွန်တော် အလျှော်ပေးတာကို နွေကဗျာ ကျေနပ်လက်ခံတဲ့အထိပေါ့"

နွေကဗျာက ...

"ဒါဆို ဒီတစ်လုံးကို ကျွန်မ ထပ်ပုတ်ချလိုက်ရင်ရော"

စကားအဆုံးမှာပဲ ဆောင်းသစ်က ဟက်ခနဲ ရယ်ကာ ဘေးတစ်နေရာသို့ မေးဆတ်ပြရင်း ...

"ရပါတယ် ... ဟိုမှာကြည့်လေ ဒီလိုတွေ ဖြစ်လာနိုင်တယ်ထင်လို့ ကျွန်တော် ပန်းသီးတွေ လုံလုံလောက်လောက် ဝယ်လာပါတယ်"

ဆောင်းသစ်ပြသောနေရာကိုကြည့်ကာ နွေကဗျာတို့ သုံးယောက်စလုံး မျက်လုံးပြူးရတော့သည်။ မြင်လိုက်ရသည်က တခြားတော့မဟုတ်ချေ။ ပန်းသီးအပြည့်ထည့်ထားသော ခြင်းတောင်းကြီးတစ်ခုစီကို ကိုယ်စီထမ်းထားသော ဒင်း၏သူငယ်ချင်းနှစ်ယောက်ပင် ဖြစ်လေသည်။ အလုံးအရေအတွက်ကလည်း နည်းမည်မဟုတ်။

နွေကဗျာ ဘာလုပ်ရမှန်းမသိဖြစ်သွားရ၏။ အရေးထဲ မြတ်နိုးနှင့် ရွှေရည်တို့က တခိခိရယ်နေကြသေးသည်။

ဒီနေရာမှာ နွေကဗျာ စဉ်းစားရတော့၏။ တခြားတစ်နေရာမှာ ပြောင်းစဉ်းစားလို့လည်း မရသည်ကိုး။ ထိုသို့ နေရာပြောင်းလျှင်ပင် ဆောင်းသစ်ဆိုသော ဒင်းက ထက်ကြပ်မကွာ လိုက်လာမည့်သဘောမှာ ရှိနေသည်။

ထို့ကြောင့် စဉ်းစားလိုက်ပြီးမှ ဆောင်းသစ်ကို ခပ်စူးစူးကြည့်ကာ-

"ဩော် ... ဒါဆို ရှင်က ကျွန်မ ကျေကျေနပ်နပ် လက်ခံတဲ့အထိ မချင်း လိုက်ပေးနေမှာပေါ့၊ ဟုတ်လား"

"သေချာပါတယ် နွေကဗျာ၊ ကျွန်တော် တစ်ပြည်တစ်ရွာက ထွက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပန်းသီးတွေကို သေသေချာချာ ဝယ်လာတာပါ၊ နွေကဗျာ မယူမချင်း ကျွန်တော် ပေတစ်ရာပေါ်ထိ လိုက်ပေးရမှာပဲ၊ အဲဒါ သေချာတာမို့ နွေကဗျာ ငည်း အဖြေမရှာပါနဲ့တော့''

စိတ်ရှုပ်နေသည့်ကြားက ဆောင်းသစ်က ကာရံနှုဘောတွေနှင့် ပြော နေ၍ နွေကဗျာ ရယ်ချင်သွားမိသည်။ မျက်နှာကိုပင် ဟန်လုပ်ကာ ပြန်တင်း ထိုက်ရ၏။

ပန်းသီးခြင်းကြီးနှစ်ခြင်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ နွေကဗျာ က ...

"အဲဒီလို တစ်လုံးပုတ်ချတိုင်း တစ်လုံးလိုက်ပေးနေရင် လူတွေကြား ထဲမှာ ကျွန်မကို နှောင့်ယှက်သလိုဖြစ်မနေဘူးလား''

"နှောင့်ယှက်ရအောင် လူကြားထဲ စာတစ်စောင်ပြီးတစ်စောင် လိုက် ပေးနေတာမှ မဟုတ်တာ ... စားစရာပန်းသီးပဲလေ''

"ဘာရှင့်''

"အဟင်း ... နွေကဗျာက ကိုယ့်အလှည့်ကျတော့ စိတ်ဆိုးတတ် သားပဲ၊ နွေကဗျာ ... ကျွန်တော့်ကို လူတွေကြားထဲမှာ ရိုးရိုးသားသား ပန်းသီးပြန်ပေးမယ်ပြောတာကို ခွေးတက်ကောင်လို မောင်းထုတ်ခဲ့တုန်းက ကျွန်တော် စိတ်မဆိုးခဲ့ဘူးနော်''

ထိုစကားကိုမှ တမင်ရွေးကာ ဆောင်းသစ်က ပိုပိုသာသာလေး ပြောလိုက်ခြင်းဖြစ်သည်။ ဒါမှလည်း ဇာတ်က နာမည်လေ ... အဟဲ။

စကားအဆုံးမှာ နွေကဗျာ တစ်ချက်တော့ တွေခနဲ ဖြစ်သွား၏။ ပြီးမှ ဆောင်းသစ်ကို မှုန်တေတေလေးပြန်ကြည့်လိုက်ရင်း ...

"သြော် ... ဒါဆို ရှင်က ရှင် အရှက်ကွဲလို့ ကျွန်မကိုပြန်လှည့်တော့ သဘောပေါ့ ... ဒီလိုလား''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မရှည်ရှယ်ပါဘူး နွေကဗျာ၊ ခုလည်း ခင်ဗျား ဒီပန်းသီးကို ကျေကျေနပ်နပ် ယူလိုက်ရင် အားလုံးပြီးသွားပြီပဲ"

"အောင်မာ ... ဘာလို့ယူရမှာလဲ၊ အဲဒါဆိုရင် ရှင်နှောင့်ယှက်မှာကို ကြောက်လို့ ယူလိုက်ရသလို ဖြစ်သွားမှာပေါ့"

"ဒါဆိုလည်း ဒီပန်းသီးကို ပုတ်ချလိုက်လေ၊ ကျွန်တော် နောက်ထပ်တစ်လုံး ထပ်ပေးမှာပေါ့"

"ရှင်နော် ... ပြောလေကဲလေပါလား"

"ဩော် ... ကဲ ... လွယ်တာကို ခက်အောင်လုပ်နေတာကမှ ခင်ဗျားဗျ"

"တောက်!"

"တဲ့!"

အသံနှစ်သံက ရှေ့ဆင့်နောက်ဆင့် ထွက်လာသည်။ 'တောက်' သည် နွေကဗျာ တက်ခတ်လိုက်ခြင်းဖြစ်ပြီး 'တဲ့' ကတော့ ဆောင်းသစ် တမင်လုပ်လိုက်သည့်အသံဖြစ်သည်။ သို့နှင့် နှစ်ယောက်ပေါင်းက 'တောက်တဲ့' ဖြစ်သွားရ၏။ တောက်တဲ့ဟု ဆိုခဲ့သည့်အတိုင်း နှစ်ယောက်သား ခွာမရသေးဘဲ တိုင်ကပ် ... အဲ ... တိုင်ပတ်နေကြသေးသည်။

ထိုအချိန်မှာပဲ နွေကဗျာက မျက်နှာလေးကို မဲ့ကာ ...

"ရှင် ... ကျွန်မကို ဒီလောက် ပန်းသီးတွေ အများကြီး ပေးချင်နေရင်လည်း ဒီလိုလုပ်ပါလား"

"ပြောကြည့်လေ"

မျက်စောင်းက ဒိုင်းခနဲ အရင်ရောက်လာသည်။ ပြီးမှ ...

"ရှင့်ဘက်က ကျွန်မကို ပန်းသီး တစ်ရက်တစ်လုံး လာပေးလေ၊ နှစ်ဆယ့်ငါးရက်တိတိ ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သိပ်ဖြစ်တာပေါ့၊ ဒါပေမဲ့ အဲဒီနှစ်ဆယ့်ငါးလုံး ပေးပြီး ခင်ဗျား ကျေနပ်ပါပြီလား"

စကားအဆုံးမှာ နွေကဗျာက မဲ့ပြုံးလေး ပြုံးရင်း ...

"ဒီလောက်တော့ ဘယ်လွယ်မလဲရှင့်၊ အဲဒီပန်းသီးနှစ်ဆယ့်ငါးလုံး ကို ကျွန်မဆီကို ခုလို မျက်နှာချင်းဆိုင် လာပေးတာမဟုတ်ဘဲ ကျွန်မ မသိလိုက်တဲ့အချိန်မှာ ကျွန်မဆီ ရောက်လာတာမျိုး ရှင်ပို့ရမယ်၊ တကယ်လို့ အစ်ရက်ရက်မှာများ ကျွန်မ ရှင်ပို့မယ့်ပန်းသီးကို စောင့်ဖမ်းနိုင်ရင် အဲဒီနေ့က စပြီး ရှင် ကျွန်မကို ဘာကိစ္စနဲ့မှ လာမပတ်သက်ရဘူး"

ဆောင်းသစ်က ခေါင်းတဖျင်းဖျင်းကုတ်လိုက်ပြီး ...

"ထားပါတော့ ... အကုန်မသိအောင် ပို့နိုင်ခဲ့ရင်ရော"

"ပြောပြီးပြီလေ၊ ရှင်ပြောတဲ့အတိုင်း ကျေနပ်ပေးမှာပေါ့"

"ဒါပဲလား ... ဟင်"

"အောင်မာ ... ကျွန်မက ဘာကို ထပ်လုပ်ပေးရဦးမှာလဲ"

စူပွပွပြောလာသော နွေကဗျာ၏မျက်နှာလေးကို ဆောင်းသစ်က မျက်တောင်မခတ်စိုက်ကြည့်ရင်း ...

"တကယ်လို့ အားလုံးပို့နိုင်ခဲ့ရင် နွေကဗျာဆီက ခင်မင်ခွင့်လေး ရချင်တယ်"

ဘေးနားက မြတ်နိုးနှင့်ရွှေရည်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ သူတို့ထင်ထားသလို ဇာတ်လမ်းက တကယ် ပြီးသွားတာ မဟုတ်သေးဘူးဆိုသည့် အကြည့်မျိုး။ (ဘယ်ပြီးမလဲ ... ကျွန် တော်တောင် ခုမှအစပျိုးနေရတာဗျ။ (စာရေးသူ)

နွေကဗျာမျက်နှာလေးပေါ်မှာတော့ အရိပ်တချို့ စက္ကန့်ဝက်လောက် ဖြတ်သန်းသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချက်ချင်းပဲ မျက်ခုံးလေးနှစ်ဖက်ကို ပင့်ကာ ...

"အဲဒီကိစ္စကိုတော့ ခဏထားလိုက်ပါဦး၊ နှစ်ဆယ့်ငါးရက်ဆိုတော့ ရှင့်မှာ အခွင့်အရေးသိပ်နည်းတယ်လေ၊ ကြားထဲက တစ်ရက်ရက်မှာ ကျွန်မ ရိပ်မိသွားနိုင်တာပဲ၊ မဟုတ်ဘူးလား"

"ထားပါတော့ ... ဒါဆို ကျွန်တော်က ဘယ်နေ့ ပန်းသီး စပို့ရမှာလဲ"

နွေကဗျာက အသံပြတ်ဖြင့် ...

"မနက်ဖြန်"

စကားအဆုံးမှာ ဆောင်းသစ်က ပခုံးကို ဟန်ပါပါ တွန့်လိုက်ပြီး-

"အိုကေ ... နွေကဗျာ၊ မနက်ဖြန်မှာ ခင်ဗျား မသိအောင် အနား ရောက်လာမယ့် နံပါတ်တစ်ပန်းသီးကို စောင့်နေလိုက်ပါ"

"သိပ်လည်း အပြောမကြီးပါနဲ့ ဆောင်းသစ်၊ ဪ ... ဒါနဲ့ ကျွန်မ အတန်းတက်တဲ့ စာသင်ခုံခေါင်းထဲမှာတော့ လာမထည့်ထားနဲ့ဦး နော်၊ တစ်ယောက်ယောက်ကို အရင်သွားကြည့်ခိုင်းလိုက်လို့ တစ်ရက်တည်း နဲ့ ပွဲပြတ်သွားဦးမယ်"

ဆောင်းသစ်က ခပ်ဟာဟာရယ်တော့သည်။ ပြီး ...

"ရိုးပါတယ် နွေကဗျာရယ် ... အဲဒါ ကျွန်တော်တို့အဖေခေတ် လောက်က ရည်းစားစာပေးတဲ့နည်းတွေပါဗျ ... ဟဲ ဟဲ၊ နွေကဗျာ နည်း နည်းတော့ စိတ်လှုပ်ရှားစေရမှာပါ၊ ဪ ... စောင့်ဖမ်းဖို့လည်း မေ့ မနေနဲ့ဦး"

"အဲဒါ ... ကျွန်မကိစ္စပါ ... ရှင့်"

"ဟုတ်ပါပြီ ... ကျွန်တော်ကလည်း ကိုယ့်ကိစ္စ ကိုယ်ဒိုင်မှာပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ခု ရှင်သွားတော့လေ"

ဆောင်းသစ်က ကိုရီးယားဇာတ်လမ်းတွဲတွေထဲကအတိုင်း ဦးညွှတ်တာ အရိုအသေပေးသလို ဟန်လုပ်လိုက်ရင်း ...

"ဟုတ်ကဲ့ ... ကောင်းကောင်းသွားမှာပါ ခင်ဗျ၊ သြော် ... ဒါနဲ့ ပြောရဦးမယ်၊ ကျွန်တော်ပို့လိုက်တဲ့ ပန်းသီးမှာ ကျွန်တော် ပို့လိုက်ကြောင်း သိအောင် စတေကာလေးတွေပါ ကပ်ပေးလိုက်ပါ့မယ်"

"ကောင်းပြီလေ ... ရှင်ပြောချင်တာ ဒါပဲမဟုတ်လား"

"ဟုတ်ကဲ့ ... ကျန်တဲ့စကားတွေကတော့ နောက်များကျမှပေါ့ဗျာ ... ဟဲ ဟဲ ဟဲ"

ထိုးမှာသေချာနေသည့် နွေကဗျာမျက်စောင်း ရောက်မလာခင်မှာပဲ ဆောင်းသစ် အမြန်လှည့်ထွက်လာခဲ့လိုက်သည်။ ဒါတောင် စူပွပွရေရွတ်သံလေးကို မသဲမကွဲ ကြားလိုက်ရသေး၏။

နွေကဗျာကတော့ ကြီးကြီးကျယ်ကျယ်တော် ...ဟု ရေရွတ်လိုက်ခြင်းဖြစ်သည်။ အကောင်းမြင်တတ်သော ဆောင်းသစ်နားထဲမှာတော့ ထိုစကားကို ကြားလိုက်ပုံက အချစ်ကြီးချစ်တယ် တော်ဟူ၍။

ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်စွာ ဆောင်းသစ် ရင်ကော့ပြီး ထွက်လာခဲ့သည်။ နွေကဗျာတို့တော့ ဘယ်လိုကျန်ခဲ့သည်မသိ။ မတ်တတ်ကြီးဖြစ်ဖို့တော့များသည်။ လမ်းပေါ်မှာ လေးဖက်ထောက်နေမည်မှမဟုတ်ပဲ။ ဒါတောင် ဆောင်းသစ်က ငါ့နောက်ကျောကိုများ မြင်ကွင်းထဲက ပျောက်သွားတဲ့အထိ ငေးကြည့်နေဦးမလား ... ဟူ၍ပင် မညာမတာ တွေးလာလိုက်သေးသည်။ (မောင်တို့ယောကျ်ားတွေများ)

ထိုသို့လျှောက်လာစဉ်မှာပဲ ပခုံးတစ်ဖက်ကို ဆွဲလှည့်ခံလိုက်ရသဖြင့် လှည့်အကြည့် ...



www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင် ... မင်းက ဒါ ဘာလုပ်သွားတာလဲ"

ထိုအသံနှင့်အတူ တွေ့လိုက်ရသူက တိုးတိုးနှင့်ဖြိုးလေး။ ငယ်ကျွန်ကြီးတွေ။ ပန်းသီးခြင်းတောင်းတွေကို ကိုယ်စီထမ်းထားရ၍ မျက်ခွက်တွေက မဲ့ရှုံ့နေကြသည်။

ဆောင်းသစ်က ခပ်တည်တည်မျက်နှာပေးနှင့် ...

"ဟ ... ငါက ဘာကိုဘာလုပ်ရမှာလဲ"

"အောင်မာ ... ဒီမှာ ငါတို့ထမ်းထားရတဲ့ ခြင်းတောင်းတွေကို ပြောတာကွ"

"ဟင် ... အဲဒါက မင်းတို့ဘာသာ ထမ်းထားတာလေ၊ ဘာလဲ ငါက လုပြီး လာထမ်းနေလို့လား"

နှစ်ကောင်စလုံး တင်းသွားကြသည်။ တိုးတိုးက အရင် ...

"ငသစ် ... မင်း မမိုက်ရိုင်းနဲ့နော်၊ ငါတို့က မင်းကိစ္စကြောင့် နောက်က ထမ်းလိုက်လာရတာကွ"

"အေးလေ ... ခု ငါ့ကိစ္စက ပြီးသွားပြီပဲ၊ မင်းတို့က ဘာဖြစ်လို့ ဆက်ထမ်းထားရတာတုံး"

"ဟာကွာ ... ဒီကောင်တော့"

ပြောရင်း နှစ်ကောင်သား ဆောင့်ကြီးအောင့်ကြီးနှင့် ခြင်းကြီးတွေကို ပခုံးပေါ်မှ ကိုယ်စီ ချလိုက်ကြ၏။ ချက်ချင်းဆိုသလိုပင် နှစ်ကောင်စလုံး၏ ပါးစပ်မှ စက်သေနတ်ပစ်သလို အဆဲအဆိုတွေက မနားတမ်း မြိုင်မြိုင်ဆိုင်ဆိုင်ထွက်လာတော့သည်။

ဆောင်းသစ်က နာဟန်မရှိဘဲ တဟားဟားရယ်ရင်း ...

"မင်းတို့ကို စတာပါကွာ၊ ကဲ ... ဒီပန်းသီးတွေကို ဘာလုပ်ရင် ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

"မင်းဟာမင်း လုပ်ချင်တာလုပ်"

နှစ်ကောင်စလုံး တင်းနေသေးသည့်ပုံစံတွေနှင့် ဆူအောင့်အောင့်ဖြစ်လာသည်။

ဆောင်းသစ်က ...

"ကဲပါကွာ ... ပန်းသီးတွေက အများကြီးဆိုတော့ ပန်းသီးပရိုရမ်တဲ့အထိမ်းအမှတ်နဲ့ ငါတို့ ပန်းသီးအလှူလုပ်ရအောင်"

"ဘယ်လိုလုပ်မှာလဲ"

"ဒီလိုလေ ... ငါတို့ ဒီသင်တန်းဝင်းထဲမှာ သွားရင်းလာရင်းနဲ့ တွေ့တဲ့သူတွေကို တစ်ယောက်တစ်လုံးစီ ဝေမယ်ကွာ၊ မကောင်းဘူးလား"

"အေး ... ကောင်းသားပဲ"

ဖြိုးလေး စကားအဆုံးမှာ တိုးတိုးကလည်း ...

"အေးလေ ... မဟုတ်ရင်လည်း ဒီအတိုင်း ပစ်လိုက်ရမှာကွ"

"မင်းတို့သဘောတူတယ်နော်"

"တူပါတယ် ဆိုမှကွာ"

စကားအဆုံးမှာ ဆောင်းသစ်က ခေါင်းတစ်ချက် ပြင်းပြင်းညိတ်လိုက်ပြီး ...

"ဒါဆိုလည်း ပြီးရော၊ ငါတို့ သွားကြရအောင်၊ မင်းတို့နှစ်ယောက်တစ်ခြင်းစီ ပြန်ထမ်းပြီး နောက်က လိုက်ခဲ့ကြတော့"

"ဟာ"

"ဟော့ကောင် သေစ် ... နေဦးလေ"

"တောက်! ... ဒီကောင်ကွာ လုပ်ချသွားပြန်ပြီ"

ထိုအချိန်မှာတော့ ဆောင်းသစ်က မိတ်ဆွေတစ်ရာပြေးသော ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးဖြင့် မာတ်တိုင်တစ်တိုင်စာလောက်အကွာပင် ရောက်ရှိသွားလေပြီ။

ဒီတစ်ခါလည်း နှစ်ကောင်စလုံး မှတ်သားထားသမျှ အဆဲအဆို များအား စိတ်ရှိလက်ရှိ ရင့်ကျူးရင်း ခြင်းတောင်းတွေကို ကိုယ်စီ ပန်းပေါ်သို့ ပြန်ကာ 'မ' တင်လိုက်ရတော့၏။

သကောင့်သား ဆောင်းသစ်ကတော့ ခပ်ရှေ့လှမ်းလှမ်းမှာ လေ ကလေး တချွန်ချွန်နှင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ပန်းသီးအစ ပန်းသီးအဆုံး
ဒီရာဇဝင်တစ်ခုလုံးထဲ
ကိုယ် ဘုံးဘုံးမလဲပါရစေနဲ့
ပန်းသီးမလေးရေ…။
တကယ်ဆို
ကျူးပစ်က မြားထိပ်မှာ ပန်းသီးတပ်ပြီး
ကိုယ့်ကို ချင်ခြင်းတက်စေခဲ့တာပေါ့။
အဲဒီပန်းသီးဆိုတာက
မင်းလေးပဲလို့
ကိုယ် ရိုးရိုးလေးတွေးပြီး
ရဲရဲကြီးယုံလိုက်တယ်…။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သင်တန်းဝင်းထဲရှိ ကင်တင်းတစ်ခုမှာ ဝင်ထိုင်ရင်း မြတ်နိုးနှင့် ရွှေရည်တို့နှစ်ယောက်သား စကားကောင်းနေကြသည်။ လူတွေကတော့ ကောင်းမကောင်းမသိ။ နှစ်ယောက်စလုံး အတွဲ=ချစ်သူ=ရည်းစား ဘာညာ ဘာညာရှိသော်လည်း လူပုံစံတွေကတော့ အလတ်ကြီး ရှိပါသေးသည်။ ထားတော့။ ဒါကတော့ ကျီးစားစား၊ ခွေးထိုးထိုး၊ ကြောင်ခြစ်ခြစ် ကိုယ်နှင့် မဆိုင်ချေ။ ထိုသည်က ဒင်းတို့၏ခန္ဓာဗေဒကိစ္စ။

သို့သော် ...

လောလောဆယ် သူတို့စကားကောင်းနေသည့်အကြောင်းအရာက ကိုယ်နှင့် တိုက်ရိုက်ပတ်သက်နေသည်။ လမ်းတစ်လျှောက်လုံး မနားတမ်း ပြောလာခဲ့သည့် ပန်းသီးကိစ္စကို ခု ဆိုင်ထဲရောက်၍ ထမင်းပေါင်းတစ်ပွဲစီ မျိုဆို့ပြီးသည့်တိုင် မပြီးနိုင်မစီးနိုင်။ ကိုယ့်ကို ဘေးမှထားကာ ဧ၏တင်ကြီး အတင်းပြောနေသလို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးက နွေကဗျာကို မသိမသာစွေကြည့်လိုက်ပြီးမှ ရွှေရည်အား

"ငါ ... နင့်ကို ဟိုတစ်ရက်ကပဲ ပြောတယ်မလား၊ ဒီအဆင်နဲ့ ဒီအဆင်ဟာ ဒီဖဲတက်လာပြီး ဒါနဲ့ပဲ ဒေါင်းမှာပဲလို့လေ"

"အေးဟ ... ဘာပဲပြောပြော နင်ခန့်မှန်းသလို အဆင်လေးက လာလာတာကိုး"

"သြော် ... လှုဆို ဒီဘက်က ပစ်ဖဲလေးကလည်း ကောင်းသွားတယ်လေ"

စိတ်တိုလာတော့သည်။ ဒင်းတို့ပြောနေသည်က အသုဘအိမ်မှာ ညအိပ်စောင့်ပြီး အပျင်းပြေ ဖဲရိုက်နေသည့်ကိစ္စမဟုတ်။ ကိုယ့်အကြောင်းကို စောင်းမြောင်းပြောဆိုနေကြခြင်းဖြစ်သည်။

ပထမတော့ ကြည့်နေသေးသည်။ ဒုတိယမှ့ သည်းခံကာ လွှတ်ထားပေးသေးသည်။ တတိယမှ့ ထမင်းပေါင်းတစ်ပွဲစားပြီး၍ ဗိုက်ပြည့်ကာ အားရှိသွားချိန်မှာတော့ နွေကဗျာ ဘယ်လိုမှ မနေသာတော့ချေ။

ထို့ကြောင့် ငါဟဲ့ နွေကဗျာဟု စိတ်ထဲက အသံတိတ် ကြုံးဝါးလိုက်ရင်း စားပွဲကို ဖြန်းခနဲပုတ်လိုက်ကာ ...

"ဟဲ့ ... နင်တို့နှစ်ယောက် ဒီကိစ္စကို မပြီးနိုင်တော့ဘူးလား"

မယ်မင်းကြီးမနှစ်ပါးစလုံး လန့်သွားကြသည်။ နွေကဗျာကိုလည်း ပြူးပြူးပြဲပြဲကြည့်လာ၏။ (ဒီနေရာမှာ ဘာပြူးပြီး ဘာပြဲသလဲဟု မေးလာလျှင် အင်း ... ပရိသတ်ကြီးထင်သလို မျက်လုံးပြူးပြီး ပါးစပ်တွေ ပြဲသွားတာပါ ခင်ဗျာ)

စကားသွက်သော မြတ်နိုးက အရင် ...

"မိနွေ ... အတင်းပြောတယ်ဆိုတာ အတင်းဥပဒေကို လိုက်နာရတယ်ဟ၊ နင့်အကြောင်းကို မအောင့်နိုင်လို့ နင့်ရှေ့မှာ ပြောချင်တာကို

www.burmeseclassic.com



နင့်နာမည်တပ်ပြီး ငါတို့ ဘယ်ပြောလို့ရမှာလဲ''

''အောင်မာ ... ဘယ်လိုပဲပြောပြော ငါ့အကြောင်းဆိုတာ ငါသိနေတာပဲ''

မြတ်နိုးကပဲ မျက်နှာကိုမဲ့ပြီး ...

''သိပ်လည်း ဘဝင်မမြင့်ပါနဲ့ဟာ၊ နင့်အကြောင်းချည်းပဲ မဟုတ်ပါဘူး၊ ငါတို့ပြောနေတာ ဟို ... ဆောင်းသစ်ဆိုတစ်ယောက်အကြောင်းက ပိုများပါတယ်၊ ဒီနေ့ သူလုပ်သွားတဲ့ လုပ်ကွက်ကလေးက လှလို့ပါဟ''

နွေကဗျာ တင်းသထက် တင်းလာတော့၏။

''အေး ... ဘာပဲဖြစ်ဖြစ် တော်ရုံတန်ရုံပြောရင် တော်ပြီပေါ့၊ နေစမ်းပါဦး ... နင်တို့နှစ်ယောက်စလုံးမှာ ရည်းစားကိုယ်စီ ရှိတယ်နော်''

''ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲ''

''နင်လည်း သိတာပဲဟာကို''

နှစ်ယောက်စလုံးက မာန်တက်သလို ရင်ကော့၍ ဖြေသည်။ ဒီတစ်ခါတော့ နွေကဗျာလည်း နှစ်ယောက်စလုံးကို ရက်ရက်စက်စက်ကြည့်ကာ ပက်ပက်စက်စက် ပြောချလိုက်လေ၏။

''အေး ... ငါသိပါတယ်၊ ဒါနဲ့တောင် နင်တို့နှစ်ယောက်စလုံးက ကိုယ့်ချစ်သူရည်းစားအကြောင်းမပြောဘဲ ဆောင်းသစ် ... ဆောင်းသစ်နဲ့ ဖြစ်နေရအောင် အဲဒီဆောင်းသစ်က နင်တို့လင်မို့လို့လား''

''ဟယ် ... ကောင်မ''

''မိနွေ .. နင်မယုတ်ပတ်နဲ့နော်''

ဒါမျိုးကျတော့ နှစ်ယောက်စလုံး မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် ထအော်ကြတော့သည်။ နွေကဗျာလည်း နားကြားပြင်းကတ်လာ၍ ထိုသို့ ပိုးစိုးပက်စက် ပြောလိုက်ခြင်းဖြစ်၏။ ခုတော့ ဆောင်းသစ်ကို လင်လုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဘန်မတူသော နှစ်ယောက်စလုံး ပါးစပ်ပိတ်သွားကြသည်။ ကောင်းပါသည်။ ဒီထက်ပိုပြောလာလျှင်လည်း ဒင်းတို့ဘဝ ရေတိမ်နစ်သည့်အနေအထားထိ ပြောဖို့ နွေကဗျာ စဉ်းစားထားပြီးသား။

သို့သော်လည်း မကြာပါချေ။ အမေမွေးကတည်းက ပါလာသော ပါးစပ်ကို ထမင်းစားဖို့အပြင် အတင်းပြောဖို့ထိ အသုံးချရန် ရည်ရွယ်ထားသဖြင့် စကားပြန်စလာကြသည်။

"မိနွေ"

"ဟေ ဟာ ... ဘာလဲ"

"ဒီတစ်ခါတော့ ငါတို့ စကားအကောင်းပြောမှာပါ"

"အေး ... ပြော"

နွေကဗျာက သူငယ်ချင်းဟူသောစိတ်ဖြင့် အခွင့်အရေးပြန်ပေးလိုက်၏။ ရလာသော အခွင့်အရေးကို အမိအရဆုပ်ကိုင်ရင်း မြတ်နိုးက စကားပြန်စလာသည်။

"မိနွေ ... နင် ခုကိစ္စကို ခေါင်းထဲမှာ ဘာမှမစဉ်းစားထားဘူးလား ငါက တိုင်ပင်သင့်တယ်ထင်လို့ မေးတာနော်"

နွေကဗျာက ...

"စဉ်းစားထားသင့်သလောက်တော့ စဉ်းစားထားပါတယ်၊ ဒါပေမဲ့ ... ဒီကိစ္စက ကြိုတင်ပူပန်နေလို့မှ မရတာ၊ သူ့ဘက်က လှုပ်ရှားလာတာကို မူတည်ပြီး အဲဒီအခြေအနေအပေါ်မှာ ပြန်လှုပ်ရှားရမှာလေ"

စကားအဆုံးမှာ ရွှေရည်က ခေါင်းဝင်ညိတ်ရင်း ...

"အဲဒါတော့ မိနွေပြောတာ ဟုတ်တယ်ဟ၊ သူ့ဘက်က တစ်ခုခု တစ်မျိုး ဘယ်လိုပုံစံနဲ့ ပန်းသီးပေးလာမယ်ဆိုတာ ငါတို့ မသိထားနိုင်ဘူးလေ၊ ဒါပေမဲ့ ငါသိချင်တာတစ်ခုက နင် ဘာဖြစ်လို့ သူ့ကို ဒီအခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာလဲ''

''အေး . . . ဟုတ်တယ်၊ ငါလည်း အဲဒါကိုပဲ သိချင်တာ''

မြတ်နိုးကပါ ဝင်ပြောလာသည်။ နွေကဗျာက သက်ပြင်းဖွဖွချပြီး-

''အဲဒါကတော့ဟာ . . . ပထမတစ်ကြိမ် ဇာတ်လမ်းပြတ်ပြီလို့ ထင်ထားပေမယ့် မပြတ်ဘူး၊ ပြီးတော့ ငါ့ဘက်ကလည်း သူ့ကို လူကြားထဲမှာ အော်ထုတ်လိုက်တာက ဖောင်းသလိုဖြစ်သွားတာ၊ သူကလည်း အဲဒီအချက်ကို နင်းပြီး ပြန်လုပ်လာတာလေ၊ ခုတစ်ခါ အခွင့်အရေးပေးလိုက်တယ်ဆိုတာက ငါ လူကြားထဲမှာ သူ့ကို ကျွတ်ကျဲပြီး ပန်းသီးယူလိုက်ရတာထက် ခုလိုမျိုးဆိုရင် ပိုပြီးမျှတတဲ့ ကစားပွဲဆန်မယ်လို့ထင်တယ်၊ အဲဒီသဘောပါပဲ''

''အင်း . . . နင်ပြောတာက သဘာဝတော့ ကျပါတယ်၊ ဒါပေမဲ့ သူ့ဘက်က ပန်းသီးအားလုံး ပို့လာနိုင်ရင်ရော''

နွေကဗျာက ခပ်ဖြည်းဖြည်း ခေါင်းခါသည်။

''မထင်ပါဘူးဟာ၊ နှစ်ဆယ့်ငါးရက်စလုံး ပိတ်ရက်မရှိ ငါမသိအောင် ဘယ်လိုပို့နိုင်မှာလဲဟ၊ တစ်ရက်ရက်တော့ ဒင်းကို လက်ထဲမှာ ပန်းသီးကိုင်ပြီး ငါမိမှာပါ၊ ဒီတစ်ခါတော့ ဇာတ်လမ်းက အပြတ်ပဲ . . . ဟင်း ဟင်း''

ကိုယ့်အတွေးနှင့်ကိုယ်တော့ နွေကဗျာ တစ်ယောက် သေချာနေသည်။ စကားအဆုံးမှာပဲ မြတ်နိုးက စဉ်းစဉ်းစားစား ထပ်ပြောလာ၏။

''အေးလေ . . . ဘာပဲဖြစ်ဖြစ် နင့်ဘက်ကတော့ သူ အားလုံးပို့နိုင်ခဲ့ရင်ဆိုတဲ့အပိုင်းကိုပါ စဉ်းစားထားသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူပြောသွားတဲ့စကားကို ကြားတယ်မဟုတ်လား၊ အဲဒါ သူ့ဘက်က နင့်ကို ဇာတ်လမ်းဆက်ချင်တဲ့သဘောဆိုတာ သေချာတယ်''

''ဟုတ်တယ် မိန္ဒွေ၊ သူ့ပုံစံကြည့်ရတာ နင့်ကို စိတ်ဝင်စားနေမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိသာတယ်''

နွေကဗျာ့မျက်နှာပေါ် ရှက်ရိပ်တချို့ အုပ်မိုးသွားရသည်။ တကယ်တမ်းမှာ ထိုအခြေအနေအထိ သူမ မစဉ်းစားထား။ ခုတော့ ဘာပဲပြောပြော ငြင်းစရာ ဖြစ်လာပြီ။

သို့သော်လည်း . . . လက်ရှိအချိန်မှာ ဖြစ်မလာသေးသည့်အခြေအနေတစ်ခုကို ကြိုတင်ကာပူပင်မနေချင်၍ . . .

''အေးပါဟာ . . . ငါနားလည်ပါတယ်၊ ဒါပေမဲ့ . . . ခုချိန်မှာ မနက်ဖြန် ဘာဖြစ်လာမလဲဆိုတာကိုပဲ ငါ စဉ်းစားနေတယ်၊ တစ်ခုရှိတာက ငါ့အတွက် အကူအညီလိုလာရင် နင်တို့ဘက်က ပေးဖို့ပဲ''

စကားအဆုံးမှာ နှစ်ယောက်စလုံး ခေါင်းညိတ်ကြသည်။

မြတ်နိုးက . . .

''စိတ်ချပါ မိနွေရယ် . . . နင့်အတွက် လိုအပ်တဲ့အကူအညီကို ငါတို့ ပေးမှာပါ၊ ဟိုလေ . . . နင့်စိတ်ထဲမှာ ဆောင်းသစ်နဲ့ ပတ်သက်ပြီး ဘယ်လိုမှ မခံစားရဘူးလားဟင်''

ဘယ်လိုမှမထင်ထားသည့် မေးခွန်းဖြစ်သည်။ နွေကဗျာစိတ်ထဲမှာ အနည်းငယ်လှုပ်ရှားသွားရပြီး . . .

''မသိဘူးဟာ . . . လောလောဆယ်သိတာက သူနဲ့ကစားမယ့်ပွဲမှာ ငါနိုင်ချင်တာပဲသိတယ်၊ ကဲ . . . ငါ ပြန်တော့မယ်''

ကောက်ခါငင်ခါ ထပြန်သွားသော နွေကဗျာကိုကြည့်ကာ မြတ်နိုးနှင့်ရွှေရည်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

ပြီး . . . မြတ်နိုးကပဲ . . .

''ရွှေရည် . . . နင်ရော ဆောင်းသစ်ကို ဘယ်လိုမြင်လဲ''

''ငါလား . . . အင်း . . . ဆောင်းသစ်ကိုတော့ မိနွေရဲ့ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



လောင်းလို့ မြင်တယ်"

"အေး ... ငါလည်း ဒီလိုပဲ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အိမ်ပြန်ရောက်တော့လည်း နွေကဗျာမှာ အခက်တွေ့နေရသည်။ မေမေက ထူးထူးဆန်းဆန်းစကားဆိုလာ၍ဖြစ်၏။

"သမီး ကဗျာ . . . မေမေ ပြောစရာရှိတယ်"

နွေကဗျာက မျက်ခုံးပင့်ရင်း . . .

"ပြောပေါ့ မေမေရယ် . . . သားအမိချင်းပဲ စကားပလ္လင်က ခံနေသေးတယ်"

မေမေက မျက်မှောင်ကြုတ်သည်။ ပြီး . . . သူမွေးထားသည့် သမီးကို သူ့သမီးအစစ်ဟု ပိုင်ပိုင်နိုင်နိုင်ယူဆလိုက်ကာ . . .

"သမီးမှာ ချစ်သူရည်းစား ရှိနေပြီလား"

စိတ်ထဲ ထူးဆန်းအံ့ဩသွားရ၏။ အို . . . တောက်တီးတောက်တဲ့ဟု ပြောရအောင်လည်း မွေးသမိခင်မို့မကောင်းချေ။

ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မေမေကလည်း မရှိပါဘူး"

ဂျာနယ်ဖတ်နေသော ဖေဖေက တစ်ချက်လှမ်းကြည့်သည်။ ဘာမှတော့ ဝင်မပြော။ သို့သော်လည်း မေမေက ဆက်ပြောလာသည်။

"မရှိရင်လည်း သမီးရယ် ... သမီးလည်း အရွယ်ရောက်နေပြီဆိုတော့ သမီးနဲ့ သင့်တော်မယ့်သူတစ်ယောက် တွေ့ထားတယ်"

ဖေဖေက အဟာမ်းဆိုပြီး ချောင်းတစ်ချက် ခပ်လှမ်းလှမ်းက ဝင်ဟန့်သည်။ မေမေက မမှု။ နွေကဗျာမှာ မေးရတော့သည်။

"ဘယ်သူ့ကိုတွေ့ထားတာလဲ မေမေရာ၊ သမီး သိပ်စိတ်ဝင်စားလို့တော့ မေးတာမဟုတ်ဘူးနော်၊ မေမေ့ဆီက ဒီစကားမျိုးကြားရတာ စိတ်ဝင်စားလို့တော့ မေးတာမဟုတ်ဘူးနော်၊ ထူးဆန်းလို့ မေးကြည့်တာ"

မေမေက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ပြောမှာပေါ့ သမီးရဲ့၊ သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့စကားတောင် ရှိသေးတယ်မလား၊ အဲ ... မေမေ သမီးနဲ့ သင့်တော်မယ့်သူဆိုတာက မေမေ့မိတ်ဆွေ ရွှေဆိုင်ပိုင်ရှင် မတင်လှရဲ့သား မောင်တင်ဝင်းပဲ သမီးရဲ့၊ စီးပွားချင်းလည်း တူတော့ ရွှေရွှေချင်းထပ် မြတ်တာပေါ့"

"အာ"

နွေကဗျာ စိတ်ညစ်သွားရသည်။ မေမေက ဗိုလ်ချုပ်ဈေးမှာ ရွှေဆိုင်ဖွင့်ထားသူဖြစ်သည်။ သူ့လိုရွှေဆိုင်ပိုင်ရှင်တစ်ယောက်၏သားနှင့် ပေးစားချင်သည်တဲ့လေ။ သူမအနေဖြင့် စိတ်မဝင်စားပါ။ လူပုံစံကို မမြင်ဘူးသေးပေမယ့် တင်ဝင်းဆိုသောနာမည်ကိုပင် ခံစားလို့မရ။ သူ့ဘာသာသူ ဘယ်တင်က ဘယ်လိုဝင်းဝင်း သူမကတော့ ငြင်းရပါလိမ့်မည်။

ထိုအတွေးနှင့်ပင် နွေကဗျာက ...

"တော်ပါပြီ မေမေရာ ... သမီး စိတ်မဝင်စားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ ... ဘာဖြစ်လို့လဲ၊ မောင်တင်ဝင်းက ကုမ္ပဏီပိုင်ရှင်နော်၊ သူ့အမေ မတင်လှကလည်း ရွှေဆိုင်ပိုင်ရှင်ဆိုတော့ အသိုင်းအဝိုင်းချင်းတူ၊ လုပ်ငန်းချင်းလည်း တူတယ်လေ၊ ဘာငြင်းစရာရှိလဲ"

နွေကဗျာက မျက်ခုံးနှစ်ဖက်စုလိုက်ကာ ...

"အဲဒီလိုဆို မေမေက မာ့က္ခစ်ဝါဒသမားဖြစ်နေပြီ မေမေရဲ့"

"ဘာ ... ဘယ်လို ... ဘယ်လို"

နဝေတိမ်တောင်ဟန်ဖြင့် ပြန်မေးလာသော မာတာမိခင်ကို နွေကဗျာက ...

"ဒီလိုမေမေရဲ့ ... မာက္ခစ်ဝါဒကို ယုံကြည်သူတွေက မိန်းမတစ်ယောက်ကို မိန်းမတစ်ယောက်အနေနဲ့ ရိုးရိုးမမြင်ဘဲ လူ့အဖွဲ့အစည်းအတွက် စီးပွားရေးအတွက် အရေးပါတဲ့ အစိတ်အပိုင်းလို့ မြင်တယ်လေ၊ ခု မေမေလည်း သမီးကို အဲဒီလို မြင်နေပြီ"

"အောင်မာ ... ညည်းစကားတတ်တိုင်း ပြောမနေနဲ့ မိကဗျာ"

မေမေ၏စူပွပွ ရေရွတ်သံအဆုံးမှာတော့ ဖေဖေက ဂျာနယ်ကို စားပွဲပေါ်ပစ်ချကာ တဟားဟား ထရယ်တော့သည်။

ပြီး ... မေမေ့ကိုလည်း ...

"ဟုတ်သားပဲ မေကြီးရာ၊ သမီးကို ဖိအားတွေ မပေးပါနဲ့၊ မင်းနဲ့ ငါနဲ့လည်း ချစ်လို့ကြိုက်လို့ ယူလိုက်တာပဲဥစ္စာ၊ ဖြစ်သင့်တာက သမီး သဘောကျတဲ့သူကို ငါတို့တွေက ကြည့်ပြီး သင့်မသင့် ဆုံးဖြတ်ပေးဖို့ပဲ လိုတယ် မဟုတ်လား"

ဖေဖေ့စကားအဆုံးမှာ မေမေက သိပ်ဘဝင်မကျဟန်ဖြင့် ...

"ထားပါတော့လေ ... ဒါပေမဲ့ ခု ရှင့်သမီးမှာ ချစ်သူရည်းစားမှ မရှိတာဘဲ၊ ဒါကြောင့် ကျွန်မက စီစဉ်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com


"ဟာကွာ ... မင်းပြောတဲ့ပုံစံအတိုင်းဆို သမီးကို ရည်းစားမြန်မြန်ထားတော့လို့ ပြောရမလို ဖြစ်နေပြီ"

"ဟုတ်တယ်လေ ... သူ့သဘောကျတဲ့လူမရှိလို့ကတော့ ကျွန်မသင့်တော်တဲ့လူနဲ့ စီစဉ်မှာပဲ"

စကားသံတွေကြားမှာ နွေကဗျာ စိတ်ညစ်လာရတော့သည်။ ဘာတွေမှန်းကို မသိတော့။ မေမေ့မောင်တင်ဝင်းကို မယူချင်ပါက ရည်းစားတစ်ယောက် ပြေးထားလိုက်ရမည့်သဘောမှာ ရှိနေသည်။ ထိုသို့လည်း မဖြစ်သေး။

ထို့ကြောင့် စိတ်ရှုပ်ဟန်လေးနှင့်ပင် ...

"တော်ကြပါတော့ မေမေနဲ့ဖေဖေတို့ရယ် ... သမီးမှာ ချစ်သူရည်းစားလည်း မရှိသေးဘူး၊ ပြီးတော့ ... မေမေစီစဉ်တဲ့လူကိုလည်း မယူချင်ဘူး၊ ဒါပေမဲ့ အပျိုကြီးလည်း မလုပ်ဘူး၊ ဟုတ်ပြီလား။ အချိန်တစ်ခုလောက်တော့ စောင့်ပေး၊ သမီးတောင်းဆိုချင်တာက ဒီတစ်ခုတည်းပါ"

"အေးလေ ... ဒါဆိုလည်း စောင့်ကြည့်တာပေါ့"

မေမေက မျက်စောင်းထိုးရင်း ပြောလာသည်။ မာတာမိခင်ဖြစ်နေ၍ မျက်စောင်းပြန်မထိုးဘဲ နွေကဗျာ ခပ်ရှိုရှိုထွက်လာခဲ့၏။

အိပ်ခန်းထဲရောက်တော့ အိပ်ရာပေါ်လှဲချရင်း အတွေးတွေ ဝေနေမိ၏။ ခုတစ်လောမှ ဘာတွေဖြစ်နေမှန်းမသိ။ စိတ်ရှုပ်စရာတွေပဲ ကြုံနေရသည်။

သင်တန်းမှာဆိုလည်း ဟိုဆောင်းသစ်ဆိုသောသတ္တဝါနှင့် ပန်းသီးကိစ္စ။ ခုလည်း မေမေက မောင်တင်ဝင်းနှင့် ပေးစားချင်နေပြန်ပြီ။

ထိုသို့တွေးနေစဉ်မှာပဲ ဟန်းဖုန်းက ထမြည်လာ၏။ နံပါတ်ကြည့်လိုက်တော့ မြတ်နိုးဆီက။


www.burmeseclassic.com

www.burmeseclassic.com



နွေကဗျာက ဖုန်းဖွင့်ကိုင်ရင်း . . .

"အေး . . . ပြော မြတ်နိုး ဘာကိစ္စလဲ"

"မိနွေ . . . ငါပြောတာကို အသေအချာနားထောင်နော်"

"ဟုတ်ပါပြီ . . . ပြောမှာသာ ပြောစမ်းပါ"

"ဒီနေ့ညနေ နင်ပြန်သွားတော့ . . ."

"အင်း"

"ငါနဲ့ရွှေရည်နဲ့ ထိုင်နေသေးတယ်လေ၊ အဲဒီအချိန်မှာ ဆောင်းသစ် ရောက်လာတယ်ဟ"

"ဟင် . . . ဘာလာလုပ်တာလဲ"

"ဩော် . . . မနက်ဖြန် နင့်ဆီကို ပန်းသီးစပို့တော့မှာမဟုတ်လား၊ အဲဒါ သူ့ဘက်က မတရားဖြစ်နေမှာစိုးလို့ မက်ဆေ့ချ်တစ်ခု လာပေးတာတဲ့"

"အောင်မာ . . . ကြီးကြီးကျယ်ကျယ်၊ နေစမ်းပါဦး . . . အဲဒီမက်ဆေ့ချ်က ဘာတဲ့လဲ"

"ဒီလိုဟာ . . . သူ မနက်ဖြန် ပန်းသီးပို့မယ့်အချိန်က မနက်ဆယ် နာရီနဲ့ ဆယ့်တစ်နာရီကြားတဲ့၊ အဲဒါ နင် စောင့်ဖမ်းလို့ရအောင် အချိန်လာ ပြောတာလို့ ပြောတယ်"

နွေကဗျာက ဟက်ခနဲရယ်လိုက်ပြီးမှ . . .

"အဲဒါဆိုလည်း ကောင်းတာပေါ့၊ ငါ အဲဒီအချိန်အတွင်းမှာ သတိ ထားနေလိုက်ဖို့ပဲ ရှိတယ်"

"ပြီးတော့ . . . ရှိသေးတယ်"

"အင် . . . ဘာလဲဟ"

"သူက နောက်နေ့တွေမှာလည်း ခုလို မက်ဆေ့ချ်ပေးနိုင်အောင် ဆိုပြီး . . . ပြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ပြောလေ"

"ဟို . . . နင့်ဖုန်းနံပါတ်နဲ့အိမ်လိပ်စာကို ငါတို့ဆီက တောင်းသွားတယ်"

"ဘာ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဆရာသင်နေသော စာထဲသို့ စိတ်ဝင်စားလို့မရအောင် နွေကဗျာ ...မရှုဖြစ်နေရ၏။ နွေကဗျာတင်မဟုတ်။ ဘေးက မြတ်နိုးနှင့်ရွှေရည်တို့ပါ ...သို့ဖြစ်နေကြခြင်း ဖြစ်သည်။ အချိန်က ဆယ်နာရီကို ငါးမိနစ်ပင်ကျော် ...ပြီ၊ ဆောင်းသစ်က ဆယ်နာရီနှင့်ဆယ့်တစ်နာရီကြားမှာ သူမ မသိအောင် ...န်းသီးပို့မည်ဟု ပြောထားသည်မဟုတ်လား။

မြတ်နိုးက တီးတိုးပြောလာ၏။

"မိနွေ ဒီအချိန်အတွင်းမှာ သူ ပန်းသီး ဘယ်လိုပို့မလဲ မသိဘူးနော်"

"အေး ... ငါလည်း စဉ်းစားနေတာပဲ၊ ဒါပေမဲ့ ... ဒီသင်တန်း ...ပြီးချိန်က ဆယ့်တစ်နာရီထိလေ၊ ဒင်း ... စာသင်ခန်းထဲတော့ ဝင်ပေးလို့ ...ရလောက်ပါဘူး"

"ဟုတ်တယ်လေ၊ သူ့အတွက် ခက်ခဲတဲ့အချိန်ကို သူကိုယ်တိုင် ...ရွေးချယ်လိုက်တာပဲနော် ... မိနွေ"



www.burmeseclassic.com

www.burmeseclassic.com



နွေကဗျာက ခေါင်းညိတ်ထောက်ခံလိုက်သည်။ ဟုတ်သည်ပဲ၊ ဒီအချိန်အတွင်းမှာတော့ သူမ မသိအောင် ဆောင်းသစ် ဘယ်လိုပန်းသီးပို့မည်ဆိုတာ စဉ်းစားလို့ပင်မရချေ။

စိတ်ထဲမှာ အနည်းငယ်အေးသွားရပြီး . . .

"ကဲပါဟာ . . . ဒီနေ့မှအစ တစ်ရက်ပဲ ရှိသေးတယ်၊ အဲဒီလောက်လည်း စိတ်လှုပ်ရှားမနေကြနဲ့၊ ပို့ချင်တဲ့အချိန်သာပို့တော့၊ စာကိုပဲ စိတ်ဝင်စားနေတာ ကောင်းတယ်"

စကားအဆုံးမှာ ရွှေရည်ကလည်း . . .

"ဒါဆိုလည်း သဘောပဲလေ၊ ငါတို့က နင့်အတွက် စိတ်ပူလို့ပြောတာ"

"ထားလိုက်ပါဟာ၊ စိတ်ပူပေးချင်ရင်လည်း နောက်နေ့တွေမှပဲ ပူပေးတော့"

"ပြီးရော . . . ပြီးရော"

ထို့သို့ဖြင့် သုံးယောက်စလုံး စာထဲသို့ပဲ အာရုံစိုက်လိုက်ကြသည်။

အချိန်တွေက မရပ်နေသဖြင့် တရွေ့ရွေ့ကုန်လွန်လာသည်။ စိတ်ထဲမှာ သတိရ၍ နွေကဗျာ နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီထိုးရန် ဆယ်မိနစ်လောက်သာလိုတော့သည်။ ဘယ်ပန်းသီးမှရောက်မလာသေး။ ကောင်းပါသည်။ တစ်ရက်တည်းနှင့် ပွဲပြတ်သွားလျှင်လည်း အတိုင်းထက်အလွန်ပေါ့။ စာသင်ခန်းထဲမှာ ဆယ့်တစ်နာရီထိုးပြီးသည်အထိနေရန် နွေကဗျာ ဆုံးဖြတ်လိုက်သည်။

ဖြစ်ချင်တော့ ထိုအချိန်မှာပဲ ဆောင်းသစ်တစ်ယောက် ပန်းသီးတစ်လုံး လက်ကကိုင်ကာ စာသင်ခန်းအနားသို့ ရောက်လာလေသည်။ သူ ဦးတည်နေသည်က စာသင်ခန်းနောက်ဘက်ရှိ ဒုတိယဝင်ပေါက်သို့။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မည်ပုံ လှုပ်ရှားလိုက်တော့သည်မသိ။

စာသင်ချိန်အပြီးမှာတော့ နွေကဗျာနှင့်တကွ သင်တန်းသားအားလုံး ထရပ်ကာ ဆရာကို နှုတ်ဆက်ရပါသည်။ မင်္ဂလာပါဆရာ ကျေးဇူးတင်ပါတယ် ဆရာ ဘာညာပေါ့။ အားလုံးထဲမှာ နွေကဗျာက စိတ်လက်အပေါ့ပါးဆုံးဖြစ်၏။ နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီထိုးရန် နှစ်မိနစ်သာလိုတော့သည်။ ဒီအချိန်မှ ပန်းသီးမရောက်လာတော့ ပွဲက ပြီးနေလေပြီ။

ထိုသို့တွေးကာ ဆရာ့ကို နှုတ်ဆက်ပြီး လွယ်အိတ်ယူရန် ပြန်အထိုင် ...

"အွန့်"

မညာမတာပြောရလျှင် နွေကဗျာ မီးညောင်းရိုး တွန့်သွားရခြင်းဖြစ်သည်။ ထိုင်ခုံပေါ်သို့ သူမတင်ပါးအချမှာ ထိတွေ့ခံစားလိုက်သည်က လုံးလုံးမာမာအရာဝတ္ထုကြီးတစ်ခု။ ထိုသို့ဆို၍ သိပ်မလန့်သွားကြပါနှင့်။ နွေကဗျာ လန့်ဖျပ်ပြီး ခုန်ထကာကြည့်လိုက်တော့ တွေ့လိုက်ရသည်က ပန်းသီးတစ်လုံးဖြစ်နေလေသည်။

မတ်တတ်ခဏအထမှာ ဘယ်လိုလာထားသွားသည် မသိ။ နောက်ဘက်ခုံမှ သင်တန်းသားတွေကို ကြည့်တော့လည်း လွယ်အိတ်ဆွဲကာ ပြန်နေကြပြီ။ ငါ့ဖင်အောက် ဘယ်ကောင် ပန်းသီးလာထည့်သွားတာလဲဟု မေးရအောင်လည်း မကောင်း။ တစ်ရက်က နှစ်ရက် ဖြစ်မည်။

ထို့ကြောင့် တင်ပါးကို မသိမသာပွတ်ကာ ပန်းသီးကိုပဲ ယူကြည့်လိုက်၏။ အထူးပြောစရာမလိုချေ။ ဆောင်းသစ်ဆိုသောသတ္တဝါ ပေးပို့လိုက်သည့် ပန်းသီးပင် ဖြစ်သည်။ဒင်းက ပန်းသီးမှာ စတေကာပင်ကပ်ထားသေး၏။ ထိုစတေကာပေါ်မှာ ရေးထားသည်ကတော့ ...

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

(1)

သို့...

နွေကဗျာ...

...........

...........

...........

မှ

ဆောင်းသစ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"တောက်!"

ထိုသို့တောက်ခေါက်ရသည်မှာလည်း နွေကဗျာအတွက်တော့ မလွန်ချေ။ ပန်းသီးကို မဖွယ်မရာပုံစံနှင့် ပို့လိုက်ပြီး ဒင်းက ဖုန်းလှမ်းဆက်သေးသည်။

"နွေကဗျာ . . . တော်တော်ဖင်နာသွားလားဟင်"

"ဘာရှင့်"

"ဪ . . . ဆောရီး ဆောရီး၊ ပန်းသီးကို ထိုင်မိလိုက်လို့ တင်ပါးနာသွားသေးလားလို့ မေးတာ"

တစ်ဖက်မှ ဆောင်းသစ်၏စကားသံအဆုံးက နွေကဗျာက . . .

"ရှင် မိုက်ရိုင်းလှချည်လား"

"ဗျာ . . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ . . . ရှင် အဲဒီပုံစံနဲ့ ပန်းသီးပေးစရာလား"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသစ်က တဟင်းဟင်းရယ်ရင်း ...

"နွေကဗျာရယ် ... ကျွန်တော်တို့ကစားပွဲမှာ ဘယ်လိုမပို့ရဆိုတဲ့ ဥပဒေမှမပါတာ၊ ကျွန်တော့်ဘက်ကတော့ အဆင်ပြေသလို လုပ်ရမှာလေ အဟဲ ... နွေကဗျာ သတိမမူလို့ ဂူ ... အဲ ... ပန်းသီးကို မမြင်မိတာပါ"

နွေကဗျာက မျက်ခုံးအတွန့်ချိုးလိုက်ပြီး ...

"ရတယ်လေ ... ဒါက ပထမဆုံးအကြိမ်ပဲ၊ နောက်နေ့တွေမှာ တော့ ရှင် သတိထားပြီးပို့ပါ"

"ဟုတ်ကဲ့ပါဗျာ၊ ဒီတစ်ခါ နွေကဗျာ ဖင်မနာ အဲ မနာစေရတော့ ပါဘူး၊ ညင်ညင်သာသာလေး ပို့လိုက်မှာပါ၊ ပို့မယ့်အချိန်က မနက်ဖြန်သင် တန်းနားလို့ နေ့လယ်ထမင်းစားတဲ့အချိန်"

"ကောင်းပြီလေ ... စောင့်ကြည့်တာပေါ့"

"ဟုတ်ကဲ့ပါဗျာ၊ ဆက်ဆက်ပို့လိုက်မှာပါ၊ ပြီးတော့ ... ကျွန်တော် ပို့လိုက်တဲ့ ပန်းသီးက စတေကာလေးတွေကိုလည်း သိမ်းထားပေးပါဦး သက်သေသဘောပေါ့၊ ဩော် ... ဒါနဲ့ လိုရမယ်ရ ဒီဖုန်းနံပါတ်ကို မှတ် ထားလိုက်နော်၊ ဒါ ... ကျွန်တော့်ဖုန်းလေ၊ မသိတာ နားမလည်တာရှိရင် လှမ်းမေးလို့ရတာပေါ့"

ပြောပြီး ဒင်းက အရင်ဖုန်းချသွားသေးသည်။ စိတ်တိုလိုက်သည် ဖြစ်ခြင်း။ တောက်တစ်ချက် ခေါက်လိုက်ပြီးမှ မြတ်နိုးနှင့်ရွှေရည်တို့ဘက် လှည့်ကာ ...

"ဟဲ့ ... ရွှေ ဟိုကောင်က အဲဒီပန်းသီးမှာ ကပ်ထားတဲ့ စတေ ကာကို သိမ်းထားပေးပါတဲ့"

မြတ်နိုးက ရယ်ကျဲကျဲလုပ်ကာ ပန်းသီးမှာကပ်ထားသည့် စတေ ကာအပိုင်းလေးကို ခွာလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မယူပါဘူး၊ နင့်ဟာနင်ပဲ သိမ်းထား၊ ဒါနဲ့ . . ဒီပန်းသီးကိုရော ဘယ်လိုလုပ်မလဲ"

"နင်တို့စားချင်စားလိုက်ပေါ့"

မျက်နှာကို ရှုံ့မဲ့ရင်း ရွှေရည်က . . .

"အာ . . . မစားချင်ပါဘူး၊ နင့်ဖင်အောက် . . . အာ . . . မစားဘူးဟာ"

နွေကဗျာမှာ ရှက်ရသေးတော့သည်။ အင်းပေါ့လေ . . . ဘယ်စားချင်ပါ့မလဲ။ ထိုပန်းသီးကို ဘယ်ကဲ့သို့ စီရင်ရမည်လဲဟု အမြင်ကျယ်ကျယ် စဉ်းစားနေစဉ်မှာပဲ . . .

"ကဗျာလေး"

"ဟင်"

နွေကဗျာ လန့်သွားရ၏။ ထိုသို့ ပျစ်ချွဲချွဲခေါ်လိုက်သူက တခြားမဟုတ်။ သင်တန်းမှာ နွေကဗျာကို နည်းမျိုးစုံနှင့် ပိုးပန်းနေသော ဝဇ္ဇာကောင်းကင်ဆိုသည့် အထက်လေကိုင်နေသော သကောင့်သားတစ်ကောင်ပင် ဖြစ်လေသည်။

နွေကဗျာက ရှုတင်းတင်းကြည့်လျက် . . .

"ဘာလဲ . . . ဘာကိစ္စလဲ"

ဝဇ္ဇာကောင်းကင်က စပ်ဖြဲဖြဲလုပ်ရင်း . . .

"အဟီး . . . ဟိုလေ . . . ကိုယ် ကဗျာလေးဆီမှာ အဖြေတောင်းထားတဲ့ကိစ္စကို ကဗျာလေး ဘယ်လိုသဘောထားလဲ ဆို . . . ဆိုတာ"

နွေကဗျာက . . .

"အဖြေတော့ ပေးစရာမရှိသေးဘူး၊ လောလောဆယ် ပေးနိုင်တာကတော့ ဒီပန်းသီးပဲ . . . ရော့"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးရော တွေးကာ လက်ထဲက ပန်းသီးကို လှမ်းပေးလိုက်သည်။ ဟိုဝဥ္စာကောင်းကင်ဆိုသည့် သကောင့်သားကလည်း နွေကဗျာဆီမှ ဘာရေ ဆိုပြီး ယူပါသည်။

နွေကဗျာတို့သုံးယောက် လှည့်ထွက်လာချိန်မှာတော့ နောက်နားဆီမှ ပန်းသီးကို အားရပါးရကိုက်လိုက်သည့် ဂွပ်ဆိုသောအသံကို ကြားလိုက်ရသေးသည်။

နွေကဗျာတို့သုံးယောက်သားလည်း တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ဝဥ္စာကောင်းကင်တော့ သွားပြီဟ ...။

ရယ်ဖြစ်ကြလေသည်။

ထိုသို့ဖြင့် ...

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အလင်းသံစဉ်လေးတစ်ခုဟာ
ရင်ကမ္ဘာအမှောင်ထုထဲကို
ဆွတ်ဆွတ်ကျင်ကျင်နဲ့
တိတ်တဆိတ်
တိုးခွဲဝင်ရောက်လာတတ်တယ်၊

နှလုံးသားနဲ့
နားထောင်ကြည့်ကြပါ
အရွယ်သုံးပါးမရွေး
မွေးထွေးညွတ်နူးစေတဲ့ဂီတ
ကမ္ဘာဦးကတည်းက စခဲ့တယ်၊

(ဆောင်းဖြူ၏ 'အချစ်' ကဗျာမှ)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"လုပ်ကွက်ကလေးကတော့ လှတယ်ကွာ၊ ဒေသစ် ... မင်း အဲဒီ အကြံအစည်ကို ဘယ်လိုရသွားတာလဲ"

စကားအဆုံးမှာ ဆောင်းသစ်က တဟဲဟဲရယ်သည်။ ဗိုလ်အောင် ဒင်ဇာတ်ကားထဲမှ ခင်မောင်ရင်ရယ်သံမျိုးနှင့် ဖြစ်၏။

အရယ်ရပ်တော့မှ အင်္ကျီကော်လံကို ထောင်လိုက်ရင်း ...

"မခက်ပါဘူးကွာ၊ ဆယ့်တစ်နာရီထိုးခါနီးမှ ငါ သူတို့စာသင်ခန်း နား သွားတယ်၊ အခန်းရဲ့နောက်ဘက်အပေါက်ကနေ ကျောင်းသားသစ်တစ် ယောက်ကို ပန်းသီးပေးပြီး နွေကဗျာကို လက်ညှိုးညွှန်ပြလိုက်တာပေါ့"

"ဟင် ... အဲဒါနဲ့ပဲ နွေကဗျာဆီကို ပန်းသီးရောက်သွားရောလား"

"ချက်ချင်းကြီးတော့ ဘယ်ရောက်မလဲဟ၊ ပန်းသီးပေါ်က စေတ ကာကိုကြည့်ပြီး သူတို့လည်း သဘောပေါက်တယ်လေ၊ အဲဒါနဲ့ တစ်ယောက် နဲ့တစ်ယောက် လက်ဆင့်ကမ်းရင်း ဆရာ့ကို မတ်တတ်ထပြီး နှုတ်ဆက်တဲ့

www.burmeseclassic.com



အချိန်မှာ သူ့ခုံပေါ် တင်ပေးလိုက်တာပေါ့''

"အဟီး ... နွေကဗျာတော့ ပြန်အထိုင်မှာ ဖင်နာ ... အဲ ... အီစလံဝေသွားမှာပဲကွ''

ဖြိုးလေးအပြောကြောင့် ဆောင်းသစ်က ဟီးခနဲ ထပ်ရယ်ရင်း ...

"အဲဒါတော့ ငါလည်းမသိဘူး၊ လုပ်စရာလည်း ဒီတစ်နည်းပဲရှိလို့ ငါ လုပ်ထည့်လိုက်တာ''

"ထားပါတော့၊ ဒါနဲ့ ... ဒီနေ့ရော ဘယ်လိုပန်းသီးပို့မှာလဲ၊ ပို့မှာက နေ့လယ် ထမင်းစားတဲ့အချိန်ဆို''

ဆောင်းသစ်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ အဲဒီအတွက်လည်း ငါ စဉ်းစားထားပါတယ်''

စကားအဆုံးမှာ တိုးတိုးက နားသယ်စပ်ကို လက်နှင့်ကုတ်ရင်း ...

"နေစမ်းပါဦး ... မင်း စဉ်းစားထားတာက ဘယ်လိုလဲ''

ဆောင်းသစ်က ဘာမှမဖြေသေးဘဲ နှစ်ကောင်စလုံးကိုကြည့်ကာ ဆရပ်လိုက်သည်။ ပြီးမှ ...

"ကဲ ... ပြောနေတာ ကြာပါတယ်ကွာ၊ လာ သွားကြမယ်''

"ဟင် ... ဘယ်ကိုလဲ''

"ဩော် ... သူတို့ထိုင်နေကျ ကင်တင်းကိုပေါ့၊ ငါ့ဘက်က အချိန်စောရောက်မှဖြစ်မှာကွ''

ပြောပြောဆိုဆို ဆောင်းသစ်က ထထွက်သွားသဖြင့် နှစ်ကောင်သား အူတူတူနှင့် ထလိုက်လာရသည်။

နွေကဗျာတို့ထိုင်နေကျ ကင်တင်းကိုရောက်တော့ ဆောင်းသစ်က ကောင်တာမှာထိုင်နေသော ဆိုင်ရှင်အစ်ကိုကြီးဆီသွားကာ ...

"အစ်ကို ... တစ်ခုလောက် ကူညီပါဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဘာကူညီရမှာလဲကွ"

ဆောင်းသစ်က ရှက်ရယ်ရယ်လိုက်ပြီး ...

"အဟီး ... ဒီလိုပါ၊ ဒီကင်တင်းမှာ ကျွန်တော် ကြိုက်နေတဲ့ ကောင်မလေး လာလာထိုင်တတ်တယ်ဗျ၊ ဒီနေ့ သူလာရင်ဗျာ ..."

ထိုသို့အစချီကာ ဆောင်းသစ် ညှိလိုက်သည်။ သဘောကောင်းပုံရသော ဆိုင်ရှင်အစ်ကိုကြီးကလည်း ထိုအစီအစဉ်ကို ငြိသွား၏။

အားလုံးစီစဉ်ပြီးချိန်မှာတော့ ဆောင်းသစ်က ...

"ဟော့ကောင်တွေ ... ငါတို့လည်း ဒီမှာပဲ ထိုင်ကြရအောင်ကွာ၊ သူ့ဆီ ငါ ပန်းသီး ဘယ်လိုပို့မလဲဆိုတာ မင်းတို့ကြည့်ပေါ့"

"အေးပါ"

သုံးယောက်သား ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်နေလိုက်ကြသည်။

ခဏနေတော့ တိုးတိုးက ဆိုင်အပြင်ဘက်သို့ လှမ်းကြည့်ရင်း အံ့ဩသလို ပြောလာသည်။

"ဟာ ... ငသစ် ဟိုမှာ နွေကဗျာတို့ လာနေပြီကွ"

ဟုတ်ပါသည်။ ဆောင်းသစ် လှမ်းကြည့်လိုက်ချိန်မှာတော့ နွေကဗျာတို့ကလည်း သေချာသောခြေလှမ်းများဖြင့် ချဉ်းနင်းဝင်ရောက်လာလေပြီ။

ဆောင်းသစ်က တိုးတိုးနှင့်ဖြိုးလေးတို့ကို ပခုံးအသာတွန့်ပြလိုက်၏။

အဟင်း ... စောင့်ကြည့်ပေါ့လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ကင်တင်းထဲသို့အရောက်မှာပဲ ဝေ့ဝဲကြည့်ရင်း နွေကဗျာ မျက်မှောင်ကြုတ်လိုက်မိသည်။ ဝိုင်းတစ်ဝိုင်းမှာ တွေ့လိုက်ရသူတွေက ဆောင်းသစ်တို့အုပ်စု။

နွေကဗျာ စဉ်းစားရတော့၏။ ဒီနေ့ ဒီအချိန်အတွင်းမှာပဲ ဆောင်းသစ်က ပန်းသီးပို့မည်ဟု မက်ဆေ့ချ်ပေးထားသည်လေ။

ထို့ကြောင့် ဘေးနားမှ မြတ်နိုးအား ...

"ဟဲ့ မြတ်နိုး ... ဟိုကောင်တွေ ဆိုင်ထဲမှာ ရှိနေတယ်ဟ"

"အေး ... တွေ့တယ်၊ ဒီနေ့ ဒီအချိန်မှာ နင့်ဆီ ပန်းသီးပို့မယ်ဆိုပြီး ဒီမှာ ဘာဖြစ်လို့ လာထိုင်နေတာလဲ မသိဘူးနော်"

မြတ်နိုးစကားအဆုံးမှာ နွေကဗျာက မဲ့ပြုံးပြုံးလိုက်ရင်း ...

"အဟင်း ... ကြည့်ရတာတော့ တစ်ခုခုကြံစည်ထားတဲ့ပုံပဲ၊ နင်တို့လည်း သတိထားနေနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ ... နင့်လိုတော့ ပန်းသီးကို ဖင်ခုမထိုင်ပါဘူး"

ရွှေရည်အပြောကြောင့် နွေကဗျာမှာ ရှက်ရသေးတော့သည်။ ဘာမှ ပြန်ပြောမနေတော့ဘဲ ဆောင်းသစ်တို့အုပ်စုကို မြင်သာသော စားပွဲတစ်ခုမှာ နေရာယူလိုက်ကြ၏။ ဆောင်းသစ်က တစ်ချက်လှမ်းကြည့်ပြီး ဘာမှမဖြစ်သလိုပင် အေးအေးလူလူ စားသောက်နေသည်။

နွေကဗျာတို့လည်း စားသောက်စရာတွေ ကိုယ်စီမှာလိုက်ကြသည်။ စားသောက်ရင်းပင် မြတ်နိုးက ပလုပ်ပလောင်းကြီးနှင့် ...

"မိနွေ ... နင် ဆောင်းသစ်ကို ဘယ်လိုမြင်လဲဟင်"

"ဘယ်လိုမြင်ရမှာလဲ၊ လူလို့ပဲ မြင်တာပေါ့"

အစားပင် နင်မတတ်ဖြစ်သွားရသည်။ အလျှင်အမြန် ဝါးကာ မျိုချလိုက်ပြီးမှ ...

"အဲဒါတော့ နင်ပြောမှလားဟ၊ ငါကလည်း သူ့ကို နွားလို့မမြင်ပါဘူး၊ ဆိုလိုချင်တာက ခု ဖြစ်နေတဲ့ကိစ္စတွေအပေါ်မှာ ဆောင်းသစ်ကို နင့်စိတ်ထဲက ဘယ်လိုမြင်လဲလို့မေးတာ"

နွေကဗျာက ဆတ်ခနဲကြည့်လိုက်သည်။ ဘာမှမဖြေသေးဘဲ ပါးစပ်ထဲက အစားအစာကို တယုတယ ဝါးနေသေး၏။ ပြီးမှ ဖြည်းဖြည်းမှန်မှန် မျိုချရင်း စကားပြန်လိုက်သည်။

"မြတ်နိုး ... ငါ့စိတ်ထဲမှာ ဆောင်းသစ်ကို ဘယ်လိုမြင်လဲဆိုတာ မပြောခင် နင့်ကို တစ်ခုပြောပြမယ်"

"ဟေ ... ဘာကိုပြောမှာလဲဟ"

"နားထောင်လေ ... လာမှာပေါ့၊ လောကမှာ လူဆိုတာ သုံးမျိုးပဲ ရှိတယ်"

"ဘာလဲ ... လု, လူ, လူးလို့ ပြောမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ရှုတ်နောက်နောက်ပြောလာသည့် မြတ်နိုးစကားအဆုံးမှာ ဒွေးညင်ကလည်း စပ်ဖြဲဖြဲလုပ်ရင်း . . .

"အဲဒါမှမဟုတ်ရင် ငါကြားဖူးတာ တစ်ခုရှိသေးတယ်၊ 'လ' ရေးနှစ်ချောင်းကိုင် 'လူ' အောက်ကမြစ် 'လုည်း' သေးသေးတင် 'နွား' ဝစ္စနှစ်လုံးပေါက် 'ကြိမ်လုံး' တဲ့ . . . အဲဒီလိုမျိုးလား"

စကားအဆုံးမှာ နွေကဗျာက မျက်နှာလေးကို ရှုံ့မဲ့ပြီး . . .

"တော်ကြစမ်းပါဟာ၊ ပေါ်တောတောနဲ့ ဘာတွေလာပြောနေတာလဲ"

နှစ်ယောက်စလုံး နင်သွားရ၏။ ပေါတာမတွေဟု ပြောခံလိုက်ရသည်ကိုး။ မြတ်နိုးက ချက်ချင်းပင် ရှုတင်းတင်းပြန်ကြည့်ကာ . . .

"အေး . . . ဒါဆိုလည်း နင့်ရဲ့လူသုံးမျိုးအကြောင်းကို ရှင်းပြပါဦး မဟာပညာရှိမကြီးရယ်"

နွေကဗျာကတော့ မျက်နှာလေးကို ချိုကာ ခပ်တည်တည်ဟန်ဖြင့်

"စောစောကပြောတာ နားထောင်လိုက်ရင် နင်တို့ ခုလို ပြောခံရစရာတောင် အကြောင်းမရှိဘူး၊ ဒီလိုဟ . . . လူသုံးမျိုးဆိုတာက နံပါတ်တစ် အဖြစ်အပျက်တွေကို ဖြစ်ပျက်နေအောင်လုပ်တဲ့သူတွေ၊ နံပါတ်နှစ်ကတော့ ဖြစ်ရပ်တွေကို စောင့်ကြည့်နေကြတဲ့သူတွေ၊ အဲ . . . သုံးကတော့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်းကို မသိတဲ့သူတွေတဲ့"

နှစ်ယောက်စလုံး တစ်ချက်တော့ တွေခနဲဖြစ်သွားကြ၏။ နွေကဗျာက တစ်ခါတစ်ခါ ဘာမှန်းမသိ။ ထိုသို့စကားကြီးစကားကျယ်တွေ ပြောတတ်သည်။

ခုလည်း ဒင်းစကားကို နားထောင်ပြီးမှ မြတ်နိုးက ပြန်ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒါဆို ခုကိစ္စမှာ ဆောင်းသစ်က ဒီအဖြစ်အပျက်ကို ဖန်တီးတဲ့သူ၊ နင်က စောင့်ကြည့်တဲ့သူပေါ့ . . . အဲလိုလား"

"ထင်တာပဲ၊ နင်တို့ကတော့ ဘေးကနေပြီး ကိုယ့်ကိုယ်ကိုယ်ဘာဖြစ်လို့ ဖြစ်နေမှန်းမသိဟဲ့ လူတွေဆိုတာ သေချာတယ်"

"အောင်မာ . . . ငါတို့ကိုများ . . . တော်ပြီ နင့်အတွက် ဗိုင်းစဉ်းစားမပေးတော့ဘူး"

နွေကဗျာက မချိမချဉ်မျက်နှာပေးလေးနှင့် ပခုံးတွန့်ပြသည်။ သူမတို့ကတော့ ခံထားရ၍ ဘာမှပြန်မတွန့်ပြမိ၊ မကျေမချမ်းဟန်တွေနှင့် အစားအသောက်တွေကို လက်စသတ်မျိုဆို့လိုက်ကြသည်။

စားသောက်ပြီးစီးတော့ ပါးနားသပ်ရန် မြတ်နိုးက တစ်ရှူးဗူးကို လှမ်းဆွဲယူရင်း . . .

"မိနွေ . . . နင်ဟာလေ ငါတို့ပြောတာကျရင် ဘယ်တော့မှအကောင်းမထင်ဘူး၊ အေးပါ . . . နင်အထိနာတော့မှ သိမယ်"

ပြောရင်းပင် တစ်ရှူးဘူးထဲ လက်နှိုက်ရင်း မြတ်နိုးက မျက်မှောင်ကြုတ်လျက် . . .

"အာ . . . အရေးထဲ တစ်ရှူးကလည်း ကုန်နေပြန်ပြီ"

"အဲ . . . တစ်ယောက်လောက် လာပါဦး၊ ဒီမှာ တစ်ရှူးဘူး လာလဲပေးဦး"

ကင်တင်းမှ စားပွဲထိုးလေးတစ်ယောက်ယောက်က တစ်ရှူးဘူးအသစ်တစ်ခုနှင့် လာလဲပေးပါသည်။

တစ်ရှူးစဆွဲထုတ်ရန် ဘူးအပေါက်ထဲသို့ မြတ်နိုးလက်နှိုက်လိုက်စဉ်မှာပဲ မျက်ခုံးအစုံမြင့်တက်သွားရပြီး . . .

"ဟဲ ဟဲ့ . . . ဘာကြီးလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို တစ်ရှူးဘူး၏အောက်ဖုံးကို ဆွဲဖွင့်လိုက်ခဲ့မှာပဲ

"ဟယ် ... ပန်းသီးကြီးပါလား"

"ဟင်"

ဟုတ်ပါသည်။ ပန်းသီးတစ်လုံးကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ခြင်းဖြစ်ပါသည်။ အံ့ဩလွန်း၍ နွေကဗျာတစ်ယောက် ဘာမှမပြောနိုင်ဘဲ အစပ်ဟောင်းလောင်းလေးနှင့် ကြောင်တောင်တောင် ဖြစ်နေတော့၏။

ရွှေရည်က ပန်းသီးကို ဆတ်ခနဲ လှမ်းယူကာ လှည့်ပတ်ကြည့်လိုက်ပြီး ...

"ထင်သားပဲ ... ဒါ ဆောင်းသစ်ပို့တဲ့ ပန်းသီးဆိုတာ၊ ဒီမှာ စတေကာလေးတောင် ကပ်ထားသေးတယ်"

မှတ်ချက်ချသံအဆုံးမှာ နွေကဗျာက မျက်မှောင်ကြုတ်ရင်း ပန်းသီးကို ကောက်ကိုင်ကြည့်လိုက်၏။

တကယ်ပင် သူတို့ပြောသည့်အတိုင်း ပန်းသီးပေါ် ကပ်ထားသော စတေကာလေးအား တွေ့လိုက်ရလေသည်။

(2)
I

နွေကဗျာ ကြောင်သွားရ၏။ ဆောင်းသစ်ပို့လိုက်သည်မှာ မှန်သော်လည်း ထိုစတေကာပေါ်က အဓိပ္ပာယ်အား ဘာကိုဆိုလိုမှန်းမသိ။ နံပါတ် (2) ကတော့ ဒုတိယမြောက်ပန်းသီးအား ရည်ညွှန်းခြင်းဖြစ်မည်။ အောက်ဘက်မှ (I) ဆိုသည့် အင်္ဂလိပ်စာလုံးကိုတော့ ဘာသဘောနှင့် ရေးထိုးလိုက်မှန်း တွေးမရ။



www.burmeseclassic.com

www.burmeseclassic.com


ဆောင်းသစ်တို့ထိုင်နေသည့် ဝိုင်းကို လှမ်းကြည့်လိုက်တော့လည်း တစ်ယောက်မှမတွေ့ရတော့ချေ။ ခံရခက်လိုက်လေခြင်း။

သတိထားနေသည့်ကြားကပင် ဒုတိယမြောက်ပန်းသီးတစ်လုံး ပေးခံလိုက်ရပြန်ပြီ။

ထိုပန်းသီးမှ စတေကာကို ခွာယူရင်း နွေကဗျာက သူမ၏ပလာ စာအုပ်တတစ်အုပ်မှာ စာမျက်နှာအလွတ်မှာ ကပ်ထားလိုက်၏။ ပြီး တစ်ချက် တွေခနဲ စဉ်းစားကာ လက်ကိုင်ဖုန်းကို အိတ်ထဲမှ ထုတ်လိုက်သည်။

မြတ်နိုးက လှမ်းကြည့်ပြီး ...

"မိနွေ ... နင်က ဘယ်ကို ဖုန်းဆက်ဦးမလို့လဲ"

နွေကဗျာက မျက်ခုံးအတွန့်ချိုးလျက် ...

"ဘယ်ကိုဆက်ရမှာလဲ၊ ဟို ... ဆောင်းသစ်ဆိုတဲ့ လူဆီကိုပေါ့"

"ဟေ ... ဘာလုပ်မလို့လဲ၊ နင့်ဆီမှာ သူ့ဖုန်းနံပါတ်ရှိလို့လား"

"ရှိတယ်၊ ဟိုတစ်ခါ ငါ့ဆီဆက်တော့ ငါမှတ်ထားသားပဲ"

ပြောရင်းပင် ဆောင်းသစ်၏လက်ကိုင်ဖုန်းနံပါတ်ကို တန်းစီနှိပ်ချ လိုက်၏။ ဖုန်းက ဝင်သွားပါသည်။

ဖုန်းဝင်ဝင်သွားချင်း နွေကဗျာဆက်မှန်း သိသော ဆောင်းသစ်က အရင်ပြောလာ၏။

"မင်္ဂလာပါ နွေကဗျာ ... ပန်းသီးက အတော်ချိုရဲ့လားဗျ ... ဟဲ ဟဲ"

အသံကိုက ဆောင့်ကြွားကြွားနဲ့။ နွေကဗျာ စပ်မြင်ကတ်ကတ်နှင့် ပြန်ပြောလိုက်သည်။

"ဘယ်သိမလဲ၊ ရှင့်ပန်းသီးကို ကျွန်မ စားဖို့ကို စိတ်ကူးမရှိဘူး"

"ဒါဆို ... ဝွေးသီးပြောင်းပို့ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ဘာပြောတယ်၊ ရှင်နော်"

"အဟဲ . . . နောက်တာပါဗျာ၊ ပန်းသီးမစားချင်ရင်တောင် စတော်ဘာလေးတွေ သိမ်းထားပေးပါဗျာ"

နွေကဗျာက . . .

"ဒီမှာ . . . ကျွန်မ ရှင့်ဆီ ဖုန်းဆက်တာ အားယားနေလို့ မဟုတ်ဘူး၊ ပြောစရာရှိလို့"

"ပြောလေ"

"သေသေချာချာ နားထောင်နော်၊ ခုလို ရှင်ပို့ချင်တဲ့ အချိန်ပို့တော့ ကျွန်မအတွက် တပန်းရှုံးတယ်ရှင့်၊ အဲဒါကြောင့် နောက်နေ့ကစပြီး ကျွန်မ ပြောတဲ့အချိန်မှာ ပို့ရမယ်၊ ရှင် သဘောတူလား၊ မတူရင်လည်း အစီအစဉ်ကို ရုတ်သိမ်းလိုက်တာပေါ့"

ဆောင်းသစ်ဘက်မှ အသံခဏတိတ်သွားသည်။ စဉ်းစားနေပုံရသည်။ အတန်ကြာမှ သက်ပြင်းချသံပါးပါးကို အရင်ကြားလိုက်ရပြီး . . .

"ကောင်းပြီလေ၊ ဒါဆိုလည်း နွေကဗျာ့သဘောအတိုင်းပါပဲ၊ လက်ခံရမှာပေါ့ဗျာ၊ ဒါနဲ့ . . . မနက်ဖြန် ဘယ်အချိန် ပန်းသီးပို့လိုက်ရမှာလဲ"

စကားအဆုံးမှာ နွေကဗျာက ဟက်ခနဲရယ်လိုက်ရင်း . . .

"လက်ခံတယ်ဆိုရင်လည်း ပြောမယ်လေ၊ မနက်ဖြန် ရှင် ပန်းသီးပို့ရမယ့်အချိန်က သင်တန်းချိန်အားလုံးပြီးသွားလို့ အိမ်ပြန်ကြတဲ့နာရီဝက်အတွင်းမှာပဲ"

"ဟာဗျာ . . . အချိန်က မနည်းလွန်းဘူးလား"

စောဒကတက်လာသံကြောင့် နွေကဗျာက တဟားဟားရယ်လိုက်ကာ . . .

"မလုပ်နိုင်ရင်လည်း ရှင့်သဘောပဲလေ၊ ဒါဆိုလည်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟာ ... မလုပ်ပါနဲ့ နာရီဝက်ဆိုလည်း နာရီဝက်ပေါ့ ရပါတယ်"

"အဲဆိုလည်း ဒါပဲ"

"အာဆိုလက်ဒဲပါ"

"ဘာရှင့်"

"ဩော် ... အဲဆိုလည်း ဒါပဲ ... လို့"

"ဟွန်း"

"ဟင်း"

ထိုသို့ နှာမှုတ်ရင်းပင် နှစ်ယောက်သား ဖုန်းပြိုင်တူ ပိတ်လိုက်ကြလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၀၂)

အေးအေးလူလူ စာအုပ်ဖတ်နေသော ဆောင်းသစ်ကိုကြည့်ကာ တိုးတိုးနှင့်ဖြိုးလေးတို့ မရိုးမရွဖြစ်လာကြသည်။ တကယ်ဆို ဒီနေ့အဖို့ ပန်းသီး ပို့ရန် သွားသင့်နေပြီ။ သကောင့်သားက တုတ်တုတ်မျှမလှုပ်သေး။ ဘေးမှ ကြည့်နေသည့် သူတို့နှစ်ယောက်မှာ စိတ်မရှည်နိုင်တော့။

တိုးတိုးက နာရီကို တစ်ချက်ထပ်ကြည့်လိုက်ရင်း . . .

"ဟေ့ကောင် သေစ် . . . မသွားသေးဘူးလား။ နွေကဗျာတို့ သင်တန်းလွှတ်ချိန်နီးနေပြီ"

"အေးလေ . . . ပန်းသီးပို့ဖို့က သင်တန်းလွှတ်အပြီး အချိန်နာရီ ဝက်ပဲ ပေးထားတယ်ဆို"

ဖြိုးလေးကပါ ပေစောင်းစောင်းနှင့် ဝင်ပြောသည်။ ထိုအသံတွေ ကြောင့် စာအုပ်ဖတ်နေရာမှ မျက်နှာခွာကာ ဆောင်းသစ် မျက်ခုံးပင့်ရင်း လှမ်းကြည့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်နှစ်ဖက်ဆန့်ကာ ပျင်းကြောဆန့်လိုက်ရင်းက ...

"သွားမှာပေါ့ကွာ ... ဘာဖြစ်လို့ ဒီလောက်လောနေကြတာလဲ"

"လောတာ မဟုတ်ဘူး၊ အချိန်ပိုရရင် မင်းအတွက် ပိုကောင်းတာပေါ့၊ ငါတို့က မင်းအစီအစဉ်ပျက်သွားမှာစိုးလို့ပြောတာ"

တိုးတိုးစကားကြောင့် ဆောင်းသစ်က မျက်နှာကို ပြုံးဖြီးဖြီးလုပ်လျက် ...

"အဟဲ ... မင်းတို့နှစ်ကောင်စလုံး ငါ့ကို နွေကဗျာနဲ့ မြန်မြန်နီးစပ်စေချင်နေပြီ ထင်တယ်"

"ဖွီး ... ဘယ်ကလာ မင်းအစီအစဉ်ပျက်သွားရင် မင်းနဲ့ပေါင်းနေတဲ့ ငါတို့ပါ သိက္ခာကျမှာစိုးလို့ကွ ... ငပေါရ"

"အင်"

ဆောင်းသစ် နင်သွားရ၏။ မာန်တက်ချိန်က နှစ်မိနစ်လောက်ပင် မရလိုက်။ ဘာမှပြန်မပြောရသေးခင်မှာပဲ ဖြိုးလေးက ...

"ဒါနဲ့ ... ငသစ် မင်းပို့ပို့နေတဲ့ ပန်းသီးပေါ်က စတေကာမှာ စာလုံးတွေ ရေးရေးပေးလိုက်တာ ဘာအဓိပ္ပာယ်လဲ"

"အဟဲ ... ဒါကတော့ကွာ၊ နောက်တော့ မင်းတို့ သိရမှာပေါ့"

"ဘာလဲ ... ငါတို့က MRTV-4 မှာ စောင့်ကြည့်ရဦးမလား"

တိုးတိုး ရွဲ့ပြောပြောလာသည်။ ဆောင်းသစ်က နားသယ်စပ်ကို လက်နှင့်ကုတ်ရင်း ...

"မဟုတ်ပါဘူးကွာ၊ မင်းတို့ကိုပါ စိတ်ဝင်စားစေချင်လို့ပါ၊ သိပ်မကြာပါဘူး၊ ငါ နွေကဗျာကိုပေးမယ့် နှစ်ဆယ့်ခြောက်လုံးမြောက် ပန်းသီးရောက်ရင် မင်းတို့ အဲဒီအဖြေကို သိရမှာပါ"

"ဟင် ... နွေကဗျာက မင်းကို ပို့ခိုင်းတာ ပန်းသီးနှစ်ဆယ့်ငါး



www.burmeseclassic.com

www.burmeseclassic.com



လုံးပဲ မဟုတ်ဘူးလား"

ဆောင်းသစ်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါတယ်၊ နှစ်ဆယ့်ခြောက်လုံးမြောက်က သူမတောင်းဘဲ ငါပေးမယ့် ပန်းသီးပေါ့၊ အဲဒီပန်းသီးကိုတော့ ခုလိုမဟုတ်ဘဲ ပေါ်တင်ပေးဖို့ စဉ်းစားထားတယ်"

"ဘာတွေလဲ ဝေသစ်ရာ၊ ငါတို့ နားမလည်တော့ဘူး၊ ရှင်းရှင်းပြော စမ်းပါ၊ ခေါင်းထဲကို ပုရွက်ဆိတ်တွေ ထည့်မပေးစမ်းပါနဲ့"

"အေးပါကွာ၊ နောက်တော့ မင်းတို့မသိချင်လည်း သိရမှာပါ၊ ကဲ ... ခုတော့ နွေကဗျာတို့ သင်တန်းကို ဒိုးရအောင်"

သုံးယောက်သား ထွက်လာခဲ့ကြသည်။ ရောက်တော့ တစ်နေ့တာ ၏နောက်ဆုံးသင်တန်းချိန်က မပြီးသေးချေ။ သို့နှင့်ပင် သင်တန်းဝင်းထဲရှိ ကင်တင်းတစ်ခုမှာ ဝင်ထိုင်နေလိုက်ကြသည်။

ခဏနေတော့ ဖြိုးလေးက ...

"ဝေသစ် ... ဒီနေ့ရော မင်း သူမသိအောင် ဘယ်လိုပန်းသီးပို့မှာ လဲ"

ဆောင်းသစ်က လွယ်အိတ်ထဲမှ ပန်းသီးကို ထုတ်ယူလိုက်ကာ-

"ဒီနေ့လား ... အဟဲ ရောမစစ်သူကြီး ဖေဘီယမ်မက်ဇီမတ်ရဲ့ ချုံခိုတိုက်ခိုက်နည်းနဲ့ကွ၊ ဒီနည်းက ခေတ်သစ်မှာလည်း သုံးတတ်ရင် အဖိုး တန်တယ်၊ ခဏလေး ... ငါ သွားလိုက်ဦးမယ်"

ထိုသို့ ကြီးကြီးကျယ်ကျယ်တွေပြောရင်း သကောင့်သားက မြောက် ကြွမြောက်ကြွနှင့် ထထွက်သွားလေသည်။ တိုးတိုးတို့မှာ အူတူတူနှင့် ကျန် ရစ်ခဲ့ရ၏။

သိပ်မကြာပါချေ။ ဆောင်းသစ် ခပ်သုတ်သုတ်ခြေလှမ်းတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာသည်။ ခုနက ကိုင်သွားသည့် ပန်းသီးလည်း ပြန်ပါမလာ တော့။

ထိုအချိန်မှာပဲ သင်တန်းချိန်ပြီး၍ ခန်းမအသီးသီးမှ သင်တန်းသားများပင် တဖွဲဖွဲ ထွက်လာကြလေပြီ။

တိုးတိုးက လှမ်းကြည့်လိုက်ပြီးမှ ဆောင်းသစ်ကို ...

"သစ် ... မင်းကိစ္စ ပြီးခဲ့ပြီလား"

"အေး ... တစ်ဝက်တော့ ပြီးခဲ့ပါပြီ"

ပြောရင်းပင် ဆောင်းသစ်မျက်ဝန်းတွေက လင်းတောက်သွားရ၏။ သူတို့နှင့်မလှမ်းမကမ်းရှိ ဝိုင်းတစ်ဝိုင်းမှာ နွေကဗျာတို့အုပ်စု ဝင်ထိုင်လိုက်၍ဖြစ်သည်။ ထိုင်တာမှ ပန်းသီးကို ဖင်ခုမထိုင်မိစေရန် သတိထားကြည့်ပြီး ထိုင်သည့်ပုံစံမျိုး။

နွေကဗျာက ဆောင်းသစ်ကို မသိမသာတစ်ချက်လှမ်းကြည့်ပြီး ဘေးမှ သူ့အဖော်နှစ်ယောက်အား ဘာတွေမှန်းမသိ တီးတိုးပြောဆိုနေသည်။ မကြားရပေမယ့်လည်း ထိုစကားတွေထဲမှာ စားပွဲပေါ်မှ တစ်ရှူးဘူးထဲသို့ စွတ်စွတ်မနိုက်ရန် မှာကြားတာလည်း ပါနိုင်သည်ပဲ။

ထိုသို့တွေးရင်း ဆောင်းသစ် ပြုံးစစဖြစ်သွားရသည်။ တကယ်ပင် နွေကဗျာတို့တစ်အုပ်စုလုံးသည် ချောင်းမြောင်းတိုက်ခိုက်မည့်သူမရှိပါဘဲနှင့် သတိကြီးစွာထားနေကြပုံက အထင်းသား။

ဖြိုးလေးက လှမ်းကြည့်ပြီး ရယ်ကျဲကျဲနှင့် ...

"အဟီး ... သူတို့ကြည့်ရတာ ဂနာမငြိမ်တဲ့ပုံစံတွေနဲ့ကွ၊ ဘယ်အချိန်မှာ ပန်းသီး ဘွားခနဲရောက်လာမှာကို စိုးရိမ်နေတဲ့ ဒီဇိုင်းတွေ"

ဆောင်းသစ်က ...

"ဒီတစ်ခါတော့ သူတို့တွက်ကိန်းမှားနေတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဘာဖြစ်လို့လဲ"

"စောင့်ကြည့်ပေါ့ကွာ"

ထပ်မေးလျှင်လည်း ဆောင်းသစ်ဆိုသော သတ္တဝါက ဖြေမှာမဟုတ်၍ နှစ်ယောက်သားလေကုန်မခံဘဲ ငြိမ်နေလိုက်သည်။

ခဏအကြာမှာပဲ နွေကဗျာတို့အုပ်စု ကင်တင်းတဲမှ ထထွက်သွားကြ၏။

ဆောင်းသစ်က လှမ်းကြည့်ပြီး ...

"မင်းတို့စောင့်ကြည့်နေ ... ခဏနေရင် နွေကဗျာ ငါ့ဆီ ဖုန်းဆက်လိမ့်မယ်"

BURMESE CLASSIC

တိုးတိုးနှင့်ဖြိုးလေးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပခုံးကိုယ်စီ တွန့်လိုက်ကြသည်။ ဟုတ်ရင်လည်း ဟုတ်ပေါ့ကွာဆိုသည့် အထာမျိုး။

သို့သော်လည်း ...

အထက်က ဆောင်းသစ်ဆိုခဲ့သည့်အတိုင်း ခဏအကြာမှာပဲ ဟမ်းဖုန်းက ထမြည်လာသည်။ ကြည့်လိုက်တော့ နွေကဗျာ့ဖုန်းနံပါတ်။

ဆောင်းသစ်က မျက်ခုံးပင့်ရင်း အားလုံးကြားနိုင်ရန် စပီကာဖွင့်ထားလိုက်သည်။

တစ်ဖက်မှ နွေကဗျာ့အသံလေးက ရှတတထွက်လာ၏။

"ဆောင်းသစ် ... ဘယ်လိုလဲရှင့်၊ သင်တန်းလွှတ်ပြီးလို့ နာရီဝက်တိတိရှိပြီနော်၊ ရှင့်ဆီက ပန်းသီး ခုချိန်ထိ ကျွန်မဆီ ရောက်မလာဘူးဆိုတော့ ပွဲပြီးသွားပြီပေါ့"

"ဘယ်ကလာ ပွဲပြီးရမှာလဲ နွေကဗျာရဲ့၊ ကျွန်တော် သင်တန်းလွှတ်တဲ့အချိန်အတိအကျမှာပဲ နွေကဗျာ့ဆီ ပန်းသီးပို့ပြီးပါပြီ ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသစ်စကားအဆုံးမှာ နွေကဗျာက ချက်ချင်းပဲ ...

"ရှင်နော် ... ပေါက်ကရတွေ ပြောမနေနဲ့၊ ကျွန်မဆီ ဘယ်ပန်းသီးမှ ရောက်မလာဘူး ... သိရဲ့လား"

"ဩော် ... ကဲ ... ပို့ပြီးပါပြီဆို"

"ဒါဆို ... ဘယ်မှာလဲ ပြော"

"ပြောမယ်လေ၊ ဒါနဲ့ နွေကဗျာကားက မီးပွိုင့်တစ်ခုခုနဲ့ နီးပြီလား"

"ဟင် ... ဘာဆိုင်လို့လဲ"

"ပြောမှာသာ ပြောပါ"

"နီးနေပြီ ... အဲဒါ ဘာဖြစ်လဲ"

"အဲလိုဆို နွေကဗျာ သိရတော့မှာပါ၊ ကဲ ... ဒါပဲနော်"

ပြောရင်း ဆောင်းသစ်က ဖုန်းပိတ်ပစ်လိုက်သည်။

တစ်ဖက်က နွေကဗျာမှာ ကားမောင်းရင်း ကြောင်တက်တက် ဖြစ်သွားရ၏။

ဘေးနားရှိ မြတ်နိုးဘက်ငဲ့ကာ ...

"မြတ်နိုး ... ဒင်းက ပန်းသီးပို့ပြီးပြီတဲ့၊ မီးပွိုင့်ရောက်ရင် သိလိမ့်မယ်ဆိုပဲ"

"ဟဲ့ ... ဘယ်လိုကြီးလဲ"

မျက်ခုံးအတွန့်ချိုးရင်း နွေကဗျာက ...

"ငါလည်း မသိဘူး"

ထိုအချိန်မှာပဲ နွေကဗျာ မောင်းလာသော ကားက ဆယ်ကြိမ်မှာ ရှစ်ကြိမ် လွတ်လမ်းမရှိသည့် မီးပွိုင့်တွင် မိသွားပါသည်။

ကားရပ်ထားစဉ်မှာပဲ ဘေးချင်းယှဉ်ရပ်နေသည့် တက်စီတစ်စီး ပေါ်မှ ယာဉ်မောင်းက ခေါင်းပြူကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ... ညီမလေး"

နွေကဗျာ လှမ်းကြည့်လိုက်စဉ်မှာပဲ ထိုလူက ကားနောက်ဘက်သို့ မေးဆတ်ပြရင်း ...

"ညီမလေးတို့ကားနောက်မှာ အမှိုက်ထုပ်လားမသိဘူး ကြွပ်ကြွပ်အိတ်အမည်းတစ်ခု ကြိုးနဲ့ငြိပြီး ပါလာတယ်"

"ရှင်"

နွေကဗျာမျက်လုံး ဝိုင်းသွားရသည်။ ထိုစဉ် မီးပွိုင့်စိမ်းသွားသဖြင့် မောင်းထွက်လိုက်ရသေးသည်။ ခပ်လှမ်းလှမ်းတစ်နေရာရောက်မှ လမ်းဘေးမှာ ကားခဏရပ်ပြီး ဆင်းကြည့်လိုက်၏။

စိတ်ထဲမှာ မသင်္ကာဖြစ်မိသည့်အတိုင်း ...

ထိုကြွပ်ကြွပ်အိတ်အမည်းက မတော်တဆငြိပြီး ပါလာခြင်းမဟုတ်။ ပန်းသီးကို သေသေချာချာထုပ်ပိုးကာ ကြွပ်ကြွပ်အိတ်ထဲထည့်ပြီး ကြိုးတစ်ချောင်းသုံး၍ ကားနှင့်တွဲချည်ပေးလိုက်ခြင်းဖြစ်လေသည်။

ကြည့်ရင်း နွေကဗျာ တောက်တစ်ချက်ခေါက်လိုက်မိ၏။ ဒါကြောင့် ဆောင်းသစ်ဆိုသော သတ္တဝါက မီးပွိုင့်ရောက်လျှင် သိလိမ့်မည်ဟု ပြောသွားသည်ကိုး။

မိမိမှာတော့ မထင်ထားသည့်ပုံစံနှင့် ပန်းသီးအပေးခံရသည့်အပြင် ထိုကြွပ်ကြွပ်အိတ်တန်းလန်းကြီးနှင့် ကားမောင်းလာခဲ့ရသောအဖြစ်ကိုတွေးကာ ရှက်လိုက်သည်ဖြစ်ခြင်း။

သို့သော်လည်း ဘာမှမတတ်နိုင်တော့ချေ။ နှမလက်လျှော့အတွေးလေးနှင့်ပင် ပန်းသီးပေါ်မှ စတေကာလေးကို ခွာယူလိုက်ရလေသည်။

ပြီး ... ပန်းသီးကိုကြည့်လိုက်ရာမှ ဆောင်းသစ်၏စပ်ဖြဲဖြဲမျက်နှာကြီးကို မြင်လိုက်ရသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲဟယ်"

"ဂွပ်"

ဗိုက်ဆာဆာဖြင့် ကိုက်စားလိုက်ခြင်း မဟုတ်ပါ။ လမ်းပေါ်ပစ်ချပြီး ဖနှောင့်နှင့်ပေါက်လိုက်ခြင်း ဖြစ်လေသည်။

သူ့ပန်းသီး၏မလှမပသောဘဝဇာတ်သိမ်းနေဝင်ချိန်ကိုသာ ဆောင်းသစ် သိလျှင်တော့ ...

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သူရိန်နေမင်းကြီး အနောက်ကမ္ဘာသို့ ဒိုင်ဗင်ပစ်ဆင်းသွားပြီဖြစ်၍ တော်ဝန်းကျင်အနီးသို့ အမှောင်ပျပျကပင် စစ်ချီလာလေပြီ။

ထိုအမှောင်ထုကို အံတုမည့်အလင်းရောင်တွေကလည်း လျှောက်လာသော လမ်းတစ်လျှောက်ရှိ ဓာတ်တိုင်တွေမှာ တွဲလွဲသီးခိုလင်းပနေကြ၏။

အတူတူလျှောက်လာရင်း တိုးတိုးက စကားစလိုက်သည်။

"သေစ် ... ခု ငါ ဘာစဉ်းစားနေလဲ ... သိလား"

ဆောင်းသစ်က လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီးမှ ...

"အင်း ... ငါသိပါတယ် တိုးတိုးရာ၊ မင်း ဂျပန်ဆူနာမီနဲ့ လျှော် အကြောင်း စဉ်းစားနေတာမလား၊ ဘယ်တတ်နိုင်မလဲကွာ၊ သဘာဝဘေး အန္တရာယ်ဆိုတာက ဒီလိုပါပဲ၊ ကမ္ဘာကြီးက ဟောင်းလာပြီလေ"

ဆောင်းသစ်စကားကြောင့် ခုမှ ဘီယာဆိုင်က အတူထလာသော တိုးတိုးနှင့်ဖြိုးလေးတို့ အမူးပြေချင်ချင် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com


တိုးတိုးက မျက်မှောင်ကြီးကုတ်လိုက်ရင်း ...

"သေဇ် ... မင်း အူတူတူမလုပ်နဲ့ကွာ၊ ချီးမှပဲ"

"ဟ ... ဘာအူတူတူလုပ်ရမှာလဲ၊ မင်းပဲ ဘီယာဆိုင်ထဲမှာတုန်းက စလောင်းကလွှင့်တဲ့ ဂျပန်က ဆယ်ရေးသတင်းကို သဲကြီးမဲကြီး ကြည့်နေလို့ ငါက ပြောတာလေကွာ"

"ဟာ ... သေဇ်ရာ အဲဒါက ဘီယာဆိုင်ထဲမှာလေ၊ ခုက လမ်းပေါ်မှာကွ"

"ဒါဆိုလည်း မသိဘူးကွာ၊ မင်းတွေးတဲ့အတွေးတိုင်းကို ငါက ဘယ်လိုသိနိုင်မှာလဲ၊ အကြားအမြင်ရနေတဲ့လူမှ မဟုတ်တာ"

"အေး ... အဲဆိုလည်း မင်းသိအောင်ပြောပြမယ်၊ မင်း နွေကဗျာကို စိတ်ဝင်စားနေတာ ငါတို့သိတယ်၊ ငါတို့တင်မဟုတ်ဘူး နွေကဗျာနဲ့ သူ့သူငယ်ချင်းတွေလည်း သိတယ်"

"ဟုတ်တယ်လေ ... အဲဒါ ဘာဖြစ်လဲ"

ဆောင်းသေဇ် ပြန်မေးလိုက်သည်။ တိုးတိုးက ခေါင်းကို ဘယ်ညာခါလိုက်ပြီး ...

"ဒါနဲ့များကွာ ... ပန်းသီးတွေ တစ်ရက်တစ်လုံးပို့ပြီး ဘာဖြစ်လို့ ကုလားကားရိုက်နေတာလဲ၊ ဘာဖြစ်လဲကွာ ပြောင်ပဲ ဖွင့်ပြောလိုက်ပေါ့"

ဆောင်းသေဇ်က သက်ပြင်းသဲ့သဲ့ချလိုက်သည်။ ပြီး ...

"ငါ ... ပေရှည်ချင်လို့ ရှည်နေတာ မဟုတ်ပါဘူး၊ ဒီဇာတ်လမ်းကို ဆင်ခဲ့တာက ငါကိုယ်တိုင်ပါ၊ ဒီအချိန်မှာ အဲလိုပြောလိုက်ရင် နွေကဗျာ ငါ့ကို ဘယ်လိုတုံ့ပြန်လာမယ်လို့ ထင်လဲ"

"မသိဘူးလေ၊ ရက် (စ်) အောနီး တစ်ခုခုပေါ့"

"အဲဒါတော့ မင်းပြောမှလား တော့်းရဲ့၊ ငါ သူ့ဆီက နိုးဆိုတဲ့


www.burmeseclassic.com

www.burmeseclassic.com


အဖြေကို မလိုချင်ဘူး တိုးတိုး''

''ထားပါတော့၊ ကဲ ... ဒါဆို မင်း ခုလိုလုပ်နေလို့ရော သူ့ဆီက ခုလဒ်ကောင်းတဲ့အဖြေမျိုး ပြန်ရမှာ ရှူးဝါး သေချာလို့လား''

ဆောင်းသစ်က ခေါင်းမညိတ်, ခေါင်းမခါဘဲ ...

''သေချာချင်လို့ ခုလို အချိန်ယူနေတာပေါ့၊ ခု ... သူ့ဆီကို ငါ ပန်းသီးတွေ ပို့နေတာဟာ အပျော်တမ်း ကစားနေတာ မဟုတ်ဘူး၊ ပန်းသီး တစ်လုံးတိုင်းမှာ ငါပေးချင်တဲ့ မျက်ဆော့ချ်တစ်ခုစီပါတယ်၊ အားလုံးကို ငါ ပို့နိုင်ခဲ့ရင် သူ ငါ့ကို ပြန်မချစ်နိုင်ရင်တောင်မှ ငါ့အချစ်ကို အသိအမှတ်ပြု သွားမယ်လို့ ထင်တယ်''

''အင်း ... မင်းကိုတော့ ကြောင်တယ်လို့ပဲ ပြောရတော့မလား၊ အချစ်တစ်ခုကို လှလှပပတင်ဆက်တတ်တယ်လို့ပဲ ချီးမွမ်းရတော့မလား၊ မသိတော့ဘူး''

လမ်းတစ်လျှောက် စကားတစ်လုံးမှ ဝင်မပြောခဲ့သော ဖြိုးလေးက ပြောလာခြင်းဖြစ်သည်။

ဆောင်းသစ်က ဖွလသံခပ်အေးအေးနှင့်ပင် ...

''မင်းတို့ ထင်ချင်သလို ထင်တော့ကွာ၊ လူတိုင်း ကိုယ့်အတွက်နဲ့ ကိုယ် ထင်မြင်ခွင့်ရှိတာပဲ၊ ငါလည်း ငါ့စိတ်ကူးနဲ့ငါပေါ့၊ ရူးတယ်ပဲ ပြောပြော ခု ... ငါ လမ်းတစ်ခုလျှောက်ကြည့်တာပါ၊ လမ်းဆုံးရင် ဘာတွေ့ရမယ် ဆိုတာကိုတော့ မသိသေးပေမယ့် ငါ ရင်ခုန်တယ်''

နှစ်ကောင်စလုံး တစ်ယောက်တစ်ဝက်စပ်ပြီး လေပူကြီးတစ်ခုကို တက်ညီလက်ညီ မှုတ်ထုတ်ကြတော့သည်။

ပြီးမှ တိုးတိုးက ...

''အေးလေ ... ငါတို့ကလည်း ဇာတ်မျောကြီးဖြစ်သွားမှာစိုးလို့


www.burmeseclassic.com

www.burmeseclassic.com



ခုလို မေးကြည့်တာပါ၊ ဘာပဲဖြစ်ဖြစ် မင်းကို ကူညီပါ့မယ်ဆိုတာတော့ ငါ
တို့ အစကတည်းက ပြောထားပြီးသားပဲ''

''ဟုတ်တယ် သေစ် ... ငါတို့လည်း ရည်းစားမထားဘူးတော့
ဒီကိစ္စတွေကို သိပ်နားမလည်ဘူးကွ၊ ဒီတော့ မင်းခိုင်းတဲ့အတိုင်း လိုက်လုပ်
ပေးမှာပဲ၊ ပြီးတော့''

စကားကို ဖြတ်ထားသဖြင့် ဆောင်းသစ်က ...

''ပြီးတော့ ဘာဖြစ်လဲ ဖြိုးလေး''

''သြော် ... ခုလို မင်းတိုက်တဲ့ ဘီယာကိုလည်း မာန်လျှော့ပြီး
လိုက်သောက်ပေးနေရဦးမှာပဲလို့''

''ဒီကောင်ကွာ အကောင်းပြောနေရင်းက ဖီးလ်ကျိုးတယ်''

ပြောရင်း အားလုံးရယ်မိကြသည်။ ခုထိုင်ခဲ့သော ဘီယာဆိုင်က
ဆောင်းသစ်နေသည့် ရပ်ကွက်ထဲမှာ ဖြစ်သည်။ ဒင်းတို့က ကိုယ်နှင့် စာချုပ်
ချုပ်ထားသည့်အလား အပတ်စဉ်စနေနေ့တိုင်း တကူးတကလိုက်ကာ
အားမနာ လျှာမကျိုး နင်းကန်မျိုဆို့ပြီးမှ ပြန်သည်။

ဒါသည်ပင်မကသေး လမ်းထိပ်ရောက်တော့ သကောင့်သားနှင့်
ကောင်ကို ကားငှားပြီး တင်ပေးလိုက်ရသေး၏။ ဒါတောင် ဒင်းတို့က သူတို့
အိမ်အတွက် ခေါက်ဆွဲကြော် ဘာညာစသဖြင့် ပါဆယ်ဆွဲမသွားရ၍ သိပ်
ကျေနပ်လှသည်မဟုတ်။ တရားကျဖို့ပင် ကောင်းလှသေးတော့၏။

ခုလည်း အိမ်ပေါ်ရောက်၍ အိပ်ရာပေါ် ခဏလှဲနေစဉ်မှာပဲ ဖုန်း
ဝင်လာသည်။ သက်မွန်မြင့်တို့ အေးမြတ်သူတို့ထံမှ မဟုတ်ပါ။ ထပ်ပြော
လျှင် ဝိုင်းစုခိုင်သိန်းဆီကလည်းမဟုတ်။

ဆက်လာသူက နွေကဗျာ။ ကိုယ့်ရဲ့ပန်းသီးလုံးလုံးလေး နွေကဗျာ။
ဆောင်းသစ် ကပျာကယာပင် ဖုန်းဖွင့်ကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ နွေကဗျာ၊ ညနေက ကျွန်တော်ပို့လိုက်တဲ့ ပန်းသီး ရပါတယ်နော်"

အသံက ကြည်ရှသော်လည်း ဘောက်ဆတ်ဆတ်ကလေး ပြန်ပြော လာသည်။

"ရတယ် ... ရတယ်၊ ဒါပေမဲ့ ... ရှင်လုပ်ပုံက ကောင်းသေးရဲ့ လား"

"ဟင် ... ဘာများလုပ်မိလို့လဲ"

ရုပ်တည်ဖြင့် ပြန်မေးလိုက်သည်။ ရှင်းအောင်ထပ်ပြောရလျှင် တစ် ယောက်နှင့်တစ်ယောက် မမြင်ရ၍ အသံတည်ဖြင့် မေးလိုက်ခြင်းဖြစ်၏။

တစ်ဖက်မှ နွေကဗျာကလည်း အသံကို ဒေါက်ထောက်၍ ငေါက် တောက်တောက် ပြန်ပြောလာသည်။

"အောင်မာ ... ဘာများလုပ်မိလို့လဲ ... ဟုတ်လား၊ ရှင့်ပန်းသီး ထည့်ထားတဲ့အိတ်က အမှိုက်အိတ်လို ကျွန်မကားနောက်မှာ တရွတ်တိုက် ပါလာတော့ ကျွန်မ ရှက်တာပေါ့ရှင့်"

"ဩော် ... နွေကဗျာရယ် အဲဒါ ရှက်စရာမဟုတ်ပါဘူး၊ အနောက် နိုင်ငံတွေမှာဆို တမင်တောင် အဲလိုလုပ်ကြတာ"

"တစ်ခါမှ မကြားဖူးဘူး၊ ရှင် ပေါက်ကရတွေ လာပြောမနေနဲ့"

အသံက ခုထိ ဘော်လွန်းမလျော့သေး။ ဆောင်းသစ်မှာ တစ်မျိုး ပြောင်းရှင်းရတော့သည်။

"ဘယ်က ပေါက်ကရ ပြောရမှာလဲ၊ အနောက်နိုင်ငံတွေမှာ မလေ့ တစ်ခုရှိတယ်၊ အဲဒါက ယောက်ျားနဲ့မိန်းမ လက်ထပ်ကြပြီဆိုရင် သူတို့ မင်္ဂလာဆောင်ကားမှာ အနှစ်နှစ်အလလက ဖိနပ်အဟောင်းတွေကို ကြိုးနဲ့ ချည်ပေးလိုက်တယ်၊ သဘောကတော့ ဖိနပ်အမျိုးမျိုးစီးပြီး နှစ်အိမ်ပေါက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းရတဲ့ လင်မယားဖြစ်ပါစေဆိုတဲ့ အဓိပ္ပာယ်ပဲ''

''အိုး . . . ဘာဆိုင်လို့လဲ၊ သူတို့ဟာက မင်္ဂလာဆောင်မှာ သတို့သမီးနဲ့သတို့သား စီးတဲ့ကားပဲဥစ္စာ''

''အဲဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီနေ့ ကျွန်တော့်ခေါင်းထဲကို အဲဒီစိတ်ကူးလေး ဝင်လာလို့ ပန်းသီးကို ကားနောက်မှာ ချည်ပေးလိုက်တာ တကယ်လည်း ကျွန်တော် မင်္ဂလာဆောင်ရင် ကားမှာ ဖိနပ်တွေချည်မှာဗျ ဒါနဲ့ နွေကဗျာ မင်္ဂလာဆောင်ရင်ရော''

''ဒီမှာ ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မ မင်္ဂလာဆောင်ရင်တော့ ရှင့်ကို ကြိုးနဲ့တုပ်ပြီး ကားနောက်က တရွတ်တိုက်ဆွဲသွားမှာ သိပြီလား''

''ဩော် . . . ပြီးမှ သနားလို့ဆိုပြီး ကားပေါ် ပြန်တင်ခေါ်မယ်မဟုတ်ဘူး ဒီလိုလား''

''တော်ပြီ တော်ပြီ . . . ရှင်နဲ့ စကား ဆက်မပြောချင်တော့ဘူး''

နွေကဗျာက ရက်ဝါးဝါးအသံလေးနှင့် ပြန်အော်တော့သည်။

ဆောင်းသစ်က . . .

''စတာပါ နွေကဗျာရယ်၊ ခု နွေကဗျာ ဖုန်းဆက်တာ မနက်ဖြန် ပန်းသီးပို့မယ့်အချိန်ကို ပြောချင်လို့ဆိုတာ သိပါတယ်၊ ပြောလေ''

''ပြောမှာပါ၊ ရှင်က စကားရှည်နေတာကိုး''

''ရှည်ဆို . . . ကျွန်တော်က နွေကဗျာနဲ့ ခုလို စကားပြောချင်နေတာကိုး''

''တော်တော့ . . . ရှင် ကျွန်မ ပြောတာကိုသာ နားထောင်ပါ၊ မနက်ဖြန်က သင်တန်းပိတ်ရက်၊ အဲဒီတော့ ကျွန်မအိမ်မှာ ရှိချင်လည်းရှိမယ် မရှိချင်လည်း မရှိဘူး၊ ဒီတော့ . . . မနက်ဖြန်ကို ရှင်အဆင်ပြေတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖို့နိုင်တယ်လို့ ပြောချင်တာ''

ဆောင်းသစ်က ဟက်ခနဲရယ်လျက် ...

''ဟုတ်ပါပြီဗျာ၊ မင်္ဂလာအချိန်ကို ကျွန်တော် ရွေးပြီး ပို့လိုက်ပါ့မယ်၊ ဒါပဲလား နွေကဗျာ၊ ဘာပြောစရာ ရှိသေးလဲ''

နွေကဗျာ မျက်နှာလေးကို မဲ့လိုက်သည်။ ဆောင်းသစ်က ပြောလိုက်လျှင် ထိုသို့ ပမာမခန့်တွေချည်း။

ထို့ကြောင့် အရွဲ့တိုက်ပြီး ပြန်ပြောလိုက်သည်။

''ပြောစရာမရှိတော့ပါဘူးရှင်၊ မနက်ဖြန် ပန်းသီးအရောက်ပို့နိုင်ဖို့အတွက် စိတ်ပူပြီး ရှင် အိပ်မပျော်မှာစိုးလို့ပါ ... အဟင်း၊ ဂွတ်နိုက် (Good Night) ပါ ... ဆောင်းသစ်''

''ဟုတ်ကဲ့ ... ခုလိုစိတ်ပူပေးလို့ ကျေးဇူးတင်ပါတယ် နွေကဗျာ၊ ကျွန်တော်ကလည်း ဂွတ်နိုက်လို့ လေးလေးနက်နက် ပြန်ပြီးနှုတ်ဆက်လိုက်ပါတယ်''

စကားဆုံးဆုံးချင်း နွေကဗျာက ဖုန်းအရင် ချပစ်လိုက်သည်။ ပြီး ... အိပ်ရာပေါ်လှဲချလိုက်စဉ်မှာပဲ ဖုန်းက တတီတီမြည်လာသည်။ မက်ဆေ့ချ် တစ်စောင် ဝင်လာခြင်းဖြစ်၏။

ပို့သူကိုကြည့်လိုက်တော့ ဆောင်းသစ်ထံမှ။ ပို့လိုက်သည့် မက်ဆေ့ချ်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com

## Good night

| | | |
|---|---|---|
| **G** | → | Go to bed |
| **o** | → | off the light |
| **o** | → | out of tension |
| **d** | → | dreams come |
| | | |
| **N** | → | Nice step |
| **i** | → | ignore worries |
| **g** | → | get up early |
| **h** | → | have a nice day |
| **t** | → | thank God always |

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

နွေကဗျာ ဖုန်းထဲမှ ဆောင်းသစ်ပို့ထားသော မက်ဆေ့ချ်ကိုကြည့်ရင်း မြတ်နိုးနှင့်ရွှေရည်တို့ သဘောကျနေကြသည်။

"အဟိ ... ဆောင်းသစ်ပို့လိုက်တဲ့ မက်ဆေ့ချ်က အလန်းလေးနော်၊ မိုက်တယ်ဟာ၊ မှတ်ထားပြီး ညကျရင် မောင့်ဆီကို ပို့ရမယ်"

အရှက်မရှိစွာ မြတ်နိုးပြောလိုက်သည့် စကားအဆုံးမှာတော့ ရွှေရည်ကလည်း နန့်နန့်တက်ပုံစံဖြင့် ...

"အေး ... ငါလည်း ကို့ဆီကို ဒီမက်ဆေ့ချ် ပို့ဦးမှာပဲ"

"ဟဲ့ ... နင်တို့ တော်တော်ရှုနေကြပါလား"

နွေကဗျာစကားအဆုံးမှာ မြတ်နိုးက မျက်စောင်းထိုးရင်း ...

"ရှုမှာပဲ ... ကိုယ့်ဟာကိုယ် ရှုစရာရှိလို့ ရှုတာ ဘာဖြစ်လဲ၊ နင့်မှာသာ ရှုစရာမရှိလို့ မနာလိုဖြစ်နေတာ"

"သွားစမ်းပါဟာ ... စိတ်မဝင်စားဘူး"



www.burmeseclassic.com

www.burmeseclassic.com



နာခေါင်းရှုံ့၍ ပြောလိုက်သော နွေကဗျာကို ရွှေရည်က ...

''မိနွေ ... နင်ရော ဆောင်းသစ်ဆီကို မက်ဆေ့ချ် ပြန်မပို့လိုက်ဘူးလား''

''အောင်မာ ... ငါက ဘာကို ပြန်ပို့ရမှာလဲ''

''ဩော် ... ဟိုက ဂွတ်နိုက်ဆိုတော့ နင့်ဘက်ကလည်း ရက်(စ်)ဒါလင်ဆိုပြီးတော့လေ''

''သေလိုက်ပါလား''

အရှက်သဲသဲနှင့် နွေကဗျာ ပြန်ပြောလိုက်ခြင်းဖြစ်သည်။ မျက်နှာလေး ရဲရဲနီသွားသော နွေကဗျာကိုကြည့်ကာ နှစ်ယောက်သား ရယ်ကြတော့သည်။

အရယ်ရပ်ပြီးမှ မြတ်နိုးက ...

''ဒါနဲ့ မိနွေ ... မနေ့က သင်တန်းပိတ်ရက်မှာ ဆောင်းသစ်ဘယ်လိုများ ပန်းသီးကို ရအောင်ပို့လိုက်လဲ''

နွေကဗျာမျက်နှာလေးက တည်သွားသည်။ ပြီး ...

''ဒီကောင်က တော်တော်ဉာဏ်များတာဟ၊ မနေ့က ပိတ်ရက်ဆိုတော့ သူ ပန်းသီးမပို့နိုင်အောင် ငါ အပြင်သွားမယ်ဆိုပြီး စဉ်းစားထားတာ ဒါပေမဲ့ ငါ အိပ်ရာကနိုးပြီး သိပ်မကြာဘူး အိမ်ပေါ်အထိ ပန်းသီးက ရောက်လာပါလေရော''

''ဟင်''

မြတ်နိုးနှင့်ရွှေရည်တို့ နှစ်ယောက်စလုံး အံ့သြသွားကြသည်။

ရွှေရည်က ...

''နေစမ်းပါဦး၊ ပန်းသီးက ဘယ်လိုလုပ်ပြီး အိမ်ပေါ်ထိ ရောက်လာတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက်ပေါက်ပြီး လမ်းလျှောက်လာတာတော့ မဟုတ်ဘူး ပေါ့ဟာ၊ မနေ့က အိပ်ရာထ မျက်နှာသစ်ပြီး မနက်စာစားဖို့ လုပ်နေတုန်း မှာပဲ"

ဟုတ်ပါသည်။ မနေ့က မနက်စာစားရန်အတွက် ထမင်းစားခန်း ထဲမှာ ဝင်ထိုင်လိုက်သောအချိန်မှာပဲဖြစ်၏။

အိမ်မှာ ထမင်းဟင်းချက်သော ဒေါ်ကြီးစိုးက နွေကဗျာ စားနေကျ မုန့်ဟင်းခါးကို စားပွဲပေါ်လာချပေးပြီး ...

"စားလေ သမီး ... သမီးကြိုက်တဲ့ ဆိုင်ကပဲ ဝယ်လာတာ"

"ဟုတ်"

ပြောရင်း စားရန် ဇွန်းကောက်မ,လိုက်စဉ်မှာပဲ ဒေါ်ကြီးစိုးက သတိ ရဟန်ဖြင့် ...

"ဪ သမီး ... စားပြီးရင် သမီး ယတြာချေဖို့ ပန်းသီးတွေကို ပြင်ထားလိုက်မယ်နော်"

"ရှင်"

ဇွန်းပင် လွတ်ကျမတတ်ဖြစ်သွားရ၏။ ယတြာချေဖို့တဲ့။ နွေကဗျာ နားမလည်စွာ ပြန်မေးလိုက်မိသည်။

"ဒေါ်ကြီးစိုး ... သမီး ယတြာချေမယ်လို့ ဘယ်တုန်းက ပြောလို့ လဲ"

ဒေါ်ကြီးစိုးက နဝေတိမ်တောင်ဟန်ဖြင့် ပြန်ကြည့်လာရင်း ...

"ဟင် ... သမီးပဲ မေ့နေတာလား၊ မနက်က ဒေါ်ကြီးဈေးက ပြန်လာတော့ ခြံဝမှာ သမီးတို့အရွယ် ကောင်လေးတစ်ယောက်နဲ့တွေ့တယ် နာမည်က ဆောင်းသစ်ဆိုလား ... သမီးသူငယ်ချင်းတဲ့၊ သမီးယတြာချေဖို့ အတွက် မှာထားတဲ့ပန်းသီးတွေကို လာပို့ပေးတာလို့ ပြောတယ် ဒေါ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ခေါ်ပေးမယ်လို့ ပြောတာကိုတောင် အချိန်မရဘူးဆိုပြီး ဒေါ်ကြီးနဲ့ ပေးခိုင်းလိုက်တာ၊ ဘာလဲ ... သမီးသူငယ်ချင်း မဟုတ်လို့လား''

နွေကဗျာ အံ့သြလွန်း၍ ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွားရသည်။ ဆောင်းသစ်ကို ဒီလောက်လျှင်မည်ဟု မထင်ထားမိ။ ခုတော့ ခံလိုက်ရပြန်ပြီ။

သို့နှင့် ဒေါ်ကြီးစိုးကိုကြည့်ကာ ခုမှ သတိရသွားဟန်လေးလုပ်လျက်

''ဪ ... ဟုတ်တယ်, ဟုတ်တယ်၊ သမီးမေ့နေတာ၊ ရပ်ကွက်ထဲက ဈေးမှာက ပန်းသီး အလွယ်တကူဝယ်လို့မရလို့ မှာလိုက်တာ၊ ဒါနဲ့ အဲဒီပန်းသီးတွေရော''

''ခဏလေး ... ဒေါ်ကြီး ယူလာပေးမယ်''

ပန်းသီးတွေထည့်ထားသည့် ပန်းကန်ပြားတစ်ချပ်က ရှေ့ကို ရောက်လာသည်။ ပန်းသီးက ခြောက်လုံးတိတိ။ တစ်လုံးချင်းစီကိုယူကာ လှည့်ပတ်ကြည့်ရင်း ပန်းသီးတစ်လုံးပေါ်မှာ ကပ်ထားသော စတေကာတစ်ခုအား တွေ့လိုက်ရလေ၏။

ထိုစတေကာလေးကိုခွာရင်း ဘာရယ်ကြောင့်မှန်းမသိ နွေကဗျာ ပြုံးလိုက်မိသည်။ တစ်ဆက်တည်း ပန်းသီးကိုလည်း ဂွပ်ခနဲ ကိုက်စားလိုက်၏။

ဒေါ်ကြီးစိုးက မျက်လုံးပြူးကာကြည့်လာပြီး ...

''ဟယ် သမီး ... ပန်းသီးတွေက ယတြာချေဖို့ဆို''

နွေကဗျာက အိုးတိုးအမ်းတမ်း အမူအရာလေးနှင့် ...

''ဪ .. အင်း ... ဟုတ်တယ်လေ၊ ယတြာချေရမှာက ငါးလုံးတည်း ဒေါ်ကြီးစိုးရဲ့၊ အဲဒါကြောင့် တစ်လုံးစားလိုက်တာ ... ကဲ ဟင်း၊ အဲဒီငါးလုံးကို ဘုရားဆွမ်းတော်ကပ်လိုက်နော်''

www.burmeseclassic.com



"ဩော် ဒီလိုလား ... ပြီးရောလေ၊ ဒါနဲ့ ဟိုကောင်လေးက သမီးသူငယ်ချင်းလား"

"အင်း ... ဘာဖြစ်လို့လဲ"

"မသိဘူးလေ ... သမီးဆီကို ဒီလိုမျိုး သူစိမ်းယောကျ်ားလေး တစ်ခါမှမလာဖူးလို့ မေးကြည့်တာ၊ ကောင်လေးက သန့်သန့်လေးဆိုတော့ ဟို ... သမီးရဲ့ ချစ်သူရည်းစားများလားလို့"

"အာ ... မဟုတ်ပါဘူး၊ သွားသွား ... ဒေါ်ကြီးစိုး ဘာတွေ လာပြောနေမှန်းကို မသိဘူး"

မျက်နှာပေါ် ရှက်ငွေ့တွေသီးရင်း နွေကဗျာ ပြန်ပြောမိလိုက်သည်။ ဒေါ်ကြီးစိုးအနားက ထွက်သွားသည့်တိုင်အောင် ရင်ထဲမှာ လှုပ်ရှားပြီး ကျန်ရစ်ခဲ့ရ၏။

ဘာဖြစ်သွားတာလဲ?...

နွေကဗျာ ကိုယ့်ကိုယ်ကိုယ် စဉ်းစားမရ။

ဘာလုပ်ရမှန်းမသိဘဲ ကိုက်လက်စ ပန်းသီးကိုသာ တဂွပ်ဂွပ်ဆက်၍ ကိုက်စားနေလိုက်သည်။

အင်း ... ပန်းသီးကလည်း ဆောင်းသစ် တစ်ခါက ပြောခဲ့သလို ထိုင်ဝမ်ပန်းသီးကြောင့်လား မသိ ... အတော့်ကို ချိုလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

တစ်ရက်တစ်မျိုး ပုံစံအမျိုးမျိုးနှင့် နွေကဗျာ မရိပ်မိအောင် ပန်းသီးတွေ ရောက်လာခဲ့သည်မှာလည်း အတော်ပင် များခဲ့လေပြီ၊ ခုချိန်ထိ ဆောင်းသစ်ဘက်က ပိရိစွာ ပို့နိုင်ခဲ့သည်ချည်း။

ကြာတော့ မြတ်နိုးတို့ကပင် မေးလာကြ၏။

"မိနွေ ... ဆောင်းသစ်ပို့တဲ့ ပန်းသီးတွေကလည်း မနည်းတော့ဘူးနော်၊ နင် စောင့်ဖမ်းမယ်ဆိုတာ ဘယ်လိုလဲ၊ တစ်ရက်မှ မမိသေးပါလား"

"ဩော် ... ဒါကတော့ သူ့ဘက်က တစ်ကွက် အမြဲသာနေတာကိုးဟ"

နွေကဗျာက မချိမချဉ်ဟန်လေးနှင့် ပြန်ပြောလိုက်သည်။ ဒါသည်ကိုပင် ရွှေရည်က ...

"အံမယ် ... အဲဒီလို တစ်ကွက်သာနေတာကို နင်က ကျေနပ်နေတယ်ပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကျေနပ်ဘူး၊ လောလောဆယ် ငါ စိတ်ဝင်စားနေတာက သူ့ပန်းသီးတွေထက် အဲဒီပန်းသီးပေါ်က စတေကာတွေကိုပဲ"

"ဟေ ... အဲဒါက ဘာများထူးခြားလို့လဲ"

မြတ်နိုး ပြန်မေးလာသဖြင့် နွေကဗျာက လွယ်အိတ်ထဲမှ ဗလာစာအုပ်တစ်အုပ်ကိုထုတ်ရင်း ...

"ဘာထူးခြားလဲတော့ ငါမသိသေးဘူး၊ အဲဒီစတေကာတွေမှာ ပထမတစ်လုံးကလွဲပြီး ကျန်တဲ့အလုံးတွေမှာ အမှတ်စဉ်အလိုက် ဂဏန်းတွေအပြင် အင်္ဂလိပ်စာလုံး တစ်လုံးစီရေးထားတယ်လေ၊ အဲဒါ ဘာအဓိပ္ပာယ်လဲဆိုပြီး ငါစိတ်ဝင်စားနေတာ"

စကားအဆုံးမှာပဲ မြတ်နိုးက မျက်မှောင်ကြုတ်ရင်း ထပ်မေးလာသည်။

"ပြစမ်းပါဦးဟ ... ငါတို့လည်း ကြည့်ရအောင်၊ ဝိုင်းစဉ်းစားပေးလို့ ရချင်ရမှာပေါ့"

မထင်ပါ။ နွေကဗျာအနေဖြင့် မညာမတာ စဉ်းစားကြည့်လျှင်ပင် မထင်ရေးချ မထင်ပါ။ သူမပင်လျှင် စဉ်းစားလို့မရသည်ပဲ။

သို့သော်လည်း လေကြောရှည်နေမှာစိုး၍ စာအုပ်ထဲမှ စတေကာလေးတွေ ကပ်ထားသည့် စာမျက်နှာကို လှန်ပြလိုက်သည်။

"ရော့ ... ကြည့်ကြ၊ ဒါ ... ငါ အမှတ်စဉ်အတိုင်း ပြန်ကပ်ထားတာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| (1)  | (2) I | (3) D | (4) E | (5) A |
| (6) U | (7) N | (8) L | (9) O | (10) C |
| (11) K | (12) O | (13) B | (14) O | (15) E |
| (16) T | (17) R | (18) Y | (19) E | (20) V |
| (21) V | (22) I | (23) D | (24) E | |



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မိနွေ ... ဒါတွေက ဘာတွေကို ရေးထားတာလဲ"

"အေးလေ ... အဆက်အစပ်လည်း မရှိဘူး"

စတေကာလေးတွေကိုကြည့်ကာ နှစ်ယောက်စလုံး အူတိုအူကြောင် မျက်နှာလေးတွေဖြင့် ရေရွတ်လာကြပါသည်။ ဒင်းတို့၏ဉာဏ်ရည်ဉာဏ် သွေးဖြင့် စဉ်းစားလို့ရမည့်မဟုတ်ဟူ၍လည်း အထက်က ဆိုခဲ့ပြီးပြီ။

ထို့ကြောင့် ထပ်ကာ စိတ်ဓာတ်မကျမိတော့။ ကိုယ်သည်ပင် တတ် နိုင်သလောက် အဖြေရှာခဲ့ပြီးပြီ။ ကျေနပ်အားရလောက်စရာ အဖြေကိုမရ သေး။

တွေးမိတိုင်း ဆောင်းသစ်ကို အသည်းယားနေမိသည်။ ဒင်းလုပ်လို့ ခုလို ဦးနှောက်စားနေရတာ။

ထိုအချိန်မှာပဲ မြတ်နိုးက စိတ်ရှုပ်ဟန်ဖြင့် ...

"ငါတို့တော့ စဉ်းစားလို့မရဘူး မိနွေ၊ နင်ရော စဉ်းစားမိလား"

နွေကဗျာ မဆို့မပို့လေး ပြုံးရင်း ...

"အင်း ... ငါတော့ နင်တို့ထက် စဉ်းစားမိတယ်လို့ထင်တာပဲ"

"ဟင် ... တကယ်"

"ပြောပါဦး ... ဘာလဲဆိုတာ"

နှစ်ယောက်စလုံး အားတက်သရော မေးကြတော့သည်။

နွေကဗျာက ...

"ဒီလိုဟ ... ငါတွေးမိတာတော့ အဖြေအစစ်တော့ မဟုတ်လောက် ဘူး၊ ဒါပေမဲ့ မြင်တာကိုပဲ ပြောမယ်နော်"

"အေးဟ ... ပြောပါဆို"

နွေကဗျာက စတေကာလေးတွေပေါ် လက်ညှိုးလေးထောက်ရင်း ...

"ဒီမှာလေ ... နံပါတ်တစ်ကိုတော့ ထားလိုက်၊ နံပါတ်နှစ်ကနေ



www.burmeseclassic.com

www.burmeseclassic.com


ငါးအထိက IDEA တဲ့၊ အတွေးအခေါ်အယူအဆပေါ့ဟာ၊ ပြီးတော့ ခြောက်ကနေ ဆယ့်တစ်အထိကိုကြည့်လိုက်၊ အဲဒီမှာ UNLOCK ဆိုတာက သော့ဖွင့်တာလေ"

"ဘာလဲ ... ဆိုလိုချင်တာက နင့်ဉာဏ်သုံးပြီး စဉ်းစားအဖြေရှာလို့ ပြောချင်တာလား"

"မသိဘူးလေ ... ငါတွေ့တာကို ပြောတာပါ ဆိုနေမှ"

"ဟုတ်ပါပြီ ... ဆက်ပါဦး"

"နောက်ပြီး ဆယ့်နှစ်က ဆယ့်ငါးထိ OBOE ဆိုတာက နဲ့တဲ့"

"ဟဲ့ ... ဘာကြီးလဲ၊ နင့်ကို နဲ့လိုမှုတ်မယ်လို့ ပြောတာလား"

"အယ် ... နင့်စကားကြီးကလည်း"

ရှက်အမ်းအမ်းမျက်နှာဖြင့် နွေကဗျာ ပြန်ပြောတော့၏။ ပြီးမှ ...

"ဖြတ်မပြောနဲ့ဟာ၊ နောက်ဆယ့်ခြောက်ကနေ ဆယ့်ရှစ်က TRY ကြိုးစားခိုင်းတာ၊ အဲ ... ဆယ့်ကိုးကနေ နှစ်ဆယ့်တစ်က EVE၊ အဲဒါကို ဝေကိုဆိုလိုတာ၊ စိတ်ထဲမှာထင်တဲ့အတိုင်း ပြောရရင် နှစ်ဆယ့်ငါးခုမြောက် စတေကာက A ဖြစ်မလားပဲ၊ ဒါတွေက ဒီအထဲကမှ အဓိပ္ပာယ် တွဲစပ်လို့ရတဲ့ စကားစုတွေကို ခွဲထုတ်ပြီး စဉ်းစားထားတာနော်"

မြတ်နိုးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"အေးလေ ... ဘာမှစဉ်းစားလို့မရတာနဲ့စာရင် တော်သေးတာပေါ့၊ ခုလည်း နဲ့ဆို OBOE မပါဘဲ ဆက်စပ်ကြည့်ရင် ဉာဏ်သုံးပြီး အဖြေရအောင် ကြိုးစားရှာပါ ဝေလို့ ဆိုရမလားပဲ ... အဟိ၊ ဆောင်းသစ်က နင့်ကို ပန်းသီးတွေ ပေးနေတော့ ဟုတ်တော့ ဟုတ်နေပြီနော် မိနွေ"

နွေကဗျာက မျက်စောင်းလှဲ့လှဲ့ထိုးလိုက်ပြီး ...

"နေကြစမ်းပါဦးဟာ ... ဒါတွေက ငါ့ဟာငါ ဖြစ်အောင်လို စဉ်းစား


www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာပါ၊ သူဆိုလိုချင်တာတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့"

"သြော် ... ဒါဆို နင့်ဟာနင် လိုရာဆွဲတွေးပြီး စဉ်းစားထားတာပေါ့၊ ဒီလိုလား"

ပြုံးတီတီမျက်နှာပေးနှင့် စသလိုပြောလာသော မြတ်နိုးကိုကြည့်ကာ နွေကဗျာက နှုတ်ခမ်းစူလိုက်ရင်း ...

"တော်ပြီ ... အဲဒါကြောင့် နင်တို့ကို မပြောချင်တာ"

"စိတ်မဆိုးပါနဲ့ မိနွေရာ၊ ဒါနဲ့ နောက်ဆုံး ပန်းသီးပို့မှာက ဘယ်နေ့လဲ"

စိတ်ကောက်နေသော မိနွေက အသံပြတ်နှင့် ...

"ဒီနေ့ပဲ"

"ဘယ်အချိန်မှာလဲဟင်"

"ခုတစ်နာရီအတွင်းမှာ"

"ဟင် ... ဒါဆို ခါတိုင်းလို နင် တစ်နေရာရာမှာ ရှောင်နေဖို့ စိတ်ကူးမရှိတော့ဘူးလား"

"မရှိဘူး"

"ဟဲ့ မိနွေ ... နင်က အလျှော့ပေးလိုက်ပြီလား၊ ဘာပဲဖြစ်ဖြစ် အပျင်းပြေ ရှောင်နေရအောင်"

နွေကဗျာက မထူးတော့ပါဘူးဟူသည့် ပုံစံလေးနှင့် ပခုံးတွန့်ပြကာ ...

"လုပ်မနေနဲ့တော့ ... သူ ဒီနေ့ပို့မယ့် ပန်းသီးက ခု ငါ့ဆီကို တောင် လာနေပြီ"

"ဟော ... ဘယ် ... ဘယ်မှာလဲ"

နှစ်ယောက်သား ကျီးတီးကျားတားဖြင့် ဘေးပတ်ဝန်းကျင်ကို ဝေ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြသည်။

"ဟင်"

"အယ်"

အံ့လည်း အံ့သြသွားရ၏။ စားပွဲထိုးလေးတွေက သူတို့ထိုင်နေသော ကင်တင်းထဲရှိ စားပွဲဝိုင်းတိုင်းသို့ ပန်းသီးတစ်လုံးစီပါသော ပန်းကန်လေးတွေကို လိုက်ချနေ၍ ဖြစ်လေသည်။

အခြားဝိုင်းမှ လူတွေကတော့ ထိုကိစ္စကို ဘယ်လိုထင်ကြမည်မသိ။ သူတို့ဝိုင်းသို့ လာချပေးသော ပန်းသီးကို မြတ်နိုးက ဖိုးဖိုးဆတ်ဆတ် ကောက်ယူကြည့်လိုက်သည်။

"ဟောတော့"

နွေကဗျာထင်ထားသည့်အတိုင်း ထိုပန်းသီးလေးပေါ်မှ စတေကာမှာရေးထားသည်ကတော့ (25) ဟူသော ဂဏန်းနှင့် A အက္ခရာစာလုံးလေး ဖြစ်လေသည်။

ရွှေရည်က ...

"ကဲ ... ပွဲကတော့ ပြီးပြီ၊ မိနွေ ... နင် ဘာဆက်လုပ်မှာလဲ"

နွေကဗျာက မထုံတက်တေးဟန်လေးနှင့် ...

"ငါက ဘာကို ဘာဆက်လုပ်ရမှာလဲ"

"ဟဲ့ ... ခုမှ ရှုးချင်ယောင်ဆောင်မနေနဲ့ ဆောင်းသစ်က ပန်းသီး အကုန်ပို့နိုင်ရန် နင့်ဆီက ခင်မင်ခွင့်တောင်းထားတယ်လေ"

"အေးလေ ... ဘာဖြစ်လဲ ခင်လိုက်ရုံပေါ့"

စကားအဆုံးမှာ မြတ်နိုးက ရွဲ့သလို မျက်နှာပေးလုပ်ကာ ...

"ဟုတ်ပြီလေ ... ခင်မင်သွားကြလို့ ဟိုက ချစ်ရေးဆိုလာခဲ့ရင်ရော"

"ဒါများဟယ် ... ထုံးစံအတိုင်း စဉ်းစားဦးမယ် ဘာညာပေါ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"မိန္တွေနော် ... ငါ အသည်းယားလာပြီ၊ ဆောင်းသစ်က အခြေ တောင်းလာရင်ရော ဘယ်လိုဆုံးဖြတ်မှာလဲ"

"ဒါကတော့ ... အဟင်း ကိုရီးယားဇာတ်လမ်းတွဲတွေလို့ပေါ့ဟာ၊ ခုမကြည့်နဲ့လေ၊ တစ်ခန်းချင်း အစဉ်အလိုက်ကြည့်မှပေါ့ဟ"

"အောင်မာ ... ခုမှ ကြီးကျယ်နေတယ်"

ထိုအခါမှ နွေကဗျာက မျက်နှာလေးကို မဲ့ရင်း ...

"နေစမ်းပါဦး ... ငါက ဘာကြီးကျယ်ရမှာလဲ၊ အဲဒီလို စဉ်းစားဆုံးဖြတ်ရတဲ့အဆင့်ရောက်ရအောင် ငါ့ကို ဆောင်းသစ်က ဘာများပြောသေးလို့လဲ၊ နင်တို့ကိုက ကိုယ်နဲ့မဆိုင်တာကို နန့်နန့်တက် သိချင်နေကြတာ"

"အယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

ဖျစ်ညှစ်ထုတ်လိုက်တော့
ငါ့ခေါင်းထဲက ပန်းသီးတစ်လုံး
ထွက်ကျလာတယ်၊
အဲဒီပန်းသီးဟာ
အာဒံနဲ့ဧဝကို ဧဒင်ဥယျာဉ်ထဲက ထွက်သွားစေခဲ့တဲ့
ပန်းသီးပဲလား
ဒီပန်းသီးကို ငါ...အကြိမ်ကြိမ် စားနေမိပြီ၊

(Tမိုးသီးမိုး၏ ရှပ်-ပွေ-လီ-ငါ ကဗျာမှ)



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

နောက်မှ ကျားလိုက်လာသည့်လူလို ရေးကြီးသုတ်ပျာ ခြေလှမ်းတွေနှင့် ကင်တင်းထဲ ဝင်လာသော ဆောင်းသစ်ကိုကြည့်ကာ မြတ်နိုး မျက်ခုံးပင့်မိလိုက်သည်။ ပြီး ... ဘေးမှ ရွှေရည်ကိုလည်း အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။

ရွှေရည်က ဟိုတစ်ယောက်တော့လာပြီဟဟူ၍ ခပ်တိုးတိုးအသံပြုသည်။ ဆောင်းသစ် ခြေလှမ်းတွေကလည်း သူတို့ဝိုင်းဆီကို ဦးတည်နေ၍ ဖြစ်၏။

ထိုအချိန်မှာပဲ အနားရောက်လာသော ဆောင်းသစ်က ...

"ဒီမှာ ခင်ဗျ ... ဟိုလေ ... ခင်ဗျားတို့သူငယ်ချင်းနွေကဗျာရော ဟင်"

မြတ်နိုးက မော်ကြည့်လိုက်ပြီး ...

"ဆောင်းသစ်က ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးလို့ပါဗျာ၊ သိရင်ပြောပြပါနော်"

စကားအဆုံးမှာ ရွှေရည်က ဝင်၍ . . .

"ထိုင်ပါဦးရှင် . . . အေးအေးဆေးဆေးပါ"

ဆောင်းသစ်က ကမန်းကတန်းခေါင်းခါလျက် . . .

"ဟာ . . . မဖြစ်ဘူးဗျ၊ ကျွန်တော့်မှာ ဖင်ချဖို့ အချိန်မရလို့ပါ"

နှစ်ယောက်သား ဆံပင်မွေးတွေထောင်တက်သွားသလို ခံစားလိုက်ရပြီး . . .

"ဘာရှင့်"

"ဒီမှာ . . . ရှင် ဘာစကားပြောတာလဲ"

စူထွက်လာသော ဒေါသဖြင့် ရှုးရှုးရှားရှား ပြန်မေးလိုက်ကြသည်။ ထိုအခါမှ ဆောင်းသစ်က ပျာပျာသလဲဟန်ဖြင့် . . .

"ဟာ . . . ဆောရီး၊ ဆောရီး၊ ကျွန်တော့်မှာ ဖင်ချပြီးထိုင် . . . အေးအေးဆေးဆေးထိုင်ကနန်းကျကျ ထိုင်နေဖို့ အချိန်မရလို့ပါ"

"ပြောစမ်းပါဦး . . . ရှင့်မိန္ဒွေကို တွေ့ချင်တဲ့ကိစ္စက ဘယ်လောက်များ အရေးကြီးလို့လဲ"

ဆောင်းသစ်က ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ကာ . . .

"ဒီလိုဗျာ . . . ဒီနေ့ နေ့ကဗျာကို ကျွန်တော် အရေးကြီးတဲ့ ပန်းသီးတစ်လုံး ထပ်ပေးမယ်လို့ မနေ့ညက ဖုန်းဆက်ပြောထားတာဗျ"

"ဟင် . . . ရှင်ပို့နေတာ နှစ်ဆယ့်ငါးလုံး ပြည့်သွားပြီမဟုတ်လား"

အရေးထဲမှာ သင်းတို့က လေကြောရှည်နေကြသေးသည်။ ဆောင်းသစ်က စိတ်မရှည်စွာ ခေါင်းကုတ်နေရင်းမှ ဖင်ကို တစ်လှည့်ပြောင်းကုတ်လိုက်ရင်း . . .

"ဟုတ်ပါတယ် . . . ခုပေးမယ့် ပန်းသီးက ဟိုနှစ်ဆယ့်ငါးလုံးထက်



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတယ်၊ ပြီးတော့ သူ့လက်ထဲကို ပေါ်တင်ထည့်ပေးမှာဗျ၊ အဲဒါကို သူက ခုတစ်နာရီအတွင်း ဒီကင်တင်းမှာ လာပေးပါတဲ့၊ အဲဒါကြောင့် ကျွန်တော်လာတာ၊ ပြောလေဗျာ အချိန်သိပ်မရတော့လို့ပါ၊ သူ ဘယ်သွားတာလဲဟင်''

''ဩော် . . . ဒီလိုလား''

''အင်း . . . ဒီလိုအဖြစ်မျိုးတွေလည်း ရှိသေးတာပဲ''

အရေးထဲ ရေရွတ်နေကြသေးသည်။ ဆောင်းသစ် ဘယ်လိုမှ စိတ်မရှည်နိုင်တော့။ စိတ်ထဲမှာ မီးလိုပူနေပြီ။

ထို့ကြောင့် . . .

''ကဲ ဆရာမတွေ . . . သိရင်လည်း ပြောတော့ဗျာ''

ရွဲ့ပြောလိုက်သဖြင့် မြတ်နိုးက မျက်စောင်းပြန်ထိုးရင်း . . .

''ပြောပါ့မယ် ဆရာရယ် . . . ရှင့်နှမကဗျာက ဟိုဘက်ကိုထွက်သွားတာပါရှင်''

နှုတ်ပင်မဆက်နိုင်တော့ဘဲ ညွှန်ပြရာသို့ ဆောင်းသစ်တစ်ချိုးတည်း ပြေးထွက်လာခဲ့သည်။ ထိုနေရာကိုသွားရင်း ကော်ရစ်တာတစ်ခု၏အကွေ့ရောက်လာသဖြင့် ချိုးအကွေ့ . . .

''ဟင်''

သွားပြီ။ သူ ဘွားခနဲတွေ့လိုက်ရသည်က အမျိုးသမီးသီးသန့် ကျင်ကြီးကျင်ငယ်စွန့်သည့်နေရာဌာနကြီး။

ခြေလှမ်းကို ဆာဗိုဘရိတ်ဖမ်းလိုက်ရသည်။ ဟိုဟာမတွေ သိသိနှင့် သူ့ကို ကျပ်ပြီလားမသိ။ စိတ်တိုတိုနှင့် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်မိ၏။

ထိုအခါမှပဲ ပိုဆိုးတော့သည်။ သန့်စင်ခန်းရှေ့မှာ ရပ်စောင့်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေက တောက်ခေါက်သံကြောင့် ဝုန်းခနဲ လှည့်ကြည့်လာ၏။

အမျိုးသမီးအိမ်သာကိုကြည့်ကာ မျက်နှာထားတင်းတင်းနှင့် တောက်ခေါက်လိုက်သောသူ့ကို ဘယ်လိုထင်သွားမည်မသိ။ မျက်စောင်းထိုးသူကထိုး၊ ရွံ့သလိုကြည့်သူက ကြည့်နှင့် ဆောင်းသစ်ခမျာ မျက်နှာတစ်ခုလုံး ထူအမ်းသွားရသည်။

ရှက်လိုက်သည်ဖြစ်ခြင်း။

တစ်နာရီမိုင်ခြောက်ဆယ်နှုန်းဖြင့် ထိုနေရာမှ ချာခနဲလှည့်ထွက်လာခဲ့ရ၏။ သူ့ကို ကျပ်လိုက်သည့် နွေကဗျာ့သူငယ်ချင်းတွေဆီ ပြန်သွားတော့လည်း ဒင်းတို့က မရှိတော့။

ဘာလုပ်ရမည်မှန်းမသိတော့ဘဲ တိုးတိုးတို့နှင့် ချိန်းထားသည့်နေရာကို ပြန်ထွက်လာခဲ့သည်။

ရောက်တော့ တိုးတိုးက ...

"ငသစ် ... အဆင်ပြေခဲ့ပြီမလား"

ဆောင်းသစ်က လေပူကြီးကို မချိမဆံ့မှုတ်ထုတ်လိုက်ပြီး ...

"ဘယ်ကလာ အဆင်ပြေရမှာလဲ၊ သူ့သူငယ်ချင်းတွေက ငါ့ကို ကျပ်လိုက်တာကွ"

"ဟေ ... ဘယ်လို, ဘယ်လို"

အရှက်တော်ကွဲခန်းကို ပြန်ရှင်းပြရသေးသည်။ စကားဆုံးသည်နှင့် တိုးတိုးက ...

"ဟာ ... ဘယ်ကိုလွဲတာလဲတော့ မသိဘူး၊ ခုနကပဲ နွေကဗျာနဲ့ သူ့သူငယ်ချင်းနှစ်ယောက် ဒီကင်တင်းရှေ့ကဖြတ်ပြီး ဟိုဘက်ကို လျှောက်သွားကြတာကွ၊ ငါက မင်း ပန်းသီးပေးပြီးပြီလို့ ထင်နေတာ"

"ဟင် ... တ ... တ ... တကယ်လား" .



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မင်းအတွက် ဒီလောက်အရေးကြီးတဲ့ကိစ္စကို ငါတို့က ထပ်ကြပ်ပါ့မလား"

"အေးလေ"

ဖြိုးလေးကပါ ခေါင်းညိတ်ရင်း ဝင်ပြောလာ၏။ ဟုတ်တော့ ဟုတ်သည်။ ဒီကောင်တွေ ဒီလောက်ထိတော့ သူ့အပေါ် ရက်စက်မည်မဟုတ်။

ထိုအတွေးနှင့်ပင် ဆောင်းသစ် ပါးစပ်ကလည်း ...

"ဒါ ... ဒါဆို သူတို့ ဘယ်ဘက်ကို ထွက်သွားတာလဲ"

"ဟိုနားက ကားပါကင်ဘက်ကို"

စကားဆုံးဆုံးချင်း ဆောင်းသစ်လည်း ကားပါကင်ဘက် မျက်နှာမူကာ ပါဝါရိုန်းဂျားအနီကောင်၏ခြေလှမ်းမျိုးနှင့် သုတ်ခြေတင်တော့သည်။ နောက်က လှမ်းခေါ်သံတွေကိုပင် ဂရုမစိုက်နိုင်တော့။

ကားပါကင်ရှေ့မှာလည်း အဝင်အထွက်ကားတွေနှင့် ရှုပ်နေသည်။ မျက်လုံးဒေါက်ထောက်ကာ နွေကဗျာ၏ကားကို ရှာသော်လည်း မတွေ့သေး။ လက်က နာရီကိုဖမ်းကြည့်လိုက်တော့ နွေကဗျာပေးထားသည့် သတ်မှတ်ချိန်ပြည့်လုနီးနေပြီ။ ဒီကိစ္စက ဘောလုံးပွဲတွေလို နာကျင်အချိန်ပိုလည်း ပေးမည်မဟုတ်ချေ။

ဘယ်လိုလုပ်ရမလဲ။ ငါ မီရောမီပါ့မလား။

ထိုသို့ ကသောကမျောတွေးနေစဉ်မှာပဲ ဟာခနဲ ဖြစ်သွားရ၏။ နွေကဗျာကားကို တွေ့လိုက်ရ၍မဟုတ်။ ခုနက သူ့ကိုကြပ်ခဲ့သော နွေကဗျာ သူငယ်ချင်းနှစ်ယောက်ကို တွေ့လိုက်ရ၍ဖြစ်သည်။

ဆောင်းသစ် ဒရောသောပါး ပြေးသွားလိုက်ပြီး ...

"ဒီမှာ ... ဒီမှာ ခင်ဗျားတို့သူငယ်ချင်း ဘယ်မှာလဲ ... ပြောပါဗျာ ကျွန်တော် တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးက ချွေးသံတရွှဲရွှဲဖြစ်နေသော ဆောင်းသစ်ကို မမြင်ဖူးသလိုပင် ကြည့်နေသေးသည်။

ပြီးမှ မြတ်နိုးက . . .

"ပေးထားတဲ့အချိန်ပြည့်ရင် ပြန်တော့မယ်ဆိုပြီး မိနွေက သူ့ကားဆီကိုသွားပြီရှင့်"

"ဒါ . . . ဒါနဲ့ သူ့ကားက"

မြတ်နိုးက ကမန်းကတန်း လက်ညှိုးညွှန်ပြရင်း . . .

"ဟို . . . ဟိုဘက်က ကားပါကင်အဆုံးမှာ"

အသက်ထရှူရင်း ဆောင်းသစ် နာရီထပ်ကြည့်လိုက်၏။ အချိန်ပြည့်ရန် တစ်မိနစ်အလို။

မီလောက်သည်ဟုတွေးကာ လွယ်အိတ်ထဲမှ ပန်းသီးထုတ်ရင်း အသားကုန်ပြေးသွားလိုက်သည်။

ရောက်လုပြီ။ ရပ်ထားသော နွေကဗျာ့ကားလေးကိုလည်း တွေ့နေရပြီ။ ရင်ထဲမှာဆို့ပြီး မောဟိုက်နေသည်ကိုပင် ဂရုမစိုက်နိုင်ဘဲ ပြေးနှုန်းကို ထပ်မြှင့်လိုက်၏။

ဓာတ်တိုင်တစ်တိုင်စာလောက်အကွာ။ နွေကဗျာ့ကားနားသို့ရောက်လုဆဲဆဲ။ ဝက်ဖဲတစ်ချပ် ထုတ်ပြခံလိုက်ရသည့်အလား ကားလေးက ပါကင်မှ ငြိမ့်ခနဲ မောင်းထွက်သွားလေ၏။

သို့သော်လည်း ကားက ထွက်စမို့ အရှိန်သိပ်မပြင်းသေး။ ပြေးလိုက်လျှင် မီနိုင်လောက်သည်ဟုတွေးကာ . . .

"နွေကဗျာ"

ဆောင်းသစ် ကြိုးအော်လိုက်မိသည်။ ခြေလှမ်းတွေကိုတော့ အပြေးနှုန်းမလျှော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကို ကြားသွားလို့ပဲလားမသိ။ ကားပြတင်းပေါက်မှ ခေါင်းထုတ်ကာ လှည့်ကြည့်သည့် နွေကဗျာ၏ပြုံးထေ့ထေ့မျက်နှာလေးကို လှမ်းတွေ့လိုက်ရ၏။

ဆောင်းသစ် ပြေးလိုက်ရင်းက လက်ထဲမှ ပန်းသီးကို လှမ်းပြလိုက်သည်။

ထိုအချိန်မှာပဲ နွေကဗျာ မထင်မှတ်သော အပြုအမူကိုထပ်လုပ်လိုက်၏။ ကားကို အရှိန်တင်လိုက်ခြင်းဖြစ်သည်။

ဆောင်းသစ် ဘာမှမမြင်နိုင်တော့။ ရှိသမျှအားတွေကို စိုက်ထုတ်ကာ ကားနောက်မှ ပြေးလိုက်ရင်း ...

"နွေကဗျာ ... နေပါဦး"

ရင်ကွဲမတတ် မောဟိုက်နာကျင်နေသည့်ကြားက အော်ပြောလိုက်ခြင်းဖြစ်သည်။ မည်သို့သော စိတ်ဝိညာဉ်တွေ ပူးကပ်နေသည်လည်း မပြောတတ်။ နွေကဗျာကားရှိရာသို့ မီလုနီးပြီ။

ထိုစဉ် ...

ရှေ့လမ်းချိုးတစ်နေရာရောက်လာ၍ နွေကဗျာက ကားကို ဆတ်ခနဲကွေ့ချလိုက်၏။

ကားနောက်တည့်တည့်မှ ပြေးလိုက်လာသော ဆောင်းသစ်ခြေလှမ်းတွေက ကားကဲ့သို့ လိုက်ကွေ့ရန် အချိန်မမီလိုက်။ မရပ်နိုင်သော ခြေလှမ်းတွေက သူ့ခန္ဓာကိုယ်အား လမ်း၏တစ်ဖက်အခြမ်းသို့ ခေါ်ဆောင်သွားခြင်းကို ခံလိုက်ရပြီး တစ်ဖက်လမ်းမှ မောင်းလာသောကား၏ဘရိတ်ဆောင့်မြည်သံနှင့်အတူ ...



www.burmeseclassic.com

www.burmeseclassic.com

“နေ့ကမျာ ...”

www.burmeseclassic.com

www.burmeseclassic.com

ဒိုး !

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့
ဒီအဖြစ်အပျက်တွေဟာ
ပန်းသီးလေးတစ်လုံးကနေ စခဲ့တာပါ. . .။

www.burmeseclassic.com

www.burmeseclassic.com

ငါ...

ဟိုးမားကဗျာလည်း မယုံ

တော်လှန်ကဗျာလည်း မကြုံဖူးဘူး

သိနေတာက

ပန်းသီးတစ်လုံးရဲ့ဒုက္ခ

ဘာပဲဖြစ်ဖြစ်

မာယာတော့စကီးလောက်

ဗန်ဂိုးလောက်...

ငါ မဆိုးသေး။



www.burmeseclassic.com

www.burmeseclassic.com

"လွှမ်းခန်းတွေရောက်ရင်..လူသားတွေ မျက်ရည်ဝဲတယ်"
ဆိုတော့...ကျေးဇူးတင်ပါတယ်၊
ဆက်...ဆက်... ဆက်...၍...သာ
သွားပါတော့...နေ့သစ်တွေရယ်...
ပန်းသီးလေးကို ကိုက်ချီရင်း၊
(Tမိုးသီမိုး၏ ရှုပ်-ပွေ-လီ-ငါ ကဗျာမှ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှသည်။ ခုတော့ ခေါင်းမှာ
တ်တီးအဖွေးသားဖြင့် ဆေးရုံခုတင်ပေါ် မေ့မြောနေသေးသည့် ဆောင်း
သစ်၏ပတ်ပတ်လည်မှာ ဝမ်းနည်းစိုးရိမ်မှုမျက်နှာဖုံးတွေ တပ်ဆင်ထားသော
က်နှာများ။

အခန်းထောင့်တစ်နေရာမှာတော့ နွေကဗျာတစ်ယောက် တသိမ့်
သိမ့် ရှိုက်ကြီးတငင် ငိုရှိုက်နေသည်။

ပါးစပ်မှ ဗလုံးဗထွေးရေရွတ်သံကလည်း ...

"ငါ ... ငါ့ကြောင့်ဖြစ်ရတာ၊ ငါ့ကြောင့်ဖြစ်ရတာ၊ ငါသာ အဲဒီ
ကွန့်ပိုင်းလေးမှာ သူ့ကို စချင်,နောက်ချင်စိတ်မရှိ မရှိခဲ့ရင် ... အဟင့်
အဟင့် ဒီလိုတွေဖြစ်လာမှာမဟုတ်ဘူး၊ တောင်းပန်ပါတယ် ဆောင်းသစ်ရယ်"

အနားမှာရှိနေသော မြတ်နိုးက နွေကဗျာ့ပခုံးကို ညင်ညင်သာသာ
ကိုင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလည်း တွေးမနေပါနဲ့ မိန္နွေရယ်၊ အားလုံးမတော်တဆ ဖြစ်သွားတာပဲဟာကို၊ ဆောင်းသစ်မိဘတွေကလည်း နှင့်ကို အပြစ်တင်နေတာမှ မဟုတ်တာ၊ ပြီးတော့ ဆောင်းသစ်က အဲဒီကားနဲ့ ပွတ်တိုက်မိလို့ လဲကျသွားတော့မှ လမ်းနဲ့ခေါင်းနဲ့ ရိုက်မိပြီး သတိမေ့သွားတာပါ၊ ခု ဒဏ်ရာကိုလည်း ချုပ်ပြီးပြီပဲ၊ မကြာခင် သတိရလာမှာပါဟာ"

"ဘာပဲဖြစ်ဖြစ်လေ ... ခုနက ဆရာဝန်ပြောသွားတယ်မလား သတိရရင်တောင် ခေါင်းကို ဓာတ်မှန်ရိုက်ကြည့်ဦးမယ်ဆိုတာလေ၊ တစ်ခုခု ထပ်ဖြစ်ရင်တော့ ဒုက္ခပါပဲဟာ ... အဟင့်"

"ကဲပါ ... ဘာမှကြီးကြီးမားမား မဖြစ်နိုင်ပါဘူး၊ နှင်လည်း ပင်ပန်းနေပြီ၊ ငါတို့ ပြန်ကြရအောင်နော်"

ထိုအချိန်မှာပဲ သူတို့အနားသို့ တိုးတိုးရောက်လာပြီး ...

"ဟုတ်ပါတယ် နွေကဗျာရယ်၊ စိတ်ထဲမှာ ဘာမှထားမနေပါနဲ့ သေစ် မကြာခင် သတိရမှာပါ၊ ပြန်လိုက်တော့ ဟုတ်ပြီလား၊ သတိရရင် ကျွန်တော်တို့ နွေကဗျာဆီကို ဖုန်းဆက်လိုက်ပါ့မယ်၊ စိတ်ချပြန်နော်"

မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ နွေကဗျာက အငြိမ်းမျက်နှာလေးနှင့် ခေါင်းညိတ်ပြရင်း ...

"ဟုတ်ကဲ့ ... သူသတိရရင်သာ ဖုန်းဆက်ပေးပါနော်၊ ပြီးတော့" စကားကို ဖြတ်ထားပြီးမှ တစ်ချက်ရှိုက်လိုက်ရင်း ...

"သူ့ ... သူ့လက်က လွတ်ကျသွားတဲ့ ပန်းသီးကိုလည်း ကျွန်မကိုယ်တိုင် ကျေကျေနပ်နပ် ပြန်လာယူပါ့မယ်လို့ ပြောပေးပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ နွေကဗျာ၊ သေစ်လည်း အဲဒါကိုပဲ မျှော်လင့်နေမှာပါ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

တစ်ညလုံး ဖုန်းမျှော်နေခဲ့သော်လည်း တိုးတိုးတို့ထံမှ ဖုန်းဆက်မလာခဲ့ချေ။ ဆောင်းသစ်ပဲ သတိပြန်မလည်လာသေးလို့လား။ စိတ်ထဲမှာ ပူပန်ခြင်းများစွာဖြင့် တစ်ညလုံးနီးပါး နွေကဗျာ အိပ်မပျော်ခဲ့။

မနက်မိုးလင်းတော့ ဘယ်လိုမှ မနေနိုင်တော့ချေ။ ကားယူပြီး မြတ်နိုးတို့ကို ဝင်ခေါ်ကာ ဆေးရုံသို့ တန်းသွားလိုက်သည်။

စိတ်ထဲမှာ လောကြီးကာ ကားကို မြန်မြန်မောင်းနေသဖြင့် မြတ်နိုးက ...

"ဖြည်းဖြည်းမောင်းစမ်းပါ မိနွေရယ်၊ ဆောင်းသစ်က ဘာမှမဖြစ်ဘဲ ငါတို့ ကားတိုက်မှုဖြစ်နေဦးမယ်"

နွေကဗျာက ကားအရှိန်ကို လျှော့လိုက်ရင်း ...

"ညက ဖုန်းမဆက်တော့ စိတ်ပူလို့ပါဟာ၊ နင်တို့က ကာယကံရှင် မဟုတ်တော့ အေးအေးဆေးဆေးနေနိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးက အကဲပိုတယ်ဟူသည့်ပုံစံမျိုးနှင့် မျက်စောင်းလှမ်းထိုးသည်။ ပြီး . . . စကားဆိုလာ၏။

"မိနွေ . . . ဟိုရောက်လို့ ဆောင်းသစ် သတိပြန်ရနေပြီပဲထားတော့ သူ့အပေါ် နင် ဘယ်လိုသဘောထားမှာလဲဟင်"

တွေခနဲဖြစ်သွားပြီးမှ နွေကဗျာ သက်ပြင်းငွေ့ငွေ့လေးချကာ . . .

"သူဖြစ်ချင်တဲ့ဆန္ဒဟာ ငါ့ဆန္ဒပေါ့ဟာ၊ သူ တောင်းဆိုသမျှကို ငါ လိုက်လျောဖို့ ဆုံးဖြတ်ထားပြီးပြီ"

"ဒါဆို . . . နင် ဆောင်းသစ်ကို ခုလို လိုက်လျောပေးလိုက်တာ နင့်ကြောင့် သူ ခုလိုဖြစ်သွားလို့လား"

ရွှေရည်အမေးကြောင့် နွေကဗျာက ခပ်နွမ်းနွမ်းလေးပြုံးရင်း . . .

"အဲဒါကြောင့် တစ်ခုတည်းတော့ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတာ နင်တို့ ထပ်မမေးပါနဲ့တော့ဟာ၊ နင်တို့လည်း သိနေပြီပဲ"

အဓိပ္ပာယ်များစွာ ပျော်ဝင်နေသော နွေကဗျာ့စကားကို နှစ်ယောက်စလုံး သဘောပေါက်သွားကြ၏။ နွေကဗျာ၏ဆန္ဒအတိုင်း ဘာမှထပ်မမေးတော့။ နွေကဗျာ့ရင်ထဲ၌ ဖူးပွင့်လာသော ပန်းလေးတစ်ပွင့်ကို သူတို့ မြင်လိုက်ရလေပြီ။

ထိုအချိန်မှာ ကားလေးက ဆေးရုံဝင်းထဲသို့ ချိုးဝင်နေပြီဖြစ်၏။

နွေကဗျာ ဦးဆောင်ပြီး သုံးယောက်သား ဆောင်းသစ်ရှိရာအခန်းသို့ အပြေးတစ်ပိုင်းနှင့် သွားလိုက်ကြသည်။ ရောက်တော့ တိုးတိုးနှင့်ဖြိုးလေးတို့ကို တံခါးပိတ်ထားသော အခန်းရှေ့မှာ တွေ့လိုက်ရ၏။

သူတို့ကို မြင်မြင်ချင်း ဖြိုးလေးက ရှူးတိုးတိုးဆိုသည့်အမူအရာကို လုပ်ပြလာသည်။ ပြီး . . . မျက်နှာတွေကလည်း မကောင်းကြ။

စိတ်ထဲမှာ ဆူဝေလှုပ်ခတ်သွားပြီး နွေကဗျာ ကသောကမျော



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်မိ၏။

"တိုးတိုး . . . အခြေအနေဘယ်လိုလဲဟင်၊ ဆောင်းသစ် သတိရော ရပြီလား၊ ညကလည်း ဖုန်းမဆက်ဘူး၊ ဘာဖြစ်လို့လဲ . . . ပြောပါဦး"

ရေပက်မဝင်မေးလာသော နွေကဗျာကို တိုးတိုးက လက်ကာပြ ရင်း . . .

"ခဏလေး . . . ပြောပါ့မယ် နွေကဗျာရယ်၊ သောစ် သတိရပါပြီ ခု . . . အထဲမှာ ဆရာဝန်ကြည့်နေလို့"

မျက်နှာလေး ဝင်းပသွားပြီးမှ နွေကဗျာက စိတ်တိုသောပုံစံလေး နှင့် . . .

"ဒါနဲ့များ . . . ဖုန်းတောင်မဆက်ဘူး"

တိုးတိုးက သက်ပြင်းချရင်း . . .

"ဆက်မလို့ပါပဲ၊ ဒါပေမဲ့ . . . ဒါပေမဲ့ သောစ်က ခေါင်းကဒဏ်ရာ ကြောင့် ဘယ်သူ့ကိုမှ မမှတ်မိဘူး ဖြစ်နေတယ်"

"ရှင်"

ရေရွတ်ရင်း နွေကဗျာ မူးမေ့မတတ် ခံစားလိုက်ရသည်။ ဘုရား . . . ဘုရား ဘာမှမဖြစ်ပါစေနဲ့။

မနည်းအားယူပြီး ထပ်မေးလိုက်၏။

"ဒါ . . . ဒါဆို . . . ဟို အတိတ် . . . အတိတ်မေ့ . . . မေ့ သွားတာ မျိုးလားဟင်"

"အဲလိုတော့ အတိအကျ ပြောလို့မရသေးဘူး၊ လောလောဆယ် ဒဏ်ရာအရှိန်ကြောင့် အခိုက်အတန့်ဖြစ်တာလား၊ ဒါမှမဟုတ် . . . အဲ . . . ဓာတ်မှန်တော့ ရိုက်ထားပြီးသွားပြီ၊ အဖြေသိရတော့မှပဲ တိတိကျကျ ပြော နိုင်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



''အို''

ရင်တစ်ခုလုံး ပြောင်းဆန်ပြီး မျက်ရည်တွေ ဝဲတက်လာရသည်။ လည်ချောင်းထဲမှာ တစ်ဆို့ပြီး ဘာပြန်ပြောမည်မှန်းပင် မသိတော့။

ထိုအချိန်မှာပဲ အခန်းထဲမှ ဆရာဝန်တွေ ထွက်လာသဖြင့် နွေကဗျာက အနားသို့ ပြေးသွားလိုက်ပြီး ...

''ဒေါက်တာ ... ဆောင်းသစ်ရဲ့အခြေနေက ဘယ်လိုလဲဟင်''

ဆရာဝန်က နွေကဗျာကို အစုန်အဆန်ကြည့်လိုက်ပြီးမှ ...

''အင်း ... ခုတော့ သတိရနေပြီလေ၊ ဒါပေမဲ့ ... ဓာတ်မှန်အဖြေကိုတော့ တစ်ချက်စောင့်ကြည့်ရမှာပေါ့''

ပြောရင်း ဆရာဝန်က လှည့်ထွက်သွားသည်။ ခဏမျှကြောင်ပြီး ရပ်နေမိပြီးမှ နွေကဗျာ အခန်းထဲသို့ ပြေးဝင်သွားလိုက်၏။

အခန်းထဲရောက်တော့ ခုတင်ပေါ်မှာ အသာလှဲနေသော ဆောင်းသစ်ကို တွေ့လိုက်ရသည်။ ခေါင်းမှာ ပတ်တီးအဖွေးသားဖြစ်နေသော ဆောင်းသစ်၏ပုံစံကိုကြည့်ကာ နွေကဗျာ့ရင်ထဲ ကျဉ်ခနဲ ဖြစ်သွားရ၏။

အနားတိုးသွားလိုက်ပြီး ဖြူလျော့လျော့မျက်နှာကိုကြည့်ကာ ...

''ဆောင်းသစ် ... ဆောင်းသစ် ကျွန်မ ရောက်နေပြီလေ''

ဆောင်းသစ်က မျက်လုံးအသာဖွင့်ကြည့်လာသည်။ သို့သော်လည်း အကြည့်က ပြူးကြောင်ကြောင်နှင့် ...

နွေကဗျာကပဲ ရင်ဘတ်ကို လက်ကလေးနှင့် ပုတ်ကာ ပုတ်ကာ

''ဆောင်းသစ် ... ကျွန်မ နွေကဗျာလေ၊ မှတ်မိတယ် မဟုတ်လား ဟင်''

''ဗျာ ... နွေကဗျာ ... ဟုတ် ... ဟုတ်လား''

မပွင့်တပွင့်လေသံနှင့် ပြန်မေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com


နွေကဗျာ အားတက်သွားရပြီး . . .

"ဟုတ်တယ်လေ . . . ဆောင်းသစ် မှတ်မိပြီမဟုတ်လား"

ဆောင်းသစ်က သက်ပြင်းဖွဖွချကာ အားနာဟန်လေးနှင့် . . .

"ဆော . . . ဆောရီးပဲဗျာ၊ ခင် . . . ခင်ဗျားက ဘယ်သူလဲဟင်"

"အို"

ချက်ချင်းပင် မျက်ရည်တွေ ရစ်ဝိုင်းသွားရ၏။ ရင်ထဲမှာဆို့ပြီး ဆောင်းသစ်ရယ်ဟု မြည်တမ်းမိလိုက်သည်။

ထိုအချိန်မှာပဲ ဆောင်းသစ်က . . .

"ခင် . . . ခင်ဗျားက ဟိုကောင်တွေလို ကျွန်တော့်သူငယ်ချင်းပဲ လား"

နွေကဗျာ ဘာမှပြန်ပြောမထွက်တော့။ ဒါဆို ဆောင်းသစ် ဘယ်သူ့ကိုမှ မမှတ်မိတာ သေချာနေလေပြီ။

ထိုစဥ် အနားသို့ တိုးတိုးရောက်လာပြီး . . .

"ဟုတ်တယ် နွေကဗျာ၊ သေစ် လောလောဆယ် ဘယ်သူ့ကိုမှ မမှတ်မိဘူး။ ကျွန်တော်တို့တောင် သူ့သူငယ်ချင်းလို့ ပြောထားရတာ"

ပြောရင်းပင် တိုးတိုးက ဆောင်းသစ်ဘက်ကို မျက်နှာမူလိုက်ရင်း

"သေစ် . . . သူက နွေကဗျာတဲ့၊ မင်းသူငယ်ချင်းတစ်ယောက်ပဲ၊ ဟိုဘက်က မြတ်နိုးနဲ့ရွှေရည်"

"ဟုတ်လား . . . မှတ်ထားပါ့မယ်ဗျာ"

တိုးတိုးကပဲ . . .

"နွေကဗျာနဲ့ မင်းနဲ့က ပိုရင်းနှီးတာကွ"

စကားအဆုံးမှာ နွေကဗျာက ဝင်၍ မျှော်လင့်တကြီး ထပ်မေးလိုက် သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆောင်းသစ်ရဲ့ ရှင် ကျွန်မဆီကို နေ့တိုင်း ပန်းသီး တွေ ပို့ပို့နေတာလေ၊ စဉ်းစားကြည့်ပါဦး"

"ဗျာ . . . ပန်းသီး ဟုတ်လား၊ ပန်းသီး . . . ပန်းသီး"

ထိုသို့ရေရွတ်ရင်း ဆောင်းသစ်က မျက်မှောင်ကြုတ်ကာ စဉ်းစား ဟန်ပြုသည်။ နွေကဗျာ့စိတ်ထဲ သူ သတိရပါစေဟု မျှော်လင့်တကြီး ဆုတောင်းနေမိ၏။

သို့သော်လည်း . . .

အတန်ကြာစဉ်းစားနေပြီးမှ နားထင်နှစ်ဖက်ကို လက်နှင့်ဖိကာ မျက်စိစုံမှိတ်လိုက်ရင်း ညည်းသံနှင့် . . .

"အား . . . စဉ်းစားလို့မရဘူးဗျာ၊ ခေါင်းတွေပဲ ပြန်မူးလာတယ် . . . ကျွတ် . . . ကျွတ်"

ဆောင်းသစ်ပုံစံကြည့်ကာ တိုးတိုးက နွေကဗျာကို မျက်ရိပ်ပြလိုက် ပြီးမှ . . .

"သေစ် . . . စဉ်းစားလို့မရရင်လည်း မစဉ်းစားနဲ့လေကွာ၊ နောက် တော့ မှတ်မိလာမှာပေါ့"

"အေး . . . အေးပါကွာ၊ နွေကဗျာ ဆောရီးနော်"

ဆောင်းသစ်ကိုကြည့်ရင်း နွေကဗျာ ဘယ်လိုမှမခံစားနိုင်တော့ချေ။ အိခနဲ ရှိုက်ငိုပြီး အခန်းအပြင်ဘက်သို့ ပြေးထွက်လာခဲ့မိသည်။

သူမနောက်သို့ တိုးတိုးက ပြေးလိုက်လာပြီး . . .

"နွေကဗျာ . . . သိပ်လည်းမခံစားပါနဲ့ဗျာ၊ ကျွန်တော်တို့လည်း စိတ်မကောင်းဖြစ်တာပဲ၊ သူ့ဒဏ်ရာက ကောင်းကောင်းမကျက်သေးလို့ ဖြစ်မှာပါ၊ ကျွန်တော်တို့လည်း သူ့နဲ့နွေကဗျာရဲ့ပတ်သက်မှုတွေကို ဖြည်းဖြည်း ချင်း ပြောပြထားပါ့မယ်၊ သူ တစ်ချိန်ချိန်မှာတော့ မှတ်မိလာမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်နေသည့်စကားမှန်း နွေကဗျာ နားလည်ပါသည်။ သို့သော်လည်း ... သူမ ဘယ်လိုဖြေသိမ့်လို့ ရနိုင်တော့မည်လဲ။

ပင့်သက်ကို ရှိုက်လိုက်ပြီးမှ ...

"ကျွန်မ ... ကျွန်မတော့ ပန်းသီးတစ်လုံးရဲ့အဆိပ်သင့်ပြီ ထင်ပါတယ်ရှင်"

တိုးတိုးက ဘာမှပြန်မပြော။ အဝေးကို ငေးနေသည်။ သူတို့နှစ်ယောက်၏ကြားမှာ ပြောစရာစကား မရှိတော့သလို ...

တိတ်

ဆိတ်

စွာ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၉-က)

တစ်ပတ်ပြည့်၍ ဆေးရုံက ဆင်းပြီးသည့်တိုင် ဆောင်းသစ်အခြေအနေက မထူးခြားသေး။ ခေါင်းမှဒဏ်ရာကတော့ အနာကျက်သွားပြီ။ သို့သော် ဘာကိုမှ ပြန်မမှတ်မိသေးဟု ဆိုသည်။

ဒါတွေသည် တိုးတိုးဖုန်းဆက်၍ နွေကဗျာ သိခဲ့ရခြင်းဖြစ်သည်။ ဆေးရုံသို့ တစ်ရက်ရောက်ပြီး နောက်ရက်တွေမှာ သူမ မရောက်ဖြစ်ခဲ့။ ဘာသနိုးခြင်း မဟုတ်ပါ။ ဆောင်းသစ်ကို ထိုပုံစံနှင့် မြင်နေရလျှင် ဘယ်လိုမှ ခံစားနိုင်မည်မဟုတ်။ အချိန်တိုင်း ငိုနေမိမှာ သေချာသည်။

ထို့ကြောင့် အိမ်မှာပဲ လူးလိမ့်ခံစားရင်း ဖြေသိမ့်နေမိသည်။ သို့သော်လည်း တိုးတိုးနှင့်တော့ နေ့တိုင်း ဖုန်းပြောဖြစ်သည်။ ဆောင်းသစ်အတွက် ဘယ်လိုအကူအညီပဲဖြစ်ဖြစ် လိုအပ်လာလျှင်ပေးဖို့ နွေကဗျာ ဆုံးဖြတ်ထားပြီးသား။

ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

နွေကဗျာ ရင်အနာရဆုံးက ဘယ်လိုမှ လင်းပွင့်မပြလိုက်ရသည့် သူမ၏အချစ်။ ခုတော့ ကံကြမ္မာ၏ဓာတ်ညွှန်းအောက်မှာ ညှိုးခြောက်သွားခဲ့ရပြီ။

ရင်ထဲမှာ အချိန်တိုင်း မြည်တမ်းနေမိသည်က ...

"ပန်းဆိုရင်တော့ ကျွန်မ နောက်တစ်ကြိမ်လောက် ပြန်ပွင့်ခွင့်ရချင်ပါသေးတယ် ဆောင်းသစ်ရယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၉-ခ)

"နွေကဗျာ ... နေကောင်းပါတယ်နော်"

"ဟင်"

ခေါ်သံကြောင့် လှည့်ကြည့်ရင်း နွေကဗျာ အံ့သြသွားရသည်။ ထိုသို့ခေါ်လိုက်သူက တိုးတိုး။

နွေကဗျာက လျှော့ရဲရဲပြုံးရင်း ...

"လူကတော့ နေကောင်းပါတယ် တိုးတိုးရယ်၊ အဟင်း ... စိတ်ကသာ"

စကားအသွားအလာကို နားလည်သလို တိုးတိုးက နှစ်သိမ့်ဟန်ဖြင့် ပြန်ပြုံးပြလာပြီး ...

"ကျွန်တော် နားလည်ပါတယ်ဗျာ၊ ဒါနဲ့ ... နွေကဗျာ နည်းနည်း ပိန်သွားသလိုပဲ"

"အင်း ... ဒီလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

ခပ်နွမ်းနွမ်းပြုံးရင်း နွေကဗျာက ပြန်ပြောလာသည်။ တိုးတိုးက နားစမ်းသလို ကြည့်လိုက်ပြီးမှ . . .

"ဩော် . . . နွေကဗျာ ဒီနေ့ ဒီကိုလာတာ ဆောင်းသစ်ကိုပါ ခေါ်လာခဲ့တာဗျ"

"ဟင် . . . တကယ်"

မျက်လုံးတောက်တောက်ကလေးနှင့် ရေရွတ်လိုက်သော နွေကဗျာ ပုံစံက ဝမ်းသာသွားသည်မှာ အထင်သား။ သို့သော်လည်း ချက်ချင်းပင် အရောင် လျော့သွားသည့် ရီဝေဝေအကြည့်ဖြင့် . . .

"သူ . . . သူ . . . ဘယ်လိုနေသေးလဲဟင်"

"ဒဏ်ရာကတော့ သက်သာသွားပါပြီ ဒါပေမဲ့ . . . ဒီကိုခေါ်လာတာ က နွေကဗျာနဲ့ ပတ်သက်ခဲ့တဲ့ အဖြစ်အပျက်တွေ၊ နေရာပတ်ဝန်းကျင်တွေ မြင်ရင် သူ့အတွက် တစ်ခုခုထူးခြားလာမလားလို့လေ၊ ဒီတော့ နွေကဗျာ အနေနဲ့ သူ့ကို တတ်နိုင်သလောက် ကူညီနိုင်မလားဟင်"

"ရှင် . . . ဘယ် . . . ဘယ်လိုကူညီရမှာလဲ"

"ဒီလိုလေ . . . နွေကဗျာက သူနဲ့ပတ်သက်ခဲ့တဲ့နေရာတွေသွားပြီး အတိတ်ကအကြောင်းတွေ ပြန်ပြောပြတာမျိုးပေါ့၊ ဒါပေမဲ့ နွေကဗျာအတွက် ခက်ခဲနေမယ်ဆိုရင်လည်း"

စကားမဆုံးခင်မှာပဲ နွေကဗျာ ဖြတ်၍ . . .

"မခက်ခဲပါဘူး တိုးတိုး၊ ကျွန်မလည်း ဒီအခွင့်အရေးကို စောင့် နေတာပါ၊ ခု . . . သူ ဘယ်မှာလဲဟင်"

တိုးတိုးက ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်ပြီး . . .

"ရှိပါတယ်၊ ဟိုဘက်နားက ကင်တင်းတစ်ခုမှာ ဖြိုးလေးနဲ့ ရှိနေ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ နွေကဗျာက လွယ်အိတ်ကို ကောက်ယူကာ ထရပ်လိုက်ရင်း ...

"ကဲ တိုးတိုး ... ခုပဲ သွားစို့"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကရဝိတ်ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း) ထဲမှာ ဖြစ်သည်။ နွေကဗျာ

က ဆောင်းသစ်ကို တစ်နေရာသို့ လက်ဆွဲခေါ်လာရင်း ...

"ဆောင်းသစ် ... ရှင် ဒီနေရာလေးကို မှတ်မိလား"

ဆောင်းသစ်က အူကြောင်ကြောင်အသွင်ဖြင့် ...

"ဟင် ... ဒီနေရာမှာ ဘာဖြစ်ခဲ့လို့လဲ"

နွေကဗျာက ပင့်သက်ကို သဲ့သဲ့ရှိုက်လိုက်ပြီးမှ ...

"ဒီနေရာလေးမှာ ကျွန်မနဲ့ဆောင်းသစ်တို့ စတွေ့ကြတာလေ

ကျွန်မ ပန်းသီးစားရင်း လမ်းလျှောက်လာတာကို ရှင်က ဝင်တိုက်တာ"

"ဟုတ်လား၊ နွေကဗျာ ဘာဖြစ်သွားသေးလဲ"

စိုးရိမ်သလို မေးလိုက်သောအသံကြောင့် နွေကဗျာက တခ

ရယ်ကာ ...

"ဘာမှမဖြစ်ပါဘူး၊ ဒါပေမဲ့ စားလက်စပန်းသီးကတော့ လွတ်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်''

''ဆောရီးပါဗျာ ... ကျွန်တော် မမှတ်မိဘူး''

''ရပါတယ်ရှင်၊ ဒါပေမဲ့ ... အဲဒီပန်းသီးတစ်လုံးကြောင့်ပဲ ဆောင်းသစ်နဲ့ကျွန်မ ထပ်ပတ်သက်ဖို့ ဖြစ်လာခဲ့တာ''

''ဟုတ်လား ... ပြောပြဦးလေ''

နွေကဗျာက ...

''အဲဒါနဲ့ပဲ ... ရှင်က ပန်းသီးကို အလျော်ပေးဖို့ ကြိုးစားတယ်၊ အဲဒီနေ့က ပြန်မတွေ့ဘဲ ... ဖြစ်ချင်တော့ ကျွန်မတို့ သင်တန်းကျောင်းမှာ ရှင်နဲ့ပြန်ဆုံတာ၊ အဲဒီမှာလည်း ရှင်က အတင်းပဲ ပန်းသီးလျော်ပေးမယ်လို့ ထပ်ပြောပြန်တယ်''

''ဘာဖြစ်လို့လဲ မသိဘူးနော်''

''ဒါတော့ ... အဲဒီတုန်းက ရှင့်စိတ်ကို ရှင်ပဲသိမှာပေါ့''

ပြောရင်း နွေကဗျာက မျက်စောင်းလှဲလှဲထိုးသည်။ ဆောင်းသစ်က မထုံတတ်တေးပုံစံနှင့် ...

''အင်းဗျာ ... ကျွန်တော်လည်း အဲဒါကို သိချင်နေတာ''

နွေကဗျာ အသည်းယားလာရ၏။ ဆောင်းသစ်ကို စူးစိုက်ကြည့်လိုက်ပြီး ...

''သိချင်ရင် စဉ်းစားပေါ့၊ ဆက်ပြောဦးမယ်၊ ကျွန်မကလည်း ရှင့်ကို နောက်ချင်တာနဲ့ ပန်းသီးတစ်လုံး မဟုတ်ဘူး နှစ်ဆယ့်ငါးလုံးတိတိ တစ်ရက်တစ်လုံး ပေးရမယ်၊ ဒါပေမဲ့ ... ကျွန်မ မသိလိုက်တဲ့အချိန်မှာ ပေးရမယ်လို့ ပြောလိုက်တာ''

''အဲဒီတော့ ... ကျွန်တော်က''

''ရှင်ကလည်း ရအောင်ပေးတယ်လေ၊ တစ်လုံးစီမှာ စာတေကာ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကပ်ပြီး နှစ်ဆယ့်ငါးလုံးတိတိ ရအောင်ပို့ခဲ့တယ်၊ ဒီမှာကြည့် … အဲဒီ စတေကာလေးတွေ”

နွေကဗျာက လွယ်အိတ်ထဲမှ စာအုပ်ထုတ်ကာ လှန်ပြလိုက်သည်။ ဆောင်းသစ်က မမြင်ဖူးသလို စူးစိုက်ကြည့်ရင်း …

“အဲဒါတွေက ဘာသဘောလဲဟင်”

သက်ပြင်းခိုးချရပြန်သည်။ ပြီးမှ … ဆောင်းသစ်ကိုကြည့်၍ …

“မသိဘူးလေ၊ ရှင်ရေးထားတာပဲ … ရှင်ပဲ သိမှာပေါ့၊ ပြောရဦးမယ် … အဲဒီနှစ်ဆယ့်ငါးလုံးပို့ပြီးတော့ နှစ်ဆယ့်ခြောက်လုံးမြောက်ပို့မယ်လို့ ရှင်ဖုန်းဆက်တယ်၊ နောက်နေ့မှာပဲ ရှင် အဲဒီပန်းသီးကို လိုက်ပေးရင်း ကားတိုက်မိတာ”

“ဗျာ”

ဆောင်းသစ် တုန်လှုပ်ချောက်ချားသွားရသည်။ ဟိုကောင်တွေ ပြောသည်က ရိုးရိုးကားအက်ဆီးဒင့်ဖြစ်၍ သူ ဆေးရုံရောက်လာခဲ့သည့်ပုံစံ။ ခု … နွေကဗျာဆိုသော ကောင်မလေးပြောသည်က တစ်မျိုး။

ဘာတွေလဲ။ တကယ်ပဲ သူ ဒီလိုဖြစ်ခဲ့တာလား။ ဘာကြောင့်လဲ။ ဘာအတွက်လဲ။

ဘာကြောင့် ပန်းသီးတွေကို ငါ အဲဒီလို ပေးခဲ့တာလဲ။

စဉ်းစားရင်း …

စဉ်းစားရင်းပင် …

အဖြစ်အပျက်တချို့ကို မှတ်မိသလို၊ မမှတ်မိသလို မြင်ယောင်လိုက်၊ မှုန်ဝါးလိုက်ဖြစ်ကာ ခေါင်းတွေ ချာချာလည်မူးလာတော့သည်။

“အား”

တရိပ်ရိပ်မူးလာသော ဒဏ်ကြောင့် မခံနိုင်တော့ဘဲ … နားနှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com


ကို လက်ဖြင့်ဖိကာ နီးစပ်ရာနေရာမှာ ထိုင်ချလိုက်မိ၏။

"ဆောင်းသစ်"

စိုးရိမ်တကြီးခေါ်သံနှင့်အတူ နွေကဗျာက အနားမှာ ထိုင်ချလိုက်ရင်း လှမ်းပွေ့ထားလိုက်သည်။

ဆောင်းသစ်က ...

"အား ... မူး ... မူးတယ် နွေ ... နွေကဗျာ"

"ဆောင်းသစ် ... ကျွန်မပခုံးပေါ် ခဏမှီထားလိုက်လေ"

"ကျေး ... ကျေးဇူးပါပဲ"

ဆောင်းသစ်က မျက်လုံးမှိတ်ကာ အသက်ကို မှုန်းမှုန်းရှူရင်း သူမ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လာသည်။

အလိုက်သင့် ပွေ့ဖက်ထားရင်း နွေကဗျာ့စိတ်ထဲက အသံတိတ် ရေရွတ်လိုက်မိ၏။

"ဆောရီးပါ ဆောင်းသစ်ရယ်၊ ရှင့်ကို အမြန်ဆုံး ပြန်မှတ်မိစေ ချင်လို့ ပြောလိုက်မိတာပါ"

ထိုခဏမှာပင် နွေကဗျာ့ပါးပြင်ပေါ်မှ မျက်ရည်စတွေကလည်း ဆောင်းသစ်ပခုံးပေါ်သို့ ပေါက်ခနဲ လိမ့်စီးကျသွားရင်း ...

မရေရာနိုင်သေးသည့် မနက်ဖြန်တွေကိုသာ ရီဝေသောမျက်ဝန်း အစုံဖြင့် လှမ်းကြည့်မိလိုက်လေသည်။

ထိုသို့ဖြင့် ...

■ ■ ■


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

ဆောင်းသစ်နှင့်ပတ်သက်ပြီး စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်နေရသည့်ကြားက စိတ်ရှုပ်စရာပေါ်လာသေးသည်။

ထိုပြဿနာ ဟိုတစ်ခါမေမေ အစပျိုထားသည့်ကိစ္စ။ ခုလည်း မေ့မေ့ပျောက်ပျောက်ဖြစ်နေခါမှ ပြန်ပြောလာသည်။

"သမီး . . . ဟိုတစ်ခါ မေမေပြောထားတဲ့ကိစ္စလေ၊ မှတ်မိတယ်မလား။ သမီးနဲ့မောင်တင်ဝင်းနဲ့ နေရာချထားပေးချင်တယ်ဆိုတာလေ"

နွေကဗျာ ခေါင်းကုတ်မိတော့၏။ မျက်နှာလေးကိုလည်း ရှုံ့မဲ့လိုက်ရင်း . . .

"အာ . . . မေမေကလည်း လုပ်လာပြန်ပြီ"

"လုပ်လာပြန်ပြီမလုပ်နဲ့၊ မောင်တင်ဝင်းက သမီးကို သဘောကျနေပြီကွဲ့၊ အဲဒါ သမီး သဘောတူရင် အမြန်ဆုံး စီစဉ်ချင်တယ်လို့ ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နဝေတိမ်တောင်ဖြစ်သွားရရင်း နွေကဗျာက ...

"ဘယ်လို ... ဘယ်လို ... သဘောကျရအောင် သမီးနဲ့ အဲဒီလူနဲ့မှ မတွေ့ဖူးတာ"

"ဩော် သမီးကလည်း ... မေမေက သမီးဓာတ်ပုံကို ပေးလိုက်တာပေါ့၊ မောင်တင်ဝင်းက တစ်ခါတည်းကို သဘောကျသွားတာ"

"အာ"

"လုပ်မနေနဲ့၊ ဟိုက ကုမ္ပဏီပိုင်ရှင်နော်၊ ဩော် ... သမီးကြည့်ရအောင် သူ့ဓာတ်ပုံတောင် ပြန်ပေးထားသေးတယ် ... ရော့ ... ရော့"

အသင့်ကိုင်ထားသော ဓာတ်ပုံကို မေမေက လှမ်းပေးလာသည်။ စိတ်မပါသော်လည်း နွေကဗျာ ယူကြည့်လိုက်၏။

"အာ"

ထပ် 'အာ' မိပြန်သည်။ သားသားနားနားဝတ်စားထား၍သာ ရွှေဆိုင်ပိုင်ရှင်၏သား၊ ကုမ္ပဏီပိုင်ရှင်ဟု ယုံရသည်။ ရုပ်ရည်အစစ်အမှန်က ဘယ်လိုမှ ထင်ရက်စရာမရှိ။ မျက်နှာကအစ တစ်ကိုယ်လုံး အဆီနှစ်ထပ်အသားတစ်ထပ်နှင့်ဖြစ်သည်။ အနီးစပ်ဆုံးဥပမာပေးရလျှင် ကဗျာဆရာတိုးမှောင်မိုး အရက်တွေ နင်းကန်သောက်ပြီး 'ဖော' နေသော ဥပမိရုပ်မျိုးဖြစ်၏။ ဘယ်ထောင့်ကမှ စိတ်ကူးယဉ်လို့မရ။

ခေါင်းကို ချာလပတ်ရမ်းအောင်ခါလိုက်ပြီး နွေကဗျာက ...

"မဖြစ်နိုင်ပါဘူး မေမေရယ်၊ ဒီလိုလူမျိုးကိုတော့ သမီး မယူနိုင်ပါဘူး"

"အောင်မာ မိကဗျာ ... ညည်းက ဘယ်လိုလူမျိုးကို ယူချင်လို့လဲ ... ပြောစမ်းပါဦး"

နွေကဗျာလည်း ကြံရာမရစွာ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာ ချစ်သူရှိနေပြီ မေမေ၊ မေမေတို့ပဲ သမီးမှာချစ်သူရှိရင် အိမ်ခေါ်လာခဲ့ဆို၊ လေ့လာသုံးသပ်မယ်ဆို၊ မေမေတို့ပဲ လူကြီးစကားပြောခဲ့တာနော်"

ကိုယ့်စကားနှင့်ကိုယ် မေမေအကျပ်ရိုက်သွားပုံပေါ်သည်။ နွေကဗျာ အနေဖြင့် ခုချိန်မှာ ထိုသို့မပြောလို့လည်း မဖြစ်တော့ချေ။ မဟုတ်လျှင် မောင်တင်ဝင်းကို လင်လုပ်ရတော့မည်ကိုး။

မေမေက သူ့အကြံအစည် ပျက်လုနီးပါးဖြစ်သွား၍ မျက်နှာထား တင်းတင်းနှင့် ...

"အေး ... ဒါဆိုလည်း ညည်းရည်းစားကို အိမ်ခေါ်လာခဲ့၊ ငါတို့ သဘောမကျလို့ကတော့ မောင်တင်ဝင်းကိုပဲ ယူရမှာနော်"

"ဟုတ်ပါပြီ မေမေရဲ့၊ ဆက်ဆက်ခေါ်လာခဲ့ပါ့မယ်"

ပြောရင်း လှည့်ထွက်မည်အပြု ...

"ဟဲ့ ... ဟဲ့ ... ညည်းကောင်နာမည်က ဘာတဲ့လဲ"

တွန့်ခနဲဖြစ်သွားပြီးမှ နွေကဗျာ့ပါးစပ်ကလည်း လွှတ်ခနဲ ...

"ဆောင်းသစ်တဲ့ မေမေ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"တကယ် နင် ... အဲဒီလိုကြီး ပြောလိုက်တယ် ဟုတ်လား"

မြတ်နိုး၏တအံ့တသြမေးသံအဆုံးမှာ နွေကဗျာက ...

"အေးလေ ... အဲလိုမှမပြောရင် ငါ့ကို အဲဒီမောင်တင်ဝင်းဆိုတာကြီးနဲ့ ပေးစားတော့မှာပေါ့"

"ထားပါတော့ ... ဒါပေမဲ့ နင်က ဘာဖြစ်လို့ ဆောင်းသစ်နာမည်ကို သုံးလိုက်တာလဲ"

အဖြေရခက်သော မေးခွန်းဖြစ်သည်။ သို့သော်လည်း နွေကဗျာ ရှက်စနိုးပြုံးရင်း ...

"အဲဒါကတော့ ငါ့စိတ်ထဲမှာ သူ့နာမည်တစ်ခုပဲ ရှိတာကိုး"

"အံမယ် ... မိန်းမ ညည်းက ခုတော့ ဒီလိုတောင် ဖြစ်နေပြီလား"

"ဖြစ်တယ်ဟာ ဖြစ်တယ် ... ဘာဖြစ်လဲ"

ရှက်ရှက်နှင့် နွေကဗျာ အော်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်က စဉ်းစဉ်းစားစားပုံစံနှင့် ...

"ဒါဆို ဘယ်လိုလုပ်မလဲ၊ ဆောင်းသစ်ကို အကျိုးအကြောင်း ပြောပြပြီး နှင့်အိမ်ကို ခေါ်သွားမှာလား"

"အေးလေ ... ဒါပဲရှိတော့တာပေါ့၊ သူက ခုချိန်မှာ အတိတ်မေ့နေပေမယ့် သူငယ်ချင်းအနေအထားနဲ့ အကူအညီတောင်းရင် လက်ခံမှာပါ"

စကားအဆုံးမှာ မြတ်နိုးက ...

"ဟဲ့ မိနွေ ... ဆောင်းသစ်က အတိတ်ကို ဘာမှသတိရသေးတာ မဟုတ်ဘူးနော်၊ တော်ကြာ ... နှင့်အိမ်က ဆောင်းသစ်ကို သဘောကျလို့ ဆိုပြီး ချက်ချင်းလက်ထပ်ကြတော့လို့ဆိုလာရင် အားလုံးရှုပ်ကုန်မယ်နော်"

နွေကဗျာက မချိုမချဉ်ပုံစံလေးလုပ်ကာ ...

"ဘာမှမရှုပ်ဘူး၊ အဲလိုဆိုလည်း ယူလိုက်ရုံပေါ့"

"ဟေ ... တကယ်ကြီး"

"သဘောကိုပြောတာပါ၊ ငါ့အိမ်ကလည်း အဲဒီလောက် အရေးတကြီး မစီစဉ်ပါဘူး၊ လောလောဆယ် မောင်တင်ဝင်းကိုစွပြတ်ရင် ပြီးရောဟာ၊ ကျန်တာ မီးစဉ်ကြည့်ကရမှာပဲ"

ထိုအချိန်မှာ မြတ်နိုးက ကင်တင်းအပြင်ဘက်ကို လှမ်းကြည့်ပြီး အရယ်တစ်ဝက်နှင့် ...

"အေး ... ကပါ၊ ဟိုမှာ နှင့်ရဲ့မီးစဉ်ကြီး လာနေပြီ"

"ဟင်"

လှမ်းကြည့်လိုက်တော့ ဟုတ်ပါသည်။ ဆောင်းသစ်တို့ သုံးယောက်သား ကင်တင်းထဲသို့ ဝင်လာကြ၍ဖြစ်၏။

ရောက်ရောက်ချင်း နွေကဗျာက အပြုံးမြမြဖြင့် ...

"ဆောင်းသစ် ထိုင်လေ ... ဘာစားမလဲ၊ ကျွန်မ ကျွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် တစ်ခုခုပေါ့"

ပြောရင်း ဝင်ထိုင်လိုက်စဉ်မှာပဲ မြတ်နိုးက ရယ်ကျဲကျဲလုပ်ကာ . .

"ဆောင်းသစ် . . . မိန္ဒွေက အလကားကျွေးတာ မဟုတ်ဘူးနော်၊ ဖားနေတာ၊ ရှင့်ဆီမှာ အကူအညီတောင်းစရာရှိနေလို့ . . . သိလား"

"ဟဲ့ . . . မြတ်နိုး ဘာတွေပြောနေတာလဲ"

နွေကဗျာက လှမ်းဟန့်လိုက်သော်လည်း ဆောင်းသစ်က ခပ်အေးအေးပဲ . . .

"မကျွေးလည်း ကူညီပါတယ်ဗျာ၊ ကဲ ပြော . . . နွေကဗျာကို ကျွန်တော် ဘာကူညီရမလဲ"

"အဲ . . . အင်း . . . ဒီလိုပါ . . . ဟိုလေ"

ပြောရခက်နေပြန်သည်။ မြတ်နိုးက ဝင်ပြီး ဒီလိုဆောင်းသစ်ရေ ဟု အစချီကာ ခရေစေ့တွင်းကျ ပြောပြလိုက်လေ၏။

ငြိမ်သက်စွာ နားထောင်နေပြီးမှ ဆောင်းသစ်က . . .

"အင်း . . . ကျွန်တော် သဘောပေါက်ပါပြီ၊ ဒီကိစ္စအတွက် ကျွန်တော်နဲ့ နွေကဗျာကို နှစ်ယောက်တည်း ခဏလောက် စကားပြောခွင့်ပြုပါလား"

အားလုံး မမျှော်လင့်ထားသောစကားဖြစ်သည်။ ရင်ဖိုသွားရသူက နွေကဗျာ။ သူ ဘာပြောချင်တာလဲပေါ့။

ကျန်သည့်လူတွေလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီးမှ . . .

"ဟုတ်ပြီလေ . . . မင်းက ကူညီရမယ့်လူပဲ၊ ငါတို့ ဟိုဘက်ဝိုင်းမှာ သွားနေပေးပါ့မယ်"

အားလုံး ထသွားကြတော့၏။ နှစ်ယောက်တည်း ကျန်ခဲ့ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နွေကဗျာမှာ စိတ်လှုပ်ရှားနေရသော်လည်း ဆောင်းသစ်ကတော့ တည်တည် ငြိမ်ငြိမ်ပင်။ စကားပင် အရင်စလာ၏။

"ပြောပါဦး နွေကဗျာ . . . အဲဒီလူကို နွေကဗျာက ဘာဖြစ်လို့ မယူချင်တာလဲ"

"အာ . . . ကျွန်မမှ မကြိုက်တာ၊ ကျွန်မက ကျွန်မချစ်တဲ့လူကိုပဲ လက်ထပ်မယ်လို့ ဆုံးဖြတ်ထားတာရှင့်"

ဆောင်းသစ်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီးမှ . . .

"ဟုတ်ပါပြီ . . . နွေကဗျာပြောတာ သဘာဝကျပါတယ်၊ ဒါဆို . . . နွေကဗျာ့မှာ ချစ်သူရှိနေပြီလား"

"ရှင်"

မထင်မှတ်ထားသော မေးခွန်းဖြစ်သည်။ အတန်ကြာစဉ်းစားပြီးမှ သက်ပြင်းဖွဖွချရင်း ဆောင်းသစ်မျက်နှာကို စေ့စေ့ကြည့်လျက် . . .

"အဲဒါက ပြောရခက်တယ် ဆောင်းသစ်၊ သူ ကျွန်မကိုချစ်နေတာ ကျွန်မ သိတယ်၊ ကျွန်မကလည်း သူ့ကိုချစ်တယ်၊ ဒါပေမဲ့ . . ."

ပြောရင်း မျက်ရည်တွေ ရစ်ဝိုင်းလာသဖြင့် မျက်တောင်လေးကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ပြီးမှ . . .

"သူ . . . သူ . . . ကျွန်မကို ဖွင့်ပြောတော့မယ့်အချိန်မှာ ကံကြမ္မာက အချိန်အကန့်အသတ်မရှိ ကျွန်မတို့ကို ဝေးကွာစေလိုက်တယ်၊ ဒါပေမဲ့ . . . သူ တစ်နေ့တော့ ကျွန်မကို ဖွင့်ပြောလာမယ်လို့ ယုံကြည်ထားတယ်၊ အဲဒီ နေ့ကို ကျွန်မ စောင့်နေတာပါ၊ အဲဒါကို ချစ်သူလို့ ပြောရမှာလား၊ ရှင် ဘယ်လိုထင်လဲဟင် ဆောင်းသစ်"

စကားအဆုံးမှာ ဆောင်းသစ်က သက်ပြင်းကို မှုဉ်းချရင်း အဝေး ကို ငေးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ . . .

"ကျွန်တော် မပြောတတ်ဘူး နွေကဗျာ၊ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားသွားရတာတော့ အမှန်ပဲ၊ အင်းလေ . . . ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ကူညီပါ့မယ်"

"တကယ်နော်"

"တကယ်ပေါ့ နွေကဗျာရဲ့၊ နွေကဗျာက ကျွန်တော့် သူငယ်ချင်း ပဲလေ"

စကားက ရင်ကို ဆို့စေသည်။ ဆောင်းသစ် ထပ်ပြောလိုက်သော စကားက ရင်ကို ပို၍ ကွဲကြေမတတ်။

"ဒါနဲ့ . . . နွေကဗျာရဲ့ ဟန်ဆောင်ချစ်သူအဖြစ် ကျွန်တော် ဘယ် နေ့လိုက်တွေ့ပေးရမလဲဟင်"

နွေကဗျာက မျက်ရည်တွေ သိမ်းစုရန် မျက်ဝန်းအစုံကို မှိတ်လိုက် ရင်း အက်ကွဲစွာ ပြောလိုက်ပါ၏။

"မနက်ဖြန် မနက်ဆယ်နာရီ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဟော့ကောင်တွေ ငါ့ပုံစံနဲ့ ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ် သေစ်ရာ၊ မင်းက အရင် သေစ်မဟုတ်တဲ့အတိုင်းပဲ"

"ဟင် ... ဘာလဲ"

"ဘာမှမဟုတ်ဘူးကွာ၊ သွားတော့ ... ချိန်းထားတဲ့အချိန် ရောက်နေပြီ"

နွေကဗျာတို့ခြံရှေ့မှာ ကားရပ်ရင်း တိုးတိုးတို့နှင့် စကားပြောနေခြင်းဖြစ်သည်။ ခုလည်း လက်ကနာရီကိုကြည့်ပြီး ဆောင်းသစ် ဆင်းလာခဲ့လိုက်၏။

ခြံဝက ဘဲ(လ်)ကို တီးလိုက်တော့ အဒေါ်ကြီးတစ်ယောက်က တံခါးလာဖွင့်ပေးသည်။

ဆောင်းသစ်ကို မြင်သည်နှင့် အံ့ဩသွားပြီး ...

"ဩော် ... သမီးကဗျာရဲ့ ကောင်လေးဆိုတော့ ဘယ်သူများလဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ ထင်တော့ထင်သားပဲ''

''ဗျာ . . . ဒေါ်ကြီး ဘာကိုပြောတာလဲ၊ ကျွန်တော့်ကို မြင်ဖူးလို့လား''

ထိုအဒေါ်ကြီးက မျက်မှောင်ကြုတ်ရင်း . . .

''ဘာလို့မမြင်ဖူးရမှာလဲ၊ မင်းပဲ ဟိုတစ်ခါက ဒေါ်ကြီးနဲ့တစ်ဆင့် သမီးကဗျာ ယတြာချေဖို့ဆိုပြီး ပန်းသီးတွေ ပေးခိုင်းလိုက်တာလေ၊ ခေတ်လူငယ်တွေများ တယ်မေ့တတ်တာကိုး၊ ကဲ . . . အိမ်ထဲကိုသွား''

ကြောင်တောင်တောင်နှင့် ခြံထဲ ဝင်လာခဲ့လိုက်သည်။ အိမ်ရှေ့ရောက်တော့ အသင့်စောင့်နေပုံရသော နွေကဗျာက အပြုံးနုနုဖြင့် . . .

''လာ ဆောင်းသစ် . . . အိမ်ထဲမှာ ဖေဖေတို့ စောင့်နေတယ်''

ပန်းအသာတွန့်ရင်း နွေကဗျာနောက်မှ ဝင်လိုက်သွားလိုက်သည်။ ဧည့်ခန်းထဲရောက်တော့ နွေကဗျာ၏မာတာနှင့်ပီတာက အသင့်စောင့်နေသော အနေအထားဖြင့် . . .

''ထိုင်ပါ မောင်ရင်''

''ဟုတ်ကဲ့''

အဘိုးကြီးရော, အဘွားကြီးပါ ဆောင်းသစ်အား ပြောင်ပြောင်တင်းတင်းပင် အကဲခတ်နေသေး၏။

ပြီးမှ တစ်အိမ်လုံးကို ဗိုလ်အာဏာသိမ်းထားပုံရသော အဘွားကြီးက အရင် . . .

''မောင်ရင့်နာမည်က''

''ဆောင်းသစ် . . . ဆောင်းသစ်ပါ ခင်ဗျ''

''အဖေ့နာမည်က''

''ဦးသစ်လွင်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"အရင်းနော်"

"ဗျာ"

"ဪ . . . အဖေအရင်းနာမည်လားလို့ မေးတာ"

"ဟုတ် . . . ဟုတ်ကဲ့"

ဘယ်နှာကြီးမှန်း မသိချေ။ စိတ်ရှုပ်လာရသည်။ နွေကဗျာကို ဆတ်ခနဲကြည့်လိုက်တော့ ယှဲ့ယှဲ့လေး ပြုံးရင်း ခေါင်းညိတ်ပြလာ၏။ သည်းခံပေါ့လေ။

"ဒါနဲ့ . . . အမေက"

"အိမ်မှာပါ"

"ဘာကွ . . . မင်းအမေနာမည်ကိုမေးတာ"

"ဪ . . . ဒေါ်ဆောင်းဖြူပါ"

"မိဘတွေလုပ်ငန်းက"

". . . . ."

"မောင်နှမသားချင်း"

". . . . ."

"နေရပ်လိပ်စာ"

". . . . ."

"အတန်းပညာ"

". . . . ."

"မျိုးရိုး"

". . . . ."

ခေါင်းဒဏ်ရာရပြီးမှ မနည်းပြန်မှတ်ထားရသည်များကို ဖြေနေသဖြင့် ဆောင်းသစ် စဉ်းစားရင်း ခေါင်းတွေမူးနောက်လာရသည်။ အလုံ



www.burmeseclassic.com

www.burmeseclassic.com



အင်တာဗျူးပင် ဒီလောက်မေးမည်မဟုတ်။

မူးဝေလာသည့်ဒဏ်ကို ဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံးမှာတော့ မျက်စိစုံမှိတ်၍ လက်ကာပြလိုက်ရင်း . . .

''တောင်းပန်ပါတယ်ဗျာ၊ မမေးကြပါနဲ့တော့''

''မောင်ရင် . . . မင်း ဘာစကားပြောတာလဲ၊ ငါတို့က လိုအပ်လို့မေးနေတာကွ''

ဆောင်းသစ် ပင့်သက်ရှိုက်လိုက်မိသည်။ နွေကဗျာ မျက်နှာလေး ငယ်နေပြီဖြစ်သော်လည်း မတတ်နိုင်တော့။

မျက်စိ စုံမှိတ်ကာ ပြောရတော့သည်။

''ကျွန်တော် အရမ်းဝမ်းနည်းပါတယ် အန်ကယ်နဲ့ အန်တီ၊ တချို့ မေးခွန်းတွေအတွက် ကျွန်တော့်မှာ အဖြေမရှိလို့ပါ၊ ပြီးတော့ . . . အန်ကယ်တို့ကို ကျွန်တော် ဝန်ခံစရာနဲ့ အကြံပေးစရာရှိပါတယ်''

''ဆောင်းသစ်''

မျက်နှာအပျက်ပျက်အယွင်းယွင်းနှင့် နွေကဗျာက လှမ်းအော်သည်။

ဆောင်းသစ်က တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ . . .

''ဒီလိုပါ အန်ကယ် . . . ကျွန်တော်ဟာ နွေကဗျာရဲ့ချစ်သူအစစ် မဟုတ်ပါဘူး၊ ဒါပေမဲ့ သူ့မှာ အရမ်းချစ်ရတဲ့ချစ်သူ ရှိပါတယ်၊ အဲဒီလူနဲ့ အကြောင်းကြောင်းကြောင့် မဆုံနိုင်သေးတဲ့အချိန်မှာ အန်ကယ်တို့ပေးစားတဲ့လူကိုလည်း မယူချင်တာနဲ့ သူ့မှာ ခုလိုလုပ်ရတာပါ၊ အဲဒါကြောင့် အန်ကယ်တို့သမီးကို နားလည်ပေးလိုက်ပါလို့ ပြောချင်ပါတယ်''

အဘိုးကြီးနှင့်အဘွားကြီးက ကြောင်ပြီး ကြည့်နေကြသည်။ ထို အချိန်မှာပဲ ဆောင်းသစ် ခေါင်းငိုက်စိုက်ချပြီး ထထွက်လာခဲ့၏။

အိမ်ဝမှ ထွက်လိုက်စဉ်မှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းသစ်"

ခေါ်သံကြောင့် လှည့်ကြည့်မိသည်။ မျက်ရည်အပြည့်နှင့် တင်းမာခက်ထန်သော နွေကဗျာ၏မျက်ဝန်းအစုံကို ရင်ဆိုင်လိုက်ရ၏။

နွေကဗျာက မျက်နှာချင်းဆိုင်ရပ်လိုက်ရင်း . . .

"ဆောင်းသစ် . . . ရှင် ဘာတွေလုပ်နေမိတယ်ဆိုတာ သိရဲ့လား။ ပြောပါဦး . . . ကျွန်မကတော့ အားလုံးကို အကောင်းဆုံးမျှော်လင့်ထားခဲ့တာ၊ ရှင့် . . . ရှင့်ကိုပြောပြခဲ့တဲ့ ကျွန်မ . . . ကျွန်မချစ်သူဆိုတာ ရှင် . . . ရှင်ပဲလေ ဆောင်းသစ်၊ ရှင် တစ်သက်လုံး အတိတ်မေ့နေတော့မှာလား၊ ပြောပါဦး . . . ပြောပါဦး"

ပခုံးကိုကိုင်လှုပ်ရင်း မျက်ရည်အပြည့်ဖြင့် ပေါက်ပေါက်ကွဲကွဲပြောနေသော နွေကဗျာကိုကြည့်ကာ ဘာမှနားမလည်နိုင်တော့။

"အဲ . . . အဲဒါ တကယ်ပဲလား နွေကဗျာ"

ဆောင်းသစ် တုန်တုန်လှုပ်လှုပ်မေးလိုက်မိသည်။

နွေကဗျာက ခြောက်ကပ်ကပ်ရယ်လိုက်ပြီး . . .

"ရှင့်ရဲ့မေ့နေတဲ့ အတိတ်မှာတော့ တကယ်ပါ ဆောင်းသစ်၊ ဒါပေမဲ့ . . . ခု ပစ္စုပ္ပန်မှာတော့ ရှင်နဲ့ကျွန်မ ဘာမှပတ်သက်လို့ မရအောင် ပြီးသွားခဲ့ပါပြီ"

ပြောရင်း နွေကဗျာ ချာခနဲလှည့်ထွက်သွားတော့သည်။

ငူငူကြီးရပ်ရင်း အတိတ်ဆိုသည်ဒေသကို ဆောင်းသစ်မရမကတူးဖော်ကြည့်မိသည်။

ပန်းသီးတွေ . . . ပန်းသီးတွေ . . .

ပေါ်လာလိုက် . . . ပျောက်သွားလိုက်။

ပြီး . . . နွေကဗျာရဲ့အရိပ်တွေ။ ပတ်သက်ခဲ့သော လှုပ်ရှားမှုပုံရိပ်



www.burmeseclassic.com

www.burmeseclassic.com


တွေ့။

နီးကပ်လာလိုက် ... မှိန်ဖျော့သွားလိုက်။

မရရအောင် လိုက်ဖမ်းဆုပ်ရင်း ဦးနှောက်ထဲမှ တင်းကျပ်ကိုက်ခဲလာသောဒဏ်ကို ဆောင်းသစ်မခံနိုင်တော့။

ဦးခေါင်းကို လက်နှင့်ဖျစ်ကာ ယိမ်းထိုးလျှောက်လာရင်းမှ ခြံအထွက်မှာ မျက်လုံးထဲ ပြာဝေသွားရပြီး ...

"ငသစ် ... သတိထားလေ"

"ဟာ ... လုပ်ပါဦး"

ထိုအသံနှစ်ခုကိုသာ နောက်ဆုံး ကြားလိုက်ရပြီး အသိစိတ်က ခန္ဓာကိုယ်ဖယ်ခွာကာ ဆောင်းသစ်လဲကျသွားလေတော့သည်။

ခုချိန်မှာ ...

အတိတ် ...

ပစ္စုပ္ပန် ...

အနာဂတ် ...

ဘာဆိုဘာမှမသိနိုင်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# တစ်လခန့်ကြာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဖုန်းရိန်းတုန်းသံက အဆက်မပြတ်မြည်နေသည်။

ကောက်ကိုင်ကာ ဆက်သောနံပါတ်ကိုကြည့်ပြီး တိုးတိုး အံ့သြသင့်သွားရ၏။ မထင်မှတ်ထားသောနံပါတ်။ နွေကဗျာဆီမှဖြစ်သည်။

တိုးတိုးက သက်ပြင်းချရင်း ဖုန်းဖွင့်ကိုင်လိုက်၏။

"ဟုတ်ကဲ့ . . . ပြောပါ နွေကဗျာ၊ မတွေ့တာတောင် အတော်ကြာပြီနော်"

နွေကဗျာဆီမှ ခြောက်ကပ်ကပ်ရယ်သံနှင့်အတူ . . .

"ဟုတ်တယ် . . . တိုးတိုးရဲ့ ကျွန်မလည်း သတိရပါတယ်၊ အလုပ်တွေရှုပ်နေလို့"

တိုးတိုးက ရယ်ဟာဟာနှင့် . . .

"သိပါတယ်ဗျာ . . . နွေကဗျာ မင်္ဂလာဆောင်အတွက် အလုပ်ရှုပ်နေတယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားပုံရသည်။ ခေတ္တမျှ အသံတိတ်ဆိတ်သွား၏။

ပြီးမှ ...

"တိုးတိုး ... ရှင် အဲဒီကိစ္စတွေကို ဘယ်လိုသိတာလဲ"

"သေစ်ပဲ ပြောတာပဲလေ"

"ရှင်"

"ဟုတ်တယ်ဗျ။ သေစ်က နွေကဗျာ ဘာလုပ်တယ်ဆိုတာ အကုန်သိနေတဲ့သူပဲလေ"

ပို၍အံ့ဩရတော့သည်။ ဆောင်းသစ် သူမအကြောင်းကို စုံစမ်းနေသည်တဲ့လား။

ထိုသို့စဉ်းစားတွေဝေနေစဉ်မှာပဲ တိုးတိုးက ...

"ဒါနဲ့ ... နွေကဗျာ ခု ... ဘာကိစ္စရှိလို့လဲ"

"ကျွန်မ ... ကျွန်မ ဆောင်းသစ်ဖုန်းကို ဆက်ပါတယ်၊ သူ တစ်ခါမှ မကိုင်လို့"

သက်ပြင်းကို လေးလေးပင်ချရင်း တိုးတိုးက ...

"ဘယ်ကိုင်မလဲဗျာ ... နွေကဗျာဆီက မင်္ဂလာဆောင်ဖိတ်မယ့်ဖုန်းကို သူ ဘယ်ကိုင်မလဲ"

"ရှင် ... တိုးတိုးပြောတာ ကျွန်မ နားမလည်ဘူး"

"မပြောမဖြစ်ဆိုတော့ ပြောရတော့မှာပဲ နွေကဗျာ၊ အဲဒီနေ့က သူ တချို့ကိစ္စတွေ ပြန်စဉ်းစားလို့ မရတာရယ်, ခေါင်းတွေမူးလာတာရယ် ပေါင်းပြီး မခံနိုင်လို့ ဒီကောင် ပြောချင်တာတွေ ပြောခဲ့တာပါ၊ အတိတ်ကိုလည်း မမှတ်မိသေးဘူးလေ"

တိုးတိုးက စကားကို ဖြတ်ထားသေးသည်။ နွေကဗျာ ရင်တွေ တလုပ်လုပ်ခုန်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးကပဲ . . .

"နွေကဗျာတို့အိမ်ကအထွက်မှာ နွေကဗျာပြောခဲ့တာတွေကို အားတင်းစဉ်းစားရင်းနဲ့ သူ မူးလဲကျသွားခဲ့တယ်"

"ရှင်"

"ဟုတ်တယ် နွေကဗျာ၊ သေစ်ကို ဆေးရုံပြန်တင်လိုက်ရတယ်၊ နှစ်ရက်လောက် သတိမေ့နေပြီး ပြန်သတိရလာတော့ သူ့မှတ်ဉာဏ်တချို့ကို ပြန်ရလာတယ်၊ အိမ်မှာ အနားယူဆေးသောက်ရင်းနဲ့ ကျန်ခဲ့တဲ့တစ်ပတ်ထဲမှာပဲ သူ အတိတ်ကိုရော, နောက်ဆုံးဖြစ်ခဲ့တဲ့ ဖြစ်ရပ်တွေကိုပါ မှတ်မိပြီး လူကောင်းပကတိ ပြန်ဖြစ်လာရတာ"

"အို"

ရေရွှတ်ရင်း ရင်ထဲမှာ တစ်ဆို့တင်းကျပ်လာရ၏။ အနိုင်နိုင်အားယူပြီး ပြန်မေးလိုက်သည်။

"ဒါ . . . ဒါဆို သူ . . . ကျွန်မကို ဘာဖြစ်လို့ မဆက်သွယ်ခဲ့တာလဲ"

"နွေကဗျာရယ် . . . သူ အားလုံး ပြန်မှတ်မိတဲ့အချိန်မှာ နွေကဗျာက ဟိုတစ်ယောက်နဲ့ လက်ထပ်ဖို့ ပြင်ဆင်နေပြီလေ၊ ပြီးတော့ . . . နွေကဗျာပဲ သူ့ကို ပြောခဲ့တယ်ဆို၊ ခု ပစ္စုပ္ပန်မှာ သူနဲ့နွေကဗျာ ဘာမှပတ်သက်စရာမရှိအောင် ပြီးသွားပြီလို့ ပြောခဲ့တယ် မဟုတ်လား၊ သူ ဘယ်ဆက်သွယ်ခဲ့တော့မှာလဲ နွေကဗျာရယ်"

"အဲဒါ . . . အဲဒါကလေ . . . ကျွန်မ . . . ကျွန်မ"

ရင်ထဲမှာ မွန်းကျပ်ပြီး ဘာစကားမှထွက်မလာနိုင်တော့။ မျက်ရည်ဥတွေက ပါးပြင်ပေါ်သို့ပင် လိမ့်စီး၍ ကျနေလေပြီ။

ထိုအချိန်မှာပဲ တိုးတိုးက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ ... ထားလိုက်ပါတော့၊ နွေကဗျာ ဖုန်းဆက်ကြောင်း ကျွန်တော် သေစ်ကို ပြောပြလိုက်ပါ့မယ်၊ ဪ ... ဒါနဲ့ နွေကဗျာ ... သေစ် နွေကဗျာကို မပေးဖြစ်ခဲ့တဲ့ ပန်းသီးတစ်လုံး ကျွန်တော့်ဆီမှာရှိတယ်၊ ပန်းသီးက မကောင်းတော့ပေမယ့် အဲဒီပေါ်က စတေကာလေးတော့ သိမ်းထားပါတယ်"

နွေကဗျာက မျက်ရည်စတွေကို သိမ်းသုတ်လိုက်ကာ ချက်ချင်း ပြန်ပြောလိုက်သည်။

"တိုးတိုး ... ရှင့်ရဲ့အိမ်လိပ်စာပြောပါ၊ ကျွန်မ အဲဒီစတေကာကို ခုချက်ချင်း လာယူမယ်"

■ ■ ■




www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

တိုးတိုးဆီမှယူလာသော စတေကာလေးကို နွေကဗျာ မမှိတ်မသုန် ကြည့်နေမိသည်။

သူ ဘာပြောချင်ခဲ့တာလဲ။



ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အစက်နှစ်ဆယ့်ငါးခုက ပန်းသီးနှစ်ဆယ့်ငါးလုံးကို ရည်ညွှန်းခဲ့တာ လား။


စဉ်းစားရင်းပင် စတေကာကပ်ထားသောစာအုပ်ကိုထုတ်ကာ သူ ကြယ်ပွင့် (Star) ပြထားသည်များကို မျဉ်းကြောင်းဆွဲကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com






ပြီး ။ ။ ပေါ်လာသည့်အင်္ဂလိပ်စာလုံးတွေအတိုင်း ဖတ်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ သိလိုက်ရသည့် အဓိပ္ပာယ်ကတော့ ...

သို့

နွေကဗျာ

I Love You

မှ

ဆောင်းသစ်

ဘုရားရေ သူ အဲဒီနေ့က ငါ့ကိုဖွင့်ပြောဖို့ ကြိုးစားခဲ့တာပါလာ

... ခု ... ခုတော့ ...။

နွေကဗျာ အသက်ကို မနည်းရှိုက်ရှူရင်း အချိန်အတော်ကြာထ

ကြက်သေသေနေလေသည်။

ထို့နောက် ...

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

အဝေးမှ တိုက်ခတ်လာသော လေသည် အင်းယားရေပြင်ကို ဖြတ်ကာ သူ့ရင်ကို တစိမ့်စိမ့် လာရိုက်ခတ်နေသည်။ ထိုလေပြည်ကလည်း ရင်ထဲက လောင်ကျွမ်းမှုကို နှစ်သိမ့်ပေးနိုင်မည်မထင်။

ကောင်းကင်မှာ တိမ်ဖြူတွေ လွင့်မျောနေကြသလို သူ့နှလုံးသားသည်လည်း လွင့်ပါးနှုတ်ဆက်ခဲ့ရလေပြီ။

ကံကြမ္မာ၏အလိုတော်အရ ...

အတိတ်ကိုမေ့ခဲ့သောသူသည် ပစ္စုပ္ပန်မှာ လောင်ကျွမ်းရင်း အနာဂတ်မှာ ပြာကျဖို့ပဲ ရှိတော့မည် မဟုတ်ပါလား။

ခုလည်း အရာအားလုံးကို မေ့ပြီး တိုးတိုးလေး ငြိမ်သက်နေဖို့ပဲ သူ တတ်နိုင်ပါတော့သည်။

အရာအားလုံးက ပြီးခဲ့ပြီလေ။

အသက်ကို ဝဝရှူရင်း ထိုင်နေသော ခုံတန်းလျားလေးမှအရပ်



www.burmeseclassic.com

www.burmeseclassic.com


"ဆောင်းသစ်"

ခေါ်သံက ပါးပါးလေး။ ဒါပေမဲ့ . . . သူ့အတွက်တော့ ကမ္ဘာကြီးပင် တုန်ခါသွားသလို . . .။

ဖြည်းဖြည်းချင်းလှည့်အကြည့်။ နှုတ်ဆက်ရမည့် ချစ်သူ့မျက်နှာကို တွေ့လိုက်ရသည်။

"နွေကဗျာ"

တိုးဖွဖွခေါ်ရင်း ခပ်နွမ်းနွမ်းပြုံးပြလိုက်၏။

နွေကဗျာက . . .

"ဆောင်းသစ် . . . ကျွန်မ လက်ထပ်ရတော့မယ်"

"ကျွန်တော် သိပါတယ် နွေကဗျာ၊ ဖိတ်စာလာဖိတ်ပေးတာလား မပေးပါနဲ့၊ ကျွန်တော် လာဖြစ်မယ်မထင်လို့ပါ"

"ရှင့်ကိုလည်း မဖိတ်ပါဘူး။ ဒါပေမဲ့ မကြာခင်မှာ လက်ထပ်တော့မယ့် မိန်းကလေးတစ်ယောက်ဟာ ဒီနေရာကို ဘာဖြစ်လို့လာတာလဲ . . . ရှင်သိလား"

စကားအဆုံးမှာ ဆောင်းသစ်က ခပ်ယဲ့ယဲ့ပြုံးလိုက်ရင်း . . .

"ကျွန်တော့်ရဲ့အမှားအတွက် ဒဏ်ရာတွေ ထပ်ပေးချင်လို့ပေါ့၊ ဒီလိုလား . . . နွေကဗျာ"

"ဆောင်းသစ် . . . ရှင့်ရှေ့မှာ ကျွန်မ ရောက်နေပြီလေ၊ ရှင် အတိတ်မေ့ခဲ့သလိုမျိုး တချို့အကြောင်းအရာတွေကို မေ့ကြည့်လိုက်စမ်းပါ"

"ဒါ . . . ဒါဆို . . . နွေ . . . နွေကဗျာက"

အ,ထစ်ထစ် စကားသံအဆုံးမှာ နွေကဗျာက ခေါင်းလေးညိတ်လာသည်။ ပြီး . . .

"ရှင် . . . ကျွန်မကို နားလည်ပြီလား ဆောင်းသစ်"


www.burmeseclassic.com

www.burmeseclassic.com



တိုးဖွဖွစကားသံအဆုံးမှာ ဆောင်းသစ်က …

"ကျွန်တော် အားလုံးကို နားလည်ပါတယ်၊ ဒါပေမဲ့ … ကျွန်တော်တို့နှစ်ယောက်ရဲ့အနာဂတ်ဟာ နောက်ကျသွားပြီလို့ ထင်ထားခဲ့တာ"

နွေကဗျာက …

"ဆောင်းသစ် … အချစ်ဆိုတာမှာ ဘယ်တော့မှ ဝမ်းနည်းစရာ မရှိဘူးတဲ့၊ ပြီးတော့ နောက်ကျတယ်ဆိုတာလည်း မရှိဘူးတဲ့"

စကားအဆုံးမှာ ဆောင်းသစ်က နွေကဗျာလက်ကလေးကို ဆုပ်ကိုင်လိုက်ရင်း …

"ဒါဆိုလည်း မိုက်မဲခြင်းလို့ ခေါင်းစဉ်မတပ်ဘဲ စွန့်စားရအောင် နွေကဗျာ ဘယ်လိုလဲ"

နွေကဗျာ ချစ်ရည်ရွှမ်းသော မျက်ဝန်းလေးတွေနှင့် ကယောင်ချောက်ချားကြည့်လာပြီး …

BURMESE CLASSIC

"အဲဒါကတော့ ဆောင်းသစ်သဘောလေ၊ ကျွန်မကတော့ အရာရာကို စွန့်စားခြင်းလို့ ခေါင်းစဉ်တပ်လိုက်ပြီ"

ဘာမှပြောစရာမလိုတော့ဟု ယုံကြည်လိုက်ပြီး ဆောင်းသစ်က နွေကဗျာ့ပခုံးလေးကို ယုယုယယဖက်လိုက်ကာ …

"ကျေးဇူးပါပဲ နွေကဗျာ၊ ကိုယ်တို့သွားကြစို့"

နှစ်ယောက်သား လှည့်ထွက်လိုက်စဉ်မှာပဲ မျက်နှာချင်းဆိုင်မှ လူအုပ်ကြီးကို တွေ့လိုက်ရသည်။

တခြားတော့မဟုတ်။

တိုးတိုး၊ ဖြိုးလေး၊ မြတ်နိုးနှင့်ရွှေရည်တို့။

"ဟာ … ဘာလုပ်တာလဲကွ"

ဆောင်းသစ်စကားသံအဆုံးမှာ တိုးတိုးက စပ်ဖြီးဖြီးဖြဲရင်း …



www.burmeseclassic.com

www.burmeseclassic.com



"အဟား ... မင်းတို့နှစ်ယောက်ကို ဘာမှမလုပ်ပါဘူးကွာ၊ ဟိုမှာ ကားတစ်စီး စီစဉ်ထားတယ်၊ သွားလိုရာ သွားကြတော့လို့"

"ကျေးဇူးပါပဲကွာ၊ ကဲ ကဗျာ ... ကိုယ်တို့သွားရအောင်"

"အင်း"

နှစ်ယောက်သား ရပ်ထားသောကားပေါ်ကို ပြေးတက်ကာမောင်း အထွက် ...

'ဂလုံ .. ဂလွမ် .. ဂလက် .. ဂလက်'

ကားနောက်ပိုင်းမှာ ကြိုးနှင့်ချည်ထားသော နို့စည်ခွက်နှင့် ဖိနပ် စုတ်တွေမှ အသံထွက်လာခြင်းဖြစ်သည်။

ဆောင်းသစ်က ထိုအသံတွေကို နားထောင်ရင်း သဘောကျသလို ရယ်လျက် ...

"ကဗျာ ... ကိုယ်ပြောဖူးတယ်မလား၊ အဲဒါ ကိုယ်တို့နှစ်ယောက် အတွက် ရိုးမြေကျပေါင်းရမယ့် လက္ခဏာပဲ"

နွေကဗျာက ရှက်ပြုံးလေးနှင့် ...

"မသိဘူး၊ အဝေးဆုံးကိုသာသွားတော့၊ ကဗျာလည်း အတိတ်ကို မေ့ထားလိုက်ချင်ပြီ၊ ဘာမှမသိချင်တော့ဘူး"

"ကိုယ်လည်း လှပတဲ့ အနာဂတ်ကို သွားနေတာပါ ကဗျာရယ် ... ရော့"

"ဟင် ... ဘာလဲ"

"ပန်းသီးလေ"

"အာ ... ခုချိန်ထိ ပန်းသီးက ပါလာတုန်း"

"ဩော် ကဗျာရယ် ... ပန်းသီးနဲ့စတဲ့ ဇာတ်လမ်းမှာ ပန်းသီးနဲ့ ဆုံးမှ လှပမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ပြုံ်ုငတူရယ်မိကြသည်။ ထိုရယ်သံများကို ကားနောက်ပိုင်းမှာ ဒရွတ်တိုက်ပါလာသောအသံတွေက ညီညီညာညာဖုံးလွှမ်းသွားလေ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့

ဒီအဖြစ်အပျက်တွေဟာ

ပန်းသီးလေးတစ်လုံးကနေ စခဲ့တာပါ...။

ခုလည်း...

ပန်းသီးလေးတစ်လုံးနဲ့ ဆုံးသွားခဲ့တာပါပဲ...။

လေးစားစွာ



၁၃၇၂ ခုနှစ်၊ တပေါင်းလဆုတ် ၅ ရက်

ည ၁၁ နာရီ ၁၀ မိနစ်

www.burmeseclassic.com